# ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ (5-8-2015) (၈၂၈၃)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

## ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပျက်စီးဆုံးရှုံးမှုအမျိုးအစားနှင့် ပမာဏများကို တိကျစွာသိရှိရန်လိုအပ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များ ပေါင်းစပ်ဆောင်ရွက်

စာမျက်နှာ - ၅

## ချောက်မြို့၌ စိုးရိမ်ရေမှတ် ရောက်ရှိနေ

**နေပြည်တော် ဩဂုတ် ၄**

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁၅ စင်တီမီတာ(ပေဝက်ခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

## ရေဘေးသင့်ဒေသများအတွက် အရေးပေါ် ဆန်လိုအပ်ပါက မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်သို့ ဆက်သွယ်နိုင်

**ရန်ကုန် ဩဂုတ် ၄**

မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိရာတွင် စားနပ်ရိက္ခာပြတ်လပ်မှုများကြုံတွေ့နေပြီး အရေးပေါ် ဆန်လိုအပ်မှုများရှိပါက မြန်မာနိုင်ငံ ဆန်စပါးအသင်းသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းမှ သတင်းထုတ်ပြန်ခဲ့သည်။

ရေလွှမ်းမိုးဧရိယာများပြားပြီး စားနပ်ရိက္ခာ လိုအပ်ချက်များရှိနေသောကြောင့် သက်ဆိုင်ရာအပြင် လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများကလည်း ထောက်ပံ့လှူဒါန်းလျက်ရှိရာတွင် ဆန်ဈေးနှုန်းအပါအဝင် အခြေခံစားသောက်ကုန်ဈေးနှုန်းများ အဆမတန် မြင့်တက်သွားခဲ့သည်။ ယင်းကြောင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဆန်ဈေးနှုန်းတည်ငြိမ်ရေးကို ဦးဆောင် ဆောင်ရွက်ပေးနေပြီး ဆန်လိုအပ်ချက်များရှိနေပါက မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ရုံး ဖုန်း-၀၁၂၁၈၂၆၆၊ ၀၁၂၁၈၂၆၇၊ ၀၁၂၁၈၂၆၈ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

"အခု စားသောက်ကုန်ဈေးနှုန်းတွေ တအားတက်သွားတယ်။ ငါးသေတ္တာဘူးတွေဆိုရင် ဝယ်လို့မရတဲ့အပြင် ဈေးတက်ကုန်တယ်။ ဆန်က ဈေးတက်ပေမယ့် အရန်ဆန်ထုတ်ရောင်းမှာရယ် အခု ဆန်စပါးအသင်းချုပ်က လုပ်ပေးတာကြောင့် ဆက်သွယ်လို့ရတယ်။ အခြားစားသောက်ကုန်တွေ ဈေးတက်တယ်။ အားလုံးက လှူဖို့တန်းဖို့ ဝိုင်းဝယ်ကြတော့ ပစ္စည်းတွေပြတ်နေတယ်။ နာဂစ်တုန်းက လိုတော့ မတော်လောဘနဲ့တော့ မလုပ်သင့်ပါဘူး"ဟု ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် စီးပွားရေးတက္ကသိုလ်(ရန်ကုန်) ကျောင်းသားကျောင်းသူဟောင်းများအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။

**စာမျက်နှာ ၅ ကော်လံ ၅ သို့ ❖**

## ညောင်တုန်းမြို့နယ်အား သဘာဝဘေးအန္တရာယ်ကျရောက်ရန် စိုးရိမ်ရသော လိမ္မော်ရောင်အဆင့်သတ်မှတ်ပြီး ရွှေ့ပြောင်းမှုများ ဆောင်ရွက်လျက်ရှိ



**ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ညောင်တုန်းမြို့ ရေဘေးကာကွယ်ရေးတာ မကျိုးပေါက်စေရေး ကြိုတင်ကာကွယ်လျက်ရှိသည်ကို တွေ့ရစဉ်။** ထွန်းကျော်(ညောင်တုန်း)

**နေပြည်တော် ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၏ ဧရာဝတီမြစ်ရေမှာ ယနေ့ နံနက် ၆ နာရီ တိုင်းထွာချက်အရ စိုးရိမ်ရေမှတ်ဖြစ်သော ၂၅ ဒသမ ၅၀ ပေသို့ ရောက်ရှိခဲ့ပြီး ရေဘေးကာကွယ်ရေးတာ၏အထက် ကျော်လွန်ကာ မြို့မြေမျက်နှာပြင်ထက် ပျမ်းမျှ ၅ ပေကျော်သို့ ရောက်ရှိလာခဲ့သည်။

ထို့ကြောင့် ညောင်တုန်းမြို့နယ်အား သဘာဝဘေး အန္တရာယ်ကျရောက်ရန် စိုးရိမ်ရသော လိမ္မော်ရောင်အဆင့် သတ်မှတ်ထုတ်ပြန်၍ မြို့နယ်အတွင်းရှိ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများနှင့် ကလေးများအား အသက်အန္တရာယ် မဖြစ်ပေါ်စေရန်အတွက် သတ်မှတ်ထားသော ကယ်ဆယ်ရေးစခန်းများသို့ စတင်ရွှေ့ပြောင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




**ကြေးမုံ စာတည်းရှုထောင့်** ၅-၈-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# သမ္မာအာဇီဝအသက်မွေးမှု ချမ်းသာ

ယခုကာလအတွင်း ရေကြီးရေလျှံမှုကို အကြောင်းပြု၍ စားသောက်ကုန်များ ဈေးနှုန်းကြီးမြင့်လာသည်ကို ကြားသိနေရပါသည်။ ပုံမှန်အားဖြင့် လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း၊ ကုန်ပစ္စည်းအထွက်လျော့နည်းခြင်းတို့ကြောင့် ကုန်စည်များနည်းပါးလာခြင်းသာ ရှိပေလိမ့်မည်။ ကုန်ပစ္စည်းလျော့နည်းခြင်းနှင့် ကုန်ထုတ်လုပ်မှုစရိတ်ကြီးမြင့်ခြင်းသည် သီးခြားစီဖြစ်မည်။

ကုန်ထုတ်လုပ်မှုစရိတ်မြင့်တက်မှသာ ကုန်စည်တန်ဖိုးမြင့်မားနိုင်သည်။ ကုန်စည်ရှားပါးခြင်းနှင့် ကုန်တန်ဖိုးမြင့်တက်ခြင်းက ဆက်စပ်မှုမရှိချေ။ ရောင်းကုန်မရှိလျှင် ရပ်နားထားခြင်းသာရှိမည်။ သို့သော် ကုန်ပစ္စည်းများရှားပါးလာခြင်းကို အကြောင်းပြု၍ ကုန်ဈေးနှုန်းများမြင့်တက်အောင် တမင်ဖန်တီးခြင်းသည် ဝိသမလောဘ မကောင်းသော အသက်မွေးမှုသာဖြစ်သည်။

မိမိတို့လက်ဝယ်ရှိ ကုန်ပစ္စည်းများမှာ မူလဈေးနှုန်းမှန်အတိုင်းရောင်းချရန် ဝယ်ယူသိုလှောင်ထားသော ပစ္စည်းများဖြစ်သည်။ ထိုအချိန်တွင် မမျှော်လင့်ဘဲ အကြောင်းတစ်ရပ်ဖြစ်ပေါ်လာပြီး ကုန်ပစ္စည်းပြတ်လပ်မှုဖြစ်ပေါ်လာချိန်တွင် မူလဈေးနှုန်းဖြင့် ဝယ်ယူသိုလှောင်ထားသော ကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချလိုက်သောအခါ ထိုသူအတွက် အကျိုးအမြတ်များစွာရသွားသည်။ အချိန်အခါသင့် အကျိုးအမြတ်ဖန်တီးလိုက်ခြင်းသည် မတော်လောဘဖြစ်သည်။ ကိုယ်ကျိုးစီးပွားအတွက် မည်သူ့မျက်နှာမှမထောက်ထားဘဲ အတ္တစီးပွားကို ဖန်တီးလိုက်ခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်လိုက်ခြင်းအတွက် မိမိတွင် အကျိုးဖြစ်ထွန်းသော်လည်း အများပြည်သူတို့မှာ ဈေးနှုန်းကြီးမြင့်သည့်ဒဏ်ကို ကြိတ်မှိတ်ခံကြရသည်။ သူတစ်ပါးဆင်းရဲမှ မိမိချမ်းသာသည့်အမှုသည် ကောင်း၏၊ သင့်၏ ဆိုသည်ကို မည်သူမဆို မှန်းဆကြည့်နိုင်ပါသည်။ သို့သော် ပုထုဇဉ်တို့၏ လောဘ အတောမသတ်နိုင်သောကြောင့် မည်သူသေသေ ငတေမာလျှင်ပြီးရောဆိုသည့်အတိုင်း သိသိနှင့် လုပ်ဆောင်ကြသည်ကို တွေ့ရသည်။

သမ္မာအာဇီဝဖြင့် ဈေးရောင်းခြင်းသည် အလှူပေးခြင်းမည်ပါသည်။ မလှူတတ်လျှင် ဈေးရောင်းဟုပင် ဆိုကြပါသည်။ မိမိ၏ ကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲကြသော အများသူငါတို့ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်ဝပါစေဟူသော စေတနာမှန်ဖြင့် ဈေးရောင်းကြမည်ဆိုလျှင် မွန်မြတ်သည့် အလှူပေးခြင်းမြောက်မည်ဖြစ်သည်။ အလှူကြီးကို သီးသန့်ပေးစရာမလိုဘဲ လုပ်ရင်းကိုင်ရင်း မွန်မြတ်သည့် အလှူဒါနကို အလိုလိုရရှိမည်ဖြစ်သည်။

သူတော်ကောင်းတို့၏ အလှူငါးမျိုးအနက် အလှူပစ္စည်းတို့ကို အချိန်ကာလနှင့်လျော်ညီစွာ လှူဒါန်းခြင်းသည် ကာလဒါနအလှူမြောက်ပါသည်။ မိမိကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း မငြိစွန်းမထိခိုက်စေဘဲ လှူဒါန်းခြင်းမှာ အနုပဟစ္စဒါန မြောက်ပါသည်။ ယင်းအလှူနှစ်မျိုးသည် သမ္မာအာဇီဝဈေးရောင်းခြင်းနှင့်တူပါသည်။ မွန်မြတ်သည့်စိတ်ထားဖြင့် ရောင်းဝယ်ဖောက်ကားလျှင် ကာလဒါန၊ အနုပဟစ္စဒါန မြောက်သည့်အကျိုးထူးများရရှိနိုင်ပါသည်။

အချိန်အခါနှင့်မညီ ရောင်းဝယ်ဖောက်ကားသော လှူဒါန်းမှုပြုသူသည် စည်းစိမ်ဥစ္စာရှိသော်လည်း လိုအပ်သောအချိန်၌ လိုအပ်သောပစ္စည်းတို့ကို မရတတ်ချေ။ မိမိနှင့်သူတစ်ပါးကို ငြိစွန်းထိခိုက်သည့် ရောင်းဝယ်ဖောက်ကား လှူဒါန်းမှုပြုသူသည် စည်းစိမ်ဥစ္စာရှိသော်လည်း ရန်သူမျိုးငါးပါးတို့၏ နှိပ်စက်ဖျက်ဆီးမှုကို ခံရတတ်သည့် အကျိုးများရှိသည်။ ထို့ကြောင့် ယခုအချိန်၌ အကျိုးအမြတ်ရှိသော်လည်း မိမိ၏ လွဲမှားသောဆောင်ရွက်မှုကြောင့် မကောင်းသည့်ဒဏ်ကို ပြန်လည်ခံရတတ်သည်ကို သတိမူဖို့လိုပေမည်။

မျက်မှောက်ကာလတွင် ကုန်ဈေးနှုန်းများ ကြီးမြင့်လာသည့်ဒဏ်ကို လူအများခံစားနေရသည်။ ကုန်ဈေးနှုန်းများသည် အလိုအလျောက်တက်လာသည်မဟုတ်။ သဘာဝကျကျ မြင့်တက်လာခြင်းလည်းမဟုတ်ဘဲ မိမိတို့၏ မတော်လောဘ၊ သမ္မာအာဇီဝမကျသော ဆောင်ရွက်မှုဖြစ်ပါလျှင် လက်ရှိတွင်အများပြည်သူခံစားရသော်လည်း မိမိလည်းနောင်တစ်ချိန် ပြန်လည်ခံစားရနိုင်သဖြင့် ယခုအချိန်ကာလ အများပြည်သူအခက်အခဲဖြစ်နေချိန်တွင် သမ္မာအာဇီဝကောင်းသော အသက်မွေးမှုပြုခြင်းဖြင့် ဒါနကုသိုလ် ယူတတ်နိုင်စေရန် တိုက်တွန်းအပ်ပါသည်။ ။

# ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းနိုင်

**နေပြည်တော် ဩဂုတ် ၄**

မြန်မာနိုင်ငံတစ်ဝန်းလုံး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများစသော သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဘုန်းတော်ကြီးကျောင်းများတွင် သီတင်းသုံးတော်မူသော ရဟန်းသံဃာတော်များအတွက် သင်္ကန်း၊ ထီး၊ ဖိနပ်စသော ရဟန်းအသုံးအဆောင်ပစ္စည်းများ၊ သီလရှင်ကျောင်းများရှိ သီလရှင်များအတွက် သီလရှင်ဝတ်စုံစသော အသုံးအဆောင်များနှင့် အလှူငွေများကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

၁။ ဦးထိန်လင်း
ညွှန်ကြားရေးမှူး(ဦးစီး)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်
ဖုန်း- ၀၆၇-၄၀၆၀၁၄၊ ၀၉-၈၃၀၄၇၉၆
Fax: ၀၆၇-၄၀၆၁၆၂

၂။ ဦးဝင်းနိုင်
ညွှန်ကြားရေးမှူး
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့
ဖုန်း ၀၁-၆၆၁၂၇၅၊ ၀၉-၅၅၅၇၇၇၈
Fax: ၀၁-၆၆၁၄၁၆

၃။ ဦးခင်မောင်ဝင်း
ညွှန်ကြားရေးမှူး
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့
ဖုန်း- ၀၂-၆၁၁၁၃၊ ၀၉-၂၀၀၀၁၀၀
Fax: ၀၂-၆၆၉၀၃

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းမှားယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။



## ဥတုရာသီ တောကိုမို၏

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်း

**ကျောက်တန်း ဩဂုတ် ၄**

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် ရေကြီးရေလျှံ၊ မြေပြိုမှုများ ဖြစ်ပေါ်နေပြီး ပြည်သူများ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့နေကြရသဖြင့် တစ်ဦးချင်းသော် လည်းကောင်း၊ အသင်းအဖွဲ့များ အနေဖြင့်သော်လည်းကောင်း အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလျက်ရှိရာ ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ မေတ္တာသင်္ဂဟ လူငယ်ပရဟိတ သွေးလှူရှင်များအဖွဲ့မှ လူငယ်များက တံတားမြို့တွင်းရှိ စေတနာရှင်၊ အလှူရှင်များထံမှ အလှူခံ၍ ငွေကျပ် ၂၇ သိန်း၊ ဆန် ၈၁ အိတ်၊ ခေါက်ဆွဲခြောက် ၂၅ ဖာ၊ စောင်၊ ခြင်ထောင် ၁၀၀၊ အမျိုးသား အမျိုးသမီးဝတ်အထည်မျိုးစုံ ၁၀၀၀၀၊ ဆေးမျိုးစုံတစ်ဖာ၊ ရေသန့်ဘူး၊ ကော်ဖီမစ်စသည့် ငွေနှင့်ပစ္စည်းများကို ဩဂုတ် ၄ ရက်က ရန်ကုန်မြို့ရှိ ရေဘေးကယ်ဆယ်ရေးအသင်းအဖွဲ့များနှင့် ဆက်သွယ်၍ ရခိုင်ပြည်နယ် မင်းပြားမြို့နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၄**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၁၇၀၀၀ - ၇၁၈၀၀၀ | |
| မန္တလေး | ရွှေဈေး | ၇၁၇၀၀၀ - ၇၁၈၀၀၀ | |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၈၀/၆၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၂၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၂၀/၇၃၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၃၄.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၄၉.၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၉၈.၇၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၅.၁၄၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၁၉.၀၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉.၂၃၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၉၄.၅၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၅.၄၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၉၆.၆၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၉၃.၉၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

ပြည်တွင်းရေးရာ

# စေတနာရှင်ပြည်သူများက လှူဒါန်းသော မီးသတ်ယာဉ်ခြောက်စီး လားရှိုးမြို့နယ်သို့ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၄**

လားရှိုးမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမူနှ်တို့သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လားရှိုးမြို့ရှိ ဇမ္ဗူအေး အေတီတပ်ဦးကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမ အမျှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ ရွှေပြည်အေးဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တနန္ဒိယ အမျှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ သာသနာ(၂၅၀၀)ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကေသရ အမျှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ ၄၁ တပ်ဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသ အမျှူးပြုသော ဆရာတော်၊ သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်း၍ သာဓုအနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ သူနာပြုသားဖွားသင်တန်းကျောင်းခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့တက်ရောက်သည်။

ရှေးဦးစွာ တွဲဖက်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးက ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၏ နောက်ခံသမိုင်းဖြစ်စဉ်အကျဉ်း၊ လက်ရှိ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများအခြေအနေ၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ တိုးချဲ့တည်ဆောက်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက ပြည်ထောင်စုအစိုးရအနေဖြင့် ပြည်သူနှင့် အများဆုံးထိတွေ့ဆက်ဆံဆောင်ရွက်နေရသည့် ပြည်သူ့ဆေးရုံများ၏ အဆောက်အအုံလိုအပ်ချက်၊ ဆေးဝါးနှင့်စက်ပစ္စည်းကိရိယာလိုအပ်ချက်၊ ဝန်ထမ်းအင်အားလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဦးစားပေးဖြည့်ဆည်းပေးလျက်ရှိပါကြောင်း။

ယခုဆိုလျှင် လားရှိုးပြည်သူ့ဆေးရုံကြီး၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၏ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာလိုအပ်ချက်များကိုလည်း အတတ်နိုင်ဆုံး ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ အသစ်တိုးချဲ့တည်ဆောက်ရာတွင် မိမိတို့ရုံး၏ ဧရိယာအကျယ်အဝန်း၊ ပြောင်းလဲဖြစ်ပေါ်တိုးတက်လာမည့်အခြေအနေများနှင့် ကိုက်ညီအောင် ဝိုင်းဝန်းစဉ်းစားပြီး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း လမ်းညွှန်မှာကြားပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။



ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် မြို့တော်ခန်းမ၌ ကျင်းပသည့် လားရှိုးမြို့နယ်သို့ မီးသတ်ယာဉ်ခြောက်စီးပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

ရှေးဦးစွာ တွဲဖက်ပြည်နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ရှမ်းပြည်နယ် လားရှိုးမြို့နယ်မှ မီးသတ်စခန်းများနှင့် မီးသတ်ယာဉ်များ အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက မီးဘေးအန္တရာယ်နှင့် ရေကြီးရေလျှံမှု အန္တရာယ်များအတွက် ကြိုတင်ကာကွယ်ရန်နည်းလမ်းများနှင့် မီးသတ်ယာဉ်များ လှူဒါန်းရခြင်းတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မီးသတ်ယာဉ်များလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ကျင်းပရာ နယူးစတားလိုက်ကုမ္ပဏီမှ ဦးကျော်ကျော်ဝင်းနှင့် ဇနီးတို့က မီးသတ်ယာဉ်များနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကြူထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတသည် တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မီးသတ်ယာဉ်များအား ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယနေ့ပေးအပ်လှူဒါန်းသည့် မီးသတ်ယာဉ်ခြောက်စီးသည် နယူးစတားလိုက်ကုမ္ပဏီနှင့် စေတနာရှင်ပြည်သူများက စုပေါင်းလှူဒါန်းခြင်းဖြစ်ပြီး အဆိုပါမီးသတ်ယာဉ်များအား လားရှိုးမြို့အမှတ်(၃)၊ (၄)၊ (၇)၊ (၈)ရပ်ကွက်များနှင့် ဟိုပိတ်ကျေးရွာ၊ နမ့်ပေါင်ကျေးရွာများသို့ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကင်ညာနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဩဂုတ် ၅**

ဗန်ကောက်မြို့အခြေစိုက်သည့် ကင်ညာနိုင်ငံသံအမတ်ကြီး မစ္စတာ ပက်ထရစ်ခ် ဆီမိယု ဝါမိုတိုအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကင်ညာနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် ကင်ညာသမ္မတနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ သဘောတူပြီးဖြစ်သည်။

မစ္စတာ ပက်ထရစ်ခ်ဆီမိယု ဝါမိုတိုအား ၁၉၆၁ ခုနှစ် ဇန်နဝါရီလတွင် မွေးဖွားခဲ့သည်။ နိုင်ရိုဘီတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဆိုင်ရာဘွဲ့ကို အထူးအောင် အထက်တန်းအဆင့်-၂ဖြင့် အောင်မြင်ခဲ့ပြီးနောက် အင်္ဂလန်နိုင်ငံ အောက်စ်ဖို့ဒ်တက္ကသိုလ်မှ သံတမန်ရေးရာ ဒီပလိုမာဘွဲ့ကို လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ နိုင်ငံတကာဆက်ဆံရေးတက္ကသိုလ်မှ နိုင်ငံအများနှင့် သံတမန်ဆက်ဆံရေးဒီပလိုမာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် လက်ထောက်အတွင်းဝန်-၃ အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီးနောက် နိုင်ငံရေးနှင့် သံတမန်ရေးရာ အတွင်းဝန်အဆင့်သို့ ရာထူးတိုးမြှင့်ခြင်းခံခဲ့ရသည်။ ၎င်းသည် ကင်ညာနိုင်ငံ ဌာနချုပ်များနှင့် နိုင်ငံခြားအဖွဲ့ရုံးများတွင် အမြဲတမ်းအတွင်းဝန်၊ ပထမအတွင်းဝန်၊ ဒုတိယအကြီးအကဲနှင့် ညွှန်ကြားရေးမှူးစသည့် ရာထူးတာဝန်အသီးသီးဖြင့် ထမ်းဆောင်ခဲ့သည်။ ကင်ညာနိုင်ငံကိုယ်စားလှယ်အဖြစ် နိုင်ငံတကာအစည်းအဝေးများနှင့် တွေ့ဆုံဆွေးနွေးပွဲများသို့ ပါဝင်တက်ရောက်ခဲ့သည်။ ၂၀၁၀ခုနှစ် ဒီဇင်ဘာလတွင် ကင်ညာနိုင်ငံသမ္မတက ၎င်းအား ကင်ညာနိုင်ငံသံတမန်ဆက်ဆံရေး၏ စံပြုထိုက်သူ The Order of the Burning Spear, 2nd Class (Elder of the Burning Spear-EBS) ဘွဲ့ကို ပေးအပ်ခဲ့သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး သုံးဦးရှိသည်။ ၂၀၁၃ ခုနှစ် မေလတွင် တောင်အာဖရိကနိုင်ငံဆိုင်ရာမဟာမင်းကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီး လီဆိုသိုဘုရင်နိုင်ငံနှင့် ဆွာဇီလန်နိုင်ငံတို့တွင် ပူးတွဲသံအမတ်ကြီးအဖြစ်ခန့်အပ်ခြင်းခံခဲ့ရသည်။

ဗန်ကောက်မြို့အခြေစိုက်သည့် ကင်ညာနိုင်ငံသံအမတ်ကြီး မစ္စတာ ပက်ထရစ်ခ်ဆီမိယုဝါမိုတိုသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကင်ညာနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

**(သတင်းစဉ်)**

## စင်ကာပူနိုင်ငံအခြေစိုက် ခရီးသွားလုပ်ငန်းမဂ္ဂဇင်း TTG Travel Trade Publishing က ရွေးချယ်သည့် ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးခရီးစဉ်ဒေသဆုအား မြန်မာနိုင်ငံမှ ဆွတ်ခူးရရှိ

စင်ကာပူနိုင်ငံအခြေစိုက် ခရီးသွားလုပ်ငန်းမဂ္ဂဇင်း TTG Travel Trade Publishing က ရွေးချယ်သည့် ၂၀၁၅ အကောင်းဆုံးခရီးစဉ်ဒေသဆုကို မြန်မာနိုင်ငံအား ရွေးချယ်အပ်နှင်းခဲ့ကြောင်း သတင်းရရှိသည်။ အဆိုပါဆုအား ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် 26th Annual TTG Travel Awards 2015 အခမ်းအနားတွင် ပေးအပ်သွားမည်ဟု သိရသည်။




TTG Annual Travel Awards ဆုများကို ၁၉၈၉ ခုနှစ်က စတင်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး နှစ်စဉ်ခရီးသွားလုပ်ငန်းဆိုင်ရာ ဆုများကို အမျိုးအစား လေးမျိုးခွဲကာ ပေးအပ်လျက်ရှိသည်။ ယခုနှစ်အတွက် Outstanding Achievement Awards အမျိုးအစား၌ Destination of the Year ဆုအား မြန်မာနိုင်ငံက ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် မြှင့်တင်ရေးလုပ်ငန်းများတွင် အကောင်းမွန်ဆုံးဆောင်ရွက်ခဲ့သည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ခြင်းကြောင့် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

TTG Travel Awards ဆုများကို အာရှနှင့် ပစိဖိတ်ဒေသများမှ ခရီးသွားလုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်အမြင့်ဆုံး အဖွဲ့အစည်းများနှင့် နိုင်ငံများအား ပေးအပ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❒




စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်း အခြေအနေ ကောင်းကင်ဓာတ်ပုံ။




၂၀၁၅ ခုနှစ် ဇူလိုင် ၂၂ ရက်က ရွှေဘိုမြို့နယ်အတွင်းသို့ ရေဝင်ရောက်မှုအခြေအနေ ကောင်းကင်ဓာတ်ပုံ။




သဖန်းဆိပ်ရေလှောင်တမံအခြေအနေ
ကောင်းကင်ဓာတ်ပုံ။




၂၀၁၅ ခုနှစ် ဇူလိုင် ၂၂ ရက်က သဖန်းဆိပ်ရေလှောင်တမံမှ
ရေကျော်လွန်မှုနှင့် ပတ်ဝန်းကျင်ဒေသများတွင်
ရေဝင်ရောက်မှုအခြေအနေ ကောင်းကင်ဓာတ်ပုံ။

## ရေဘေးသင့်ဒေသများသို့ အစားအသောက်၊ ဆေးဝါး၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ လေကြောင်းဖြင့် ပို့ဆောင်

**နေပြည်တော် သြဂုတ် ၄**

မြန်မာနိုင်ငံတစ်ဝန်းတွင် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှု စသည့်သဘာဝဘေးအန္တရာယ်များကျရောက်ခဲ့မှုအပေါ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်စီမံမှုဖြင့် အစားအသောက်၊ ဆေးဝါးနှင့် ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ ယနေ့တွင် လေယာဉ် ၁၄ ခေါက်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ ပို့ဆောင်ရာတွင် ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေ Y-8 လေယာဉ်ဖြင့် သုံးခေါက်၊ ကလေးလေဆိပ်သို့ ကမ္ဘောဇလေကြောင်းလိုင်းလေယာဉ်ဖြင့် နှစ်ခေါက်၊ ရွှေမြန်မာလေကြောင်းလိုင်းလေယာဉ်ဖြင့် နှစ်ခေါက်၊ မြန်မာအမျိုးသားလေကြောင်းလိုင်းလေယာဉ်ဖြင့် သုံးခေါက်၊ တပ်မတော်လေယာဉ် Y-8 ဖြင့် နှစ်ခေါက်၊ တပ်မတော်လေယာဉ် ATR ဖြင့် နှစ်ခေါက် စုစုပေါင်း ၁၄ ခေါက် ပို့ဆောင်ပေးခဲ့ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## အိန္ဒိယ၊ ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့တွင် ရေကြီးရေလျှမ်းမှုများ ဖြစ်ပေါ်

**တိုကျို သြဂုတ် ၄**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလွှမ်းမိုးမှုများဖြစ်ပွားကာ အာရှနိုင်ငံများတွင် လူရာပေါင်းများစွာ အသက်ဆုံးရှုံးခဲ့သည်။ အိန္ဒိယနိုင်ငံအရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် ဇူလိုင်လနှောင်းပိုင်းကတည်းက မိုးအဆက်မပြတ်ရွာသွန်းနေခဲ့သည်။ အိန္ဒိယတာဝန်ရှိသူများက လူ ၂၀၀ ခန့်သေဆုံးပြီး ၁၀ သန်းခန့် ရေဘေးဒုက္ခခံစားခဲ့ရသည်ဟု ပြောကြားသည်။ အင်္ဂါနေ့က အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရာရှတရပြည်နယ်တွင် လေးထပ်အဆောက်အအုံတစ်လုံးပြိုကျမှုကြောင့် လူ ၁၂ ဦး သေဆုံးခဲ့သည်။ ဒေသခံရဲတပ်ဖွဲ့က အဆိုပါအဆောက်အအုံမှာ နေ့စဉ်ရက်ဆက် သဲကြီးမဲကြီးရွာသွန်းသည့် မိုးကြောင့် ပြိုကျခြင်းဖြစ်သည်ဟု ပြောကြားသည်။

အိန္ဒိယ၏ အိမ်နီးချင်း ပါကစ္စတန်နိုင်ငံတွင်လည်း လွန်ခဲ့သည့်လကတည်းက မိုးသည်းထန်စွာရွာသွန်းလျက်ရှိသည်။ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် လူ ၁၁၈ ဦး သေဆုံးခဲ့ကြောင်းနှင့် လူ ၈၀၀၀၀၀ ကျော် အိုးအိမ်များစွန့်ခွာခဲ့ရသည်ဟု ပါကစ္စတန် တာဝန်ရှိသူများက တနင်္လာနေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံ ရှန်ရှီးပြည်နယ် ရှီအန်းမြို့စွန်တွင် မြစ်ရေလျှံမှုကြောင့် ကမ္ဘာ့လှည့် ခရီးသည်များအပါအဝင် လူကိုးဦး ရေစီးနှင့်မျောပါသွားခဲ့ကြောင်း နိုင်ငံပိုင် ရုပ်သံသတင်းဌာနက တနင်္လာနေ့တွင် ထုတ်ပြန်ကြေညာသည်။ ၎င်းတို့အနက် ခြောက်ဦး သေဆုံးကြောင်းအတည်ပြုထားပြီး သုံးဦးပျောက်ဆုံးလျက်ရှိသည်။

အင်န်အိတ်ချ်ကေ။



ပါကစ္စတန်နိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံမှုဒဏ်ခံရသည့် လာဟိုးမြို့ကို တွေ့ရစဉ်။

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပျက်စီးဆုံးရှုံးမှုအမျိုးအစားနှင့် ပမာဏများကို တိကျစွာသိရှိရန်လိုအပ်

**နေပြည်တော် ဩဂုတ် ၄**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဒုတိယသမ္မတဦးစီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ရှေးဦးစွာ ဒုတိယသမ္မတက ရှာဖွေကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာလုပ်ငန်းများ အလိုက်ဆပ်ကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာ ဆပ်ကော်မတီအသီးသီးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကိုလည်း အသေးစိတ်သတ်မှတ်ပေးထားပြီးဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပျက်စီးဆုံးရှုံးမှုအမျိုးအစားနှင့် ပမာဏများကို တိကျစွာသိရှိရန်လိုအပ်ပါကြောင်း၊ သို့မှသာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ပစ္စည်းနှင့်ငွေကြေးလိုအပ်ချက်များကို တိကျစွာသိရှိနိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဆပ်ကော်မတီများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့သည်။

**(သတင်းစဉ်)**






# ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် မလေးရှားနိုင်ငံအခြေစိုက် ပက်ထရိုနပ်စ်ကုမ္ပဏီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာ ဒါတို့ဝန်ဇူကစ်လီ ဘင်ဝန်အာဖရင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်း၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စွမ်းအင်ကဏ္ဍ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ဦးအောင်ထူးတို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် မစ္စတာ ဒါတို့ဝန်ဇူကစ်လီဘင်ဝန်အာဖရင်က ဒုတိယသမ္မတ ဦးညဏ်ထွန်းထံ မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာ တစ်သိန်းခွဲပေးအပ်လှူဒါန်းသည်။ **(ဝဲပုံ) (သတင်းစဉ်)**

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရေဘေးအန္တရာယ်ကျရောက်သောဒေသများတွင် ကူညီထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စီမံဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၄**

မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်နယ်/တိုင်းဒေသကြီးများတွင် ၂၀၁၅ ခုနှစ် ဇွန်နှင့် ဇူလိုင်လများတွင် လေပြင်းများ တိုက်ခတ်မှု၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်းများစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ ဦးဆောင်သောအဖွဲ့များက ရေကြီးနစ်မြုပ်ရာ ဒေသများသို့ သွားရောက်ကာ လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး အဆောက်အအုံများ၊ လယ်ယာမြေများ၏ ပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူခြင်းနှင့် အရေးပေါ်ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရေဘေးသင့်ဒေသများဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးများရှိ ရေဘေးသင့်ပြည်သူများအတွက် လတ်တလော လိုအပ်သည့် ဆန်အိတ် ၂၉၃၀၊ စားဆီ ၁၇ ပီပါ၊ ပဲအိတ် ၁၂၀၊ ကယ်ဆယ်ရေးပစ္စည်း အစုံ ၄၂၀၀၊ ဆိုလာမီးအိမ်အစုံ ၇၀၀၊ Family Kit အစုံ ၁၀၀၀၊ စောင် အထည် ၄၅၀၀၊ ခြင်ထောင် ၄၀၀၀၊ ရေသန့်စက် ၁၀ လုံး၊ Chain Saw ၁၉ စုံ၊ ဆပ်ပြာ၊ သွားတိုက်တံ၊ သွားတိုက်ဆေးအစုံ ၅၀၀၀ အပြင် ဆေးဝါး၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်၊ စာသင်ခုံ၊ ခေါက်ဆွဲခြောက်၊ ရေသန့်ဘူးစသည့် ထောက်ပံ့ပစ္စည်းများနှင့် ငွေသားထောက်ပံ့မှု ၁၁၈ သိန်းတို့အား တာဝန်ရှိသူ အသီးသီးက တပ်မတော် အထူးလေယာဉ်များဖြင့်လည်းကောင်း၊ တပ်မတော်ရဟတ်ယာဉ်များဖြင့်လည်းကောင်း ပို့ဆောင်ပေးခဲ့ပြီး လတ်တလောသွားရောက်ရန် ခက်ခဲသည့် ရေဘေးသင့်ဒေသများသို့လည်း တပ်မတော်ရဟတ်ယာဉ်များဖြင့် ဆက်လက်ဖြန့်ဝေပေးလျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများ၏ သားသမီးများအနေဖြင့် မုံရွာမြို့ တက္ကသိုလ်၊ ကောလိပ်များတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ၏ စားဝတ်နေရေး အခက်အခဲများ ပြေလည်စေရေးအတွက် မုံရွာတက္ကသိုလ်တွင် တက်ရောက်နေသော ကျောင်းသား ကျောင်းသူ ၅၆ ဦး၊ မုံရွာစီးပွားရေးတက္ကသိုလ်တွင် တက်ရောက်နေသော ကျောင်းသား ကျောင်းသူ ၇၇ ဦးနှင့် မုံရွာပညာရေးကောလိပ်တွင် တက်ရောက်နေသော ကျောင်းသား ကျောင်းသူ ၁၂၁ ဦး စုစုပေါင်း ၂၅၄ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၅၄ သိန်းအား နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဩဂုတ် ၃ ရက်တွင် ကျောင်းသား ကျောင်းသူများထံသို့ လက်ရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

ရေဘေးသင့်ပြည်သူများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ယနေ့အချိန်အထိ ထောက်ပံ့ပေးမှု တန်ဖိုးစုစုပေါင်းမှာ ငွေကျပ် ၉၃၄ ဒသမ ၅၇ သိန်း ဖြစ်သည်။

ရခိုင်ပြည်နယ် ရေဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် လမ်းတံတား၊ လူနေအိမ်၊ စိုက်ပျိုးမြေ၊ စာသင်ကျောင်းနှင့် သာသနာရေးဆိုင်ရာ အဆောက်အအုံများကို မူလအခြေအနေသို့ ဆောလျင်စွာပြန်လည်ရောက်ရှိစေရေးအတွက် ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်တည်ဆောက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းထားရှိပြီး လုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းကော်မတီများ ဖွဲ့စည်း၍ နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေမှ ငွေကျပ် ၃ ဒသမ ၂၁၆ ဘီလီယံကျခံသုံးစွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍လည်း သဘာဝဘေးသင့်ဒေသများတွင် ပျက်စီးခဲ့သည့် လမ်းတံတား၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးစသည့် အခြေခံ အဆောက်အအုံများကို ဒေသအလိုက် တာဝန်ရှိသူများက ကွင်းဆင်းစိစစ်၍ မူလအခြေအနေသို့ ဆောလျင်စွာ ပြန်လည်ရောက်ရှိနိုင်စေရေးအတွက် အစီအမံများချမှတ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ **ရှေ့ဖုံးမှ**

နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများကြောင့် ဆန်ပြတ်လပ်မှုများ မဖြစ်ပေါ်စေရန် ပြည်ပသို့ ဆန်တင်ပို့မှုကိုလည်း ရပ်ဆိုင်းလိုက်ပြီး ဆန်စျေးနှုန်းတည်ငြိမ်မှုရှိစေရန်နှင့် ဆန်ပြတ်လပ်မှုမရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လက်ရှိ ရေကြီးရေလျှံမှုများအပြင် ရေကျပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စားနပ်ရိက္ခာ လိုအပ်မှု၊ မျိုးစပါးများလိုအပ်မှုနှင့် သွင်းအားစုများလိုအပ်မှုအပြင် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးကဏ္ဍအသီးသီးတို့တွင် လိုအပ်မှုများစွာရှိနိုင်ရာ သဘာဝဘေးဒဏ်ခံဒေသများ ပြန်လည်ထူထောင်ရပ်တည်နိုင်ရန်မှာ လိုအပ်ချက်များစွာ ရှိနေကြောင်း သိရသည်။

**(ဝဝ၁)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်မှု ကြည့်ရှု

**သာယာဝတီ ဩဂုတ် ၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးညဏ်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်အတွင်း ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို လှည့်လည်ကြည့်ရှုသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဧရာဝတီမြစ်ရေဝင်ရောက်သော မင်းလှမြို့နယ် ဘုရားငူအုပ်စု သရက်ကုန်းကျေးရွာမှ အိမ်ထောင်စုဝင်များအား တွေ့ဆုံ၍ လိုအပ်ချက်များကိုမေးမြန်းပြီး တာဝန်ရှိသူများနှင့်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မိုးညိုမြို့သို့ ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ထိရောက်စွာကြိုတင်ဆောင်ရွက်နိုင်ရေး မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ လူမှုကူညီရေးအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်ကြုံတွေ့နိုင်သည့် ဒေသများသို့ လာရောက်အကူအညီပေးကြသည့် လူမှုကူညီရေးအဖွဲ့ဝင်များအား ကျေးဇူးတင်ရှိပါကြောင်း၊ မိုးညိုမြို့နယ်အတွင်း ရေဘေးဒုက္ခကြုံတွေ့စေနိုင်သည့် ဧရာဝတီတာမကျိုးပေါက်စေရေး၊ ရေမကျော်စေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်ပါကြောင်း။

ဧရာဝတီမြစ်ရေအခြေအနေနှင့် မိုးရွာသွန်းမှုအပေါ်မူတည်၍ တာပေါ်ရေမကျော်ရေး၊ တာမကျိုးပေါက်စေရေးအတွက် ကြိုတင်စီမံဆောင်ရွက်ရန်လိုကြောင်း၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ တပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံမဟုတ်သည့် လူမှုကူညီရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်နေမှုကို တွေ့ရှိရသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌတို့က ဧရာဝတီတာ၏အခြေအနေ၊ တာတမံတစ်လျှောက် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။



ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မိုးညို-ထိန်တော လမ်းဘေးရှိ ဧရာဝတီတာတမံတစ်လျှောက် ရေကင်းတဲများထားရှိမှု၊ ရေကျော်နိုင်သည့် နေရာများတွင် တာတမံခိုင်ခံ့စေရေး သဲအိတ်၊ မြေအိတ်များထားရှိမှုနှင့် ဧရာဝတီမြစ်ရေဝင်ရောက်မှုအခြေအနေတို့ကိုကြည့်ရှုပြီး ရေကင်းစောင့်သူများနှင့် တာတမံခိုင်ခံ့မှုရှိရေး ဆောင်ရွက်နေကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကားပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြစ်ရေအခြေအနေနှင့် မိုးရွာသွန်းမှုတို့ကို အချိန်နှင့်တစ်ပြေးညီ သုံးသပ်တွက်ချက်၍ တာမကျိုးပေါက်စေရေး၊ တာရေမကျော်ရေးအတွက် အလေးထားဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။ **(သတင်းစဉ်)**

# ငြိမ်းချမ်းရေးကိစ္စရပ်များ ခိုင်ခိုင်မာမာနှင့် ရှေ့ဆက်တိုးလုပ်ဆောင်နိုင်မည်ဟု ယုံကြည်

**နေပြည်တော် ဩဂုတ် ၄**

တစ်ဦးနှင့်တစ်ဦး မကြာခဏထိတွေ့ပြောဆိုခြင်းဖြင့် တစ်ယောက်သဘောတစ်ယောက်သိပြီး ယုံကြည်မှုပိုမိုရရှိသည်ကို နှစ်ဦးနှစ်ဖက်လက်ခံထားပြီးဖြစ်ကြောင်း၊ ယင်းသို့တွေ့ဆုံ၍ အမြင်ချင်းဖလှယ်နိုင်ခြင်းအားဖြင့် ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးကိစ္စရပ်များ ခိုင်ခိုင်မာမာနှင့်ရှေ့ဆက်တိုးလုပ်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်းနှင့် မိမိအနေဖြင့် ငြိမ်းချမ်းရေးအောင်မြင်ရမည်ဟု ယုံကြည်ထားပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်ကို လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ လေးဖွဲ့အား တွေ့ဆုံရာ၌ ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ကရင်အမျိုးသားအစည်းအရုံး(KNU)ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် အဖွဲ့ဝင်များ၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(ငြိမ်းချမ်းရေးကောင်စီ)KNU/ KNLA(PC) မှ စောရင်နုနှင့် အဖွဲ့ဝင်များ၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(KKO) မှ စောမူရှေးနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော်(RCSS/SSA)မှ စိုင်းလနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် အမှန်တကယ်ငြိမ်းချမ်းရေးလိုလားပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းမှသာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်နိုင်မည်ဟု ခိုင်ခိုင်မာမာ ရပ်တည်ပြောဆိုခဲ့ကြောင်း၊ ယခုသွားနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို အားလုံးက လက်ခံပြီးဖြစ်ကြောင်း၊ မိမိသဘောဆန္ဒနှင့်မကိုက်ညီသည့် နိုင်ငံရေးအရလိုအပ်ချက်များ ရှိကောင်းရှိနိုင်သော်လည်း ညှိနှိုင်းဆွေးနွေးခြင်းဖြင့် အဖြေရှာသွားရန် လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဖြစ်သင့်ဖြစ်ထိုက်သည့် နိုင်ငံ၏ရှေ့ရေးပေါ်တွင် မူတည်၍ ရပ်တည်နေခြင်းဖြစ်ပြီး အမြတ်ထုတ်ရန်မရှိပါကြောင်း၊ နိုင်ငံ၏ရှေ့ရေးကို ကြည့်ရာတွင်လည်း အိမ်နီးချင်းနိုင်ငံများ၊ အခြားနိုင်ငံများနှင့်ယှဉ်ပြီး ကြည့်ရန်လိုကြောင်း၊ မိမိနိုင်ငံသမိုင်းကြောင်းနှင့် တည်ရှိမှုအနေအထားအပေါ်မူတည်ပြီး နိုင်ငံတကာနှင့် ချိန်ထိုး၍ တိုးတက်အောင် ခံယူလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ယခုတွေ့ဆုံမှုသည် Step တစ်ခုအတွက် ခိုင်မာသည့်ခြေလှမ်းတစ်ခုရမည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏သဘောထားသည် နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံးပါဝင်သည့် နိုင်ငံတော်၏အကျိုးကို ဆောင်ရွက်နေခြင်းဖြစ်ပြီး တိုင်းရင်းသားငယ်၊ တိုင်းရင်းသားကြီး၊ လူများစု၊ လူနည်းစု၊ ဆင်းရဲချမ်းသာ လူနေမှုအဆင့်အတန်းမြင့်မားမှု၊ အားနည်းမှု စသည့်ခွဲခြားမှုများလုံးဝမရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးက ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမြတ်မထုတ်ကြဘဲ ပူးပေါင်းဆောင်ရွက်လာခဲ့ခြင်းကြောင့် ရှေ့ဆက်ပြီး ငြိမ်းချမ်းရေးကိုဖော်ဆောင်မည့်လမ်းကြောင်း ဖြောင့်ဖြူးနေပါကြောင်း၊ မိမိတို့အားလုံးမှန်ကန်သည့်လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေသည်ကို ရဲရဲပြောနိုင်ကြောင်း၊ KNU ၏သဘောထားမှာ NCA လက်မှတ်ထိုးပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများဖြင့် ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိအောင်ကြိုးစားသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။



ထို့နောက် KNU မှ အတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စောတာဒိုမူး၊ ဥက္ကဋ္ဌ၏ နိုင်ငံရေးနှင့်စစ်ရေးအကြံပေး စောထူးထူးလေး၊ KNU/KNLA(PC) အဖွဲ့မှ စောရင်နု၊ KKO အဖွဲ့မှ စောမူရှေး၊ RCSS/SSA အဖွဲ့မှ စိုင်းလတို့က တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးညှိနှိုင်းဆဲဖြစ်သည့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းလုပ်ငန်းစဉ်၊ ပြည်ထောင်စုလွှတ်တော်သို့အတည်ပြုခြင်းနှင့် သဘာဝသယံဇာတများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးအဖွဲ့ (EITI) လုပ်ငန်းစဉ်များ၊ နိုင်ငံရေးအာမခံချက်၊ စစ်ရေးအာမခံချက်နှင့်လူမှုရေးအာမခံချက်ဆိုင်ရာများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲစတင်ရေးဆိုင်ရာ အချိန်ဇယားတို့အားဆွေးနွေးတင်ပြကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်တို့က လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖြည့်စွက်ဆွေးနွေးရာတွင် နိုင်ငံရေးအာမခံချက်နှင့် ပတ်သက်၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းဖြင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို လျှောက်လှမ်းနေချိန်တွင် အဓိကမှာ တိုင်းရင်းသားအားလုံး ညီညီညွတ်ညွတ်ဖြင့် တိုင်းပြည်တိုးတက်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ တိုင်းရင်းသားများအကြား လုံးဝခွဲခြားမှုမရှိ၍ နိုင်ငံရေးအာမခံချက်ပေးလို့ရသည်ဟု ပြောနိုင်ကြောင်း၊ စစ်ရေးအာမခံချက်နှင့် ပတ်သက်၍ အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးသည့်အဖွဲ့များနှင့် ပတ်သက်ပြီး အာမခံနိုင်ကြောင်း၊ လက်မှတ်မထိုးသေးသည့် ကျန်ရှိအဖွဲ့များအနေဖြင့်လည်း တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒပါအချက်များကို အလေးထားလိုက်နာပါက ပြဿနာမရှိနိုင်ကြောင်း၊ ယင်းအဖွဲ့အစည်းများ မှန်ကန်စွာရပ်တည်နေထိုင်မှုအပေါ်တွင်သာ မူတည်ကြောင်း၊ လူမှုရေးအာမခံချက်ဖြစ်သည့် စားဝတ်နေရေးကိစ္စ၊ စီးပွားရေးကိစ္စများသည်လည်း မဖြစ်မနေလုပ်ဆောင်ပေးရမည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ အဓိကမှာ ယုံယုံကြည်ကြည်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးစာချုပ်လက်မှတ်ရေးထိုးခြင်းနှင့်ပတ်သက်၍ ယုံကြည်မှု၊ ရိုးသားမှု၊ ကတိတည်မှု စသည့်အချက်သုံးချက်မှာ အရေးကြီးပါကြောင်း၊ အမှန်တကယ်ရိုးရိုးသားသားနှင့် ငြိမ်းချမ်းအောင်လုပ်ဆောင်ပါက လက်မှတ်ရေးထိုးသွားမည် ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အကောင်းဆုံးဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**(မြဝတီ)**

## သဘာဝဘေးအန္တရာယ်ကြိုတင်အသိပေးနိုင်ရေး အခမဲ့ SMS ဝန်ဆောင်မှုပေးပို့ဆောင်ရွက်နေကြောင်း သတင်းထုတ်ပြန်ချက်

**နေပြည်တော် ဩဂုတ် ၄**

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်သူများသတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရေး အရေးပေါ်တယ်လီဖုန်းအမှတ် ၁၈၈၃ မှတစ်ဆင့် ထုတ်ပြန်ဖြေကြားပေးလျက်ရှိပါသည်။ ယခုအခါ သဘာဝဘေးအန္တရာယ်သတင်းအချက်အလက်များအား ပြည်သူများ အချိန်နှင့်တစ်ပြေးညီ ပိုမိုကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး SMS ဖြင့် သဘာဝဘေးအန္တရာယ်ကြိုတင်အသိပေးချက် အခမဲ့ဝန်ဆောင်မှုကို MPT ၊ တယ်လီနောနှင့် အော်ရီဒူး လက်ကိုင်ဖုန်းများမှတစ်ဆင့် ဩဂုတ် ၄ ရက် မွန်းလွဲပိုင်းမှ စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

အသေးစိတ်သတင်းအချက်အလက်များရရှိလိုပါက Call Center ၁၈၈၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်ပြည်သူလူထုများသို့ အသိပေးကြေညာခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်ပြည်သူလူထုများသို့ အသိပေးကြေညာခြင်း**
**၂၀၁၅ ခုနှစ် ဩဂုတ်လ ၄ ရက်**

၁။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်လများအတွင်း မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ စသည့်သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီး အချို့သောမဲဆန္ဒရှင်ပြည်သူများ၌ ပစ္စည်းဥစ္စာများဆုံးရှုံးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်းများ ပျက်စီး/ပျောက်ဆုံးခြင်းများရှိကြောင်း ကြားသိရပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် တစ်နိုင်ငံလုံး၏အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုရရှိထားပြီးဖြစ်၍ မဲပေးပိုင်ခွင့်ရှိသူများ၏အမည်စာရင်းများမှန်ကန်ရေး ဆောင်ရွက်လျက်ရှိပါသည်။ အတည်ပြုမဲစာရင်းများကို ဩဂုတ်လကုန်ပိုင်းခန့်တွင် ကြိုတင်အသိပေးထုတ်ပြန်ကြေညာပေးမည်ဖြစ်ရာ မဲဆန္ဒရှင်များအနေဖြင့် သတ်မှတ်ထားသည့် (၁၄)ရက်အတွင်း ပုံစံ(၃)ဖြင့် မဲစာရင်းတွင်အမည်ထည့်သွင်းပေးရန်တောင်းဆိုခြင်း၊ ပုံစံ(၄)ဖြင့် မဲစာရင်းနှင့်စပ်လျဉ်းသော ကန့်ကွက်လွှာတင်သွင်းခြင်း၊ ပုံစံ(၄-က)ဖြင့် မဲစာရင်းနှင့်စပ်လျဉ်းသော ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို လုပ်ဆောင်နိုင်ခွင့်ရှိနေပါသည်။

၃။ ထို့အပြင် မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရန်နှင့် မဲရုံသို့လာရောက်ဆန္ဒမဲပေးရာတွင် လွယ်ကူစေရန်အလို့ငှာ မဲဆန္ဒရှင် သက်သေခံလက်မှတ်များကို မဲဆန္ဒရှင်များသို့ ရွေးကောက်ပွဲနေ့ရက်မတိုင်မီ တစ်ပတ်ခန့်အလိုတွင်ထုတ်ပေးရန် စီစဉ်ဆောင်ရွက်ထားပါသည်။ မဲဆန္ဒရှင်များအနေဖြင့် မှတ်ပုံတင်ကတ်ပြား၊ အိမ်ထောင်စုစာရင်းများ ပျောက်ဆုံးသော်လည်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများထံမှ မဲဆန္ဒရှင်သက်သေခံလက်မှတ်များထုတ်ယူပြီး ဆန္ဒမဲပေးနိုင်ကြမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်းများ ပျက်စီး/ပျောက်ဆုံးသွားသော်လည်း ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး စီစဉ်ဆောင်ရွက်ထားပါကြောင်းနှင့် မဲဆန္ဒရှင်ပြည်သူလူထုအနေဖြင့် ဥပဒေနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၄**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဩဂုတ် ၄ ရက်တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ၁၀၆ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၅၅ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၁၄ ဦးနှင့်တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၃ ဦးတို့ တင်သွင်းခဲ့သည်။

ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၄ ရက်အထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၆၄ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၂၈၃ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၁၆၁ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ၆၅ ဦး စုစုပေါင်း ၂၀၇၃ ဦးရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၅၆ ပါတီနှင့်တစ်သီးပုဂ္ဂလ ၆၇ဦးတို့မှ အမည်စာရင်းတင်သွင်းခဲ့ကြကြောင်း သိရသည်။ အမည်စာရင်းတင်သွင်းမှုအသေးစိတ်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မစ္စရန်ဟီလီ အင်းစိန်အကျဉ်းထောင်သို့ သွားရောက်လေ့လာ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးနှင့်သက်ဆိုင်သည့်အဖွဲ့ များနှင့်တွေ့ ဆုံ

**ရန်ကုန် ဩဂုတ် ၄**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီသည် ယနေ့နံနက်ပိုင်းတွင် အင်းစိန်အကျဉ်းထောင်သို့ သွားရောက်လေ့လာခဲ့သည်။

မစ္စ ရန်ဟီလီသည် အင်းစိန်အကျဉ်းထောင်မှ တာဝန်ရှိသူများအပြင် ယင်းထောင်တွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား အကျဉ်းသူများနှင့်လည်း တွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းခဲ့သည်။

ဆက်လက်၍ မစ္စ ရန်ဟီလီသည် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ ခေါင်းဆောင်သည့်အဖွဲ့အား ယင်းအဖွဲ့တည်ရှိရာ အမှတ်(၂၇) ပြည်လမ်း လှိုင်မြို့နယ်၌ သွားရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံလူ့အခွင့်အရေးနှင့်ပတ်သက်သည့်ကိစ္စများကို ဆွေးနွေးခဲ့သည်။**(အပေါ်ပုံ)**

ထို့နောက် မစ္စ ရန်ဟီလီသည် ညနေပိုင်းတွင် ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ မြန်မာငြိမ်းချမ်းရေးစင်တာ ( MPC) သို့ သွားရောက်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ နည်းပညာအကြံပေးအထောက်အကူပြုအဖွဲ့နှင့်တွေ့ဆုံ၍ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တောင်သူလယ်သမားအင်အားစုပါတီအား နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၄၂/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်

(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

**ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီအား**
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ နန်းတော်ရာရပ်ကွက် နန်းတော်ကုန်း (၁) လမ်း၊ အမှတ် (၄၇၈) တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ**အား ၂၀၁၅ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၉၉) ဖြစ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ မေးမြန်းနိုင်

**ရန်ကုန် ဩဂုတ် ၄**

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဗဟုသုတများ ပြည်သူများကြားလိုက်နာမှုအားနည်းခြင်းတို့ကြောင့် မလိုလားအပ်သော ကျန်းမာရေးနှင့်လူမှုရေးဆိုင်ရာ ပြဿနာများကို ရင်ဆိုင်ကြုံတွေ့ရမှုမဖြစ်ရလေအောင် မျိုးဆက်ပွားကျန်းမာရေးနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို အမျိုးသားများအတွက် ဖုန်း-၀၉-၇၃၂၁၂၂၂၆ သို့လည်းကောင်း၊ အမျိုးသမီးများအတွက် ဖုန်း-၀၉-၇၃၂၁၂၂၂၇ သို့လည်းကောင်း နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ယင်းသို့ ဆက်သွယ်မေးမြန်းပါက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်ကိုက်ညီလျှင် မျိုးဆက်ပွားကျန်းမာရေးနှင့် စပ်လျဉ်းသည့် အထွေထွေဗဟုသုတများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးမျှဝေပေးနေပါကြောင်း ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်(၂၄၉)ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း လူငယ်ဖွံ့ဖြိုးမှုအစီအစဉ်၏ ထုတ်ပြန်ချက်အရ သိရသည်။

**(ကိုချစ်)**

# မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း တရုတ်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၄**

တရုတ်နိုင်ငံ၌ ဩဂုတ် ၂ ရက်မှ ၉ ရက်အထိ ကျင်းပသည့် 2015 China-ASEAN Youth Camp သို့ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် ဒေါ်ဖြူဖြူထက်ဝင်းနှင့် ဒေါ်သဇင်ထက်ထက်တို့ ဩဂုတ် ၁ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သိရသည်။

**(ကြေးမုံ)**

# (၄၈)နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ စာပို့တံဆိပ်ခေါင်းအသစ်များရောင်းချမည်

**နေပြည်တော် ဩဂုတ် ၄**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ၂၀၁၅ ခုနှစ် ဩဂုတ် ၈ ရက်တွင် ကျရောက်သော (၄၈)နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ Joint Stamp Issue of ASEAN Community အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ်အဖြစ် ၁၀၀ ကျပ်တန်နှင့် ၅၀၀ ကျပ်တန် နှစ်မျိုးကို ၂၀၁၅ ခုနှစ် ဩဂုတ် ၈ ရက် (စနေနေ့) နံနက် ၉ နာရီမှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်စာတိုက်များတွင် ရောင်းချသွားမည်ဖြစ်သည်။







အဆိုပါ စာပို့တံဆိပ်ခေါင်းသစ်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စာတိုက်လုပ်ငန်းများ၏ အာဆီယံစီးပွားရေးပူးပေါင်းမှုအဖွဲ့ (AEC-ASEAN Economic Community) နှင့် ပူးပေါင်း၍ အာဆီယံနိုင်ငံများအားလုံးတွင် ယခုတံဆိပ်ခေါင်းပါဒီဇိုင်းဖြင့် ထုတ်ဝေရောင်းချခြင်းဖြစ်ပြီး အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၁၅ ခုနှစ် ဩဂုတ် ၈ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေလှောင်တမံများတွင် ရေလှောင်ပမာဏ ပြည့်မီကျော်လွန် ဟင်္သာတမြို့တွင် ဇူလိုင် ၃၁ ရက်မှစ၍ စိုးရိမ်ရေအမှတ်ကျော်လွန်ပြီး နေ့စဉ်မြင့်တက်လျက်ရှိ

**နေပြည်တော်　　ဩဂုတ်　　၄**

မြန်မာနိုင်ငံတစ်ဝန်းတွင် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ယခုအခါ ဧရာဝတီတိုင်းဒေသကြီးတွင် ဧရာဝတီမြစ်ရေနှင့် ငဝန်မြစ်ရေများ မြင့်တက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးရှိ ဟင်္သာတမြို့နယ်၏စိုးရိမ်ရေအမှတ်မှာ ၄၄ ဒသမ ၀၂၉ ပေဖြစ်ပြီး ဇူလိုင် ၃၁ ရက်မှစ၍ စိုးရိမ်ရေအမှတ်ကို နေ့စဉ်ကျော်လွန်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ နန်ကသူ၊ ကညင်၊ မမြနှင့် ကွန်ချောင်းရေလှောင်တမံများတွင်လည်း သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီကျော်လွန်သဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်မှုနှင့် ရေကျော်ကျမှုများ ဖြစ်ပေါ်လျက်ရှိကြောင်းကို ကောင်းကင်ဓာတ်ပုံနှိုင်းယှဉ်ချက်များ၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့၏ မှတ်တမ်းများအရ သိရှိရသည်။

**(သတင်းစဉ်)**




၂၀၁၃ ခုနှစ် ဧပြီ ၁၀ ရက်က ဧရာဝတီတိုင်းဒေသကြီးအခြေအနေ ကောင်းကင်ဓာတ်ပုံ။




၂၀၁၅ ခုနှစ် ဇူလိုင် ၃၀ ရက်နေ့ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေဝင်ရောက်နေမှုအခြေအနေ။
● ခရမ်းရောင်မှာ ရေစတင်ဝင်ရောက်မှု၊ ● အမည်းရောင်မှာ ရေဝင်ရောက်နေမှု




၂၀၁၅ ခုနှစ် မတ်လ ၂၂ ရက်က ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အခြေအနေ ကောင်းကင်ဓာတ်ပုံ။




၂၀၁၅ ခုနှစ် ဇူလိုင် ၃၀ ရက်က ဟင်္သာတမြို့နယ်အတွင်းသို့ ရေဝင်ရောက်နေမှုအခြေအနေ ကောင်းကင်ဓာတ်ပုံ။
● ခရမ်းရောင်မှာ ရေစတင်ဝင်ရောက်မှု၊ ● အမည်းရောင်မှာ ရေဝင်ရောက်နေမှု



နန်ကသူရေလှောင်တမံ (ဟင်္သာတခရိုင်၊ အင်္ဂပူမြို့)



ကညင်ရေလှောင်တမံ (ဟင်္သာတခရိုင်၊ အင်္ဂပူမြို့)



ကွန်ချောင်းရေလှောင်တမံ (ဟင်္သာတခရိုင်၊ ကြံခင်းမြို့)



မမြရေလှောင်တမံ (ဟသ်ာတခရိုင်၊ မြန်အောင်မြို့)



ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ဟသ်ာတတာတမံရှိ ဧရာဝတီမြစ်၏ နေ့အလိုက် ရေမှတ်များ။



ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ဟသ်ာတတာတမံရှိ ဧရာဝတီမြစ်၏ နေ့အလိုက် ရေမှတ်များ။



ဧရာဝတီတိုင်းဒေသကြီး နေဖြူမြို့နယ် ဟသ်ာတတာတမံရှိ ဧရာဝတီမြစ်၏ နေ့အလိုက် ရေမှတ်များ။



ဧရာဝတီတိုင်းဒေသကြီး မြို့ကွင်း၊ ငဝန်တာတမံရှိ ငဝန်မြစ်၏ နေ့အလိုက် ရေမှတ်များ။



ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ငဝန်တာတမံရှိ ငဝန်မြစ်၏ နေ့အလိုက် ရေမှတ်များ။



ဧရာဝတီတိုင်းဒေသကြီး ရွှေဘိုစု၊ ငဝန်တာတမံရှိ ငဝန်မြစ်၏ နေ့အလိုက် ရေမှတ်များ။



ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ် ငဝန်တာတမံရှိ ငဝန်မြစ်၏ နေ့အလိုက် ရေမှတ်များ။



ဧရာဝတီတိုင်းဒေသကြီး ဆီးပင်ကွင်း၊ ငဝန်တာတမံရှိ ငဝန်မြစ်၏ နေ့အလိုက် ရေမှတ်များ။

# ပခုက္ကူ၊ ညောင်ဦး၊ မင်းဘူး၊ မကွေး၊ အောင်လံ၊ ပြည်၊ ဆိပ်သာ၊ ဟသ်ာတ၊ ဇလွန်၊ မော်လိုက်၊ ကလေးဝ၊ မုံရွာ၊ မဒေါက်၊ ရွှေကျင်၊ ဘားအံနှင့် ငါးသိုင်းချောင်းမြို့များ စိုးရိမ်ရေမှတ်ကျော်လွန်နေ

**နေပြည်တော် ဩဂုတ် ၄**

ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၆၉ စင်တီမီတာ(နှစ်ပေခွဲခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း (ပေဝက်ခန့်) ဆက်လက်တက်နိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ဩဂုတ် ၁ ရက် နံနက် ၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၃၃ စင်တီမီတာ (လေးပေခွဲခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း (ပေဝက်ခန့်) ဆက်လက်တက်နိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၆၈ စင်တီမီတာ(နှစ်ပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း (ပေဝက်ခန့်) ဆက်လက်တက်နိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် မကွေးမြို့တွင် ဩဂုတ် ၁ ရက် ည ၇ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၄၈ စင်တီမီတာ (တစ်ပေခွဲခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း (ပေဝက်ခန့်) ဆက်လက်တက်နိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် အောင်လံမြို့တွင် ဩဂုတ် ၁ ရက် နံနက် ၄ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅၈ စင်တီမီတာ (နှစ်ပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း (ပေဝက်ခန့်) ဆက်လက်တက်နိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

**ဧရာဝတီမြစ်ရေ**သည် ပြည်မြို့တွင် ဇူလိုင် ၃၁ ရက် ည ၁၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅၅ စင်တီမီတာ(နှစ်ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း (ပေဝက်ခန့်) ဆက်လက်တက်နိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ဩဂုတ် ၁ ရက် နံနက် ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၆၆ စင်တီမီတာ(နှစ်ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း (ပေဝက်ခန့်) ဆက်လက်တက်နိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် ဇူလိုင် ၃၁ ရက် ဝ၀း၃၀ နာရီမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၀၃ စင်တီမီတာ(သုံးပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း(ပေဝက်ခန့်)ဆက်လက်တက်နိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ဩဂုတ် ၁ ရက် ဝ၀း၃၀ နာရီမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၉၆ စင်တီမီတာ (သုံးပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း (ပေဝက်ခန့်) ဆက်လက်တက်နိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ဇူလိုင် ၃၁ ရက် ည ၁၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၃၂ စင်တီမီတာ(တစ်ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ဇူလိုင် ၂၉ ရက် နံနက် ၂ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၃၀ စင်တီမီတာ(ခုနစ်ပေခွဲခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ဇူလိုင် ၃၀ ရက် နံနက် ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၁၁၉ စင်တီမီတာ(လေးပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ဇူလိုင် ၂၇ ရက် ညနေ ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၉၉ စင်တီမီတာ(သုံးပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း (တစ်ပေခွဲခန့်)ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ဇူလိုင် ၃၀ ရက် နံနက် ၁၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၈ စင်တီမီတာ (ပေဝက်ခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၅၁ စင်တီမီတာ(တစ်ပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း(တစ်ပေခန့်)ကျဆင်းနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ဇူလိုင် ၂၇ ရက် ညနေ ၄ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၉၄ စင်တီမီတာ(သုံးပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း(ပေဝက်ခန့်) ဆက်လက်တက်နိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

# ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ခြင်းဆိုင်ရာ ဆဋ္ဌမအကြိမ်မြောက် မြန်မာ-ထိုင်း ပူးတွဲလုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၄**

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများအကောင်အထည်ဖော်ခြင်းဆိုင်ရာ မြန်မာ-ထိုင်း ပူးတွဲလုပ်ငန်းကော်မတီ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးကို နေပြည်တော်ရှိ Horizon Lake View Resort ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။**(အောက်ပုံ)**

အစည်းအဝေးသို့ ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ အထူးစီးပွားရေးဇုန်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် (SPV)၏ မြန်မာ-ထိုင်း ဒါရိုက်တာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဘုတ်အဖွဲ့ (National Economic and Social Development Board- NESDB) အထွေထွေအတွင်းရေးမှူး H.E. Mr. Arkhom Termpittayapaisith ဦးဆောင်၍ ထိုင်းနိုင်ငံ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ NESDB မှ ကျွမ်းကျင်ပညာရှင်များ၊ ထိုင်းနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Neighbouring Countries Economic Development Cooperation Agency- NEDA) မှ ပညာရှင်များ၊ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ကနဦးစီမံကိန်းလုပ်ငန်းများ အကြံပေးအဖွဲ့အဖြစ် ဆောင်ရွက်နေသော Roland Berger Strategy Consultants မှ ကျွမ်းကျင်သူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်း၏လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်သဘောတူညီချက်များ (Concession Agreements) နှင့် သုံးပွင့်ဆိုင် နားလည်မှုစာချွန်လွှာ၏ ဖြည့်စွက်ချက်များနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ နည်းဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ ကနဦးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီမှုဆိုင်ရာကိစ္စရပ်များ၊ ထားဝယ်အထူးစီးပွားရေးဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများအပေါ် အဆိုပြုချက်များ၊ ထားဝယ်အထူးစီးပွားရေးဇုန်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နှစ်ရှည်ဆောင်ရွက်ရမည့် Master Plan အရ အဆိုပါစီမံကိန်းတွင် ပါဝင်မည့်လုပ်ငန်းများနှင့် ပတ်သက်သည့်ကိစ္စရပ်များနှင့် အဆိုပါစီမံကိန်းလုပ်ငန်းစဉ်များတွင် ဂျပန်နိုင်ငံမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**





# အစည်းအဝေးတက်ရောက်ရန် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၄**

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီ စတုတ္ထအကြိမ်အစည်းအဝေးသို့ တက်ရောက်ရန် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် အမ်အာရ် ပရီဒယသွန်း ဒိဗကုလ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၇ နာရီ ၁၀ မိနစ်တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ဒုတိယဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဒုတိယဝန်ကြီး ဦးဟံစိန်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**

**(သတင်းစဉ်)**

# မြန်မာနိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၄**

မြန်မာနိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၄ ရက်က နေပြည်တော်အလှူခံဌာန၌ အလှူငွေကျပ် ၅၄၈၀၀၀၀ နှင့် အဝတ်အထည်မျိုးစုံ နှစ်ထုပ်ကို အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ အမြဲတမ်း အတွင်းဝန်တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က လက်ခံရယူကာ ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလားတူ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးတွင်လည်း စေတနာရှင်ပြည်သူများက လှူဒါန်းသည့် အလှူငွေကျပ် ၂၀၉၁၅၂၅၀ နှင့် အလှူပစ္စည်းမျိုးစုံတို့ကို လက်ခံရရှိသည်။

ထို့အတူ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးတွင်လည်း စေတနာရှင်ပြည်သူများက လှူဒါန်းသည့် အလှူငွေကျပ် ၉၂၀၀၀၀ နှင့် အလှူပစ္စည်းမျိုးစုံတို့ကို လက်ခံရရှိထားရာ ယနေ့အထိ အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၃၇၆၀၀၂၅၀ ဖြစ်သည်။ လှူဒါန်းငွေများနှင့် အလှူပစ္စည်းများကို ရေဘေးသင့်ပြည်သူများလက်ဝယ် အမြန်ဆုံးရောက်ရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်အောင်မြို့နယ်၌ ပန်းတာအသေး မြစ်ရေဝင်

**မြန်အောင် ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အိုးဘိုအုပ်စု ဆိုင်းစုကျေးရွာရှိ ဧရာဝတီမြစ်ကမ်းနံဘေးမှ ပန်းတာအသေးသည် ဇူလိုင် ၂ ရက် နံနက် ၃ နာရီခွဲခန့်က ၁၀ ပေခန့် စတင်ကျိုးပေါက်ခဲ့ရာ မြစ်ရေဝင်ရောက်လာပြီး နံနက် ၈ နာရီခန့်တွင် ၃၅ ပေခန့် ကျိုးပေါက်လျက်ရှိသည်။

ပန်းတာကျိုးပေါက်မှုကြောင့် ဆိုင်းစုကျေးရွာမှ အိမ်ထောင်စု ၂၀ ခန့်ကို ရေလွတ်ရာသို့ ပြောင်းရွှေ့ထားရှိကြောင်း၊ ရေဘေးသင့်အိမ်ထောင်စုများအတွက် ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းဗိုလ်(မြန်/ဆက်)**

# ကလေး-ဟားခါး ကားလမ်း မကြာမီ ယာဉ်ငယ်များသွားလာနိုင်မည်

**နေပြည်တော် ဩဂုတ် ၄**

ဇွန်လနှင့် ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကလေး၊ ဟားခါး ကားလမ်းတစ်လျှောက် အချို့နေရာများတွင် တောင်ပြိုမှုများဖြစ်ပွားခဲ့ရာ ယာဉ်သွားလာမှုပြတ်တောက်ခဲ့သည်။

အဆိုပါနေရာများတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ကလေးမှ ဖလမ်းအထိ လမ်းပိုင်းကို ဩဂုတ် ၃ ရက်တွင် ဒေသရှိ ယာဉ်ငယ်များ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ကလေးမှ ဟားခါးအထိ သွားလာနိုင်ရေးအတွက် ကျန်လမ်းပိုင်းပျက်စီးမှုများကို ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိရာ မကြာမီရက်ပိုင်းအတွင်း ကလေးမြို့မှ ဟားခါးမြို့အထိ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# နေ့စဉ် ဆန်အိတ် သောင်းချီဝင်ရောက်သော်လည်း ဆန်စျေးနှုန်းမြင့်တက်

**ရန်ကုန် ဩဂုတ် ၄**

ကားလမ်း၊ ရေလမ်းခရီးစဉ်များဖြင့် မြစ်ဝကျွန်းပေါ်ဒေသများမှ ဆန်အိတ်များ နေ့စဉ် ပုံမှန်ဝင်ရောက်လျက်ရှိသည်။ ဩဂုတ် ၃ ရက် ရန်ကုန်ဆိပ်ကမ်းသို့ မော်ကျွန်းမှ ပုဂ္ဂလိကရေယာဉ် နှစ်ထပ် လူစီးကုန်တင်နှစ်စင်းဖြင့် ဆန်အိတ်ရေတစ်သောင်း၊ ဩဂုတ် ၄ ရက်တွင်လည်း ရေယာဉ်ကြီးနှစ်စင်းဖြင့် ဆန်အိတ်ရေ တစ်သောင်းဝန်းကျင်စီ ဝင်ရောက်လာသည်။ ဆန်တစ်အိတ်တန်ဆာခမှာ ဇွန်လကုန်ပိုင်းတွင် အပိုပေးရငွေအပါအဝင် ကျပ် ၅၀၀ ရှိသော်လည်း ယခုရက်ပိုင်းများတွင် ကျပ် ၃၀၀ သာရှိသည်။ ပုသိမ်မှ ရန်ကုန်သို့ ကားခမှာ ဆန်တစ်အိတ် ကျပ် ၅၀၀နှုန်းသာရှိသည်ဟု ရေယာဉ်ကုန်တာဝန်ခံ ဦးညီနှင့် ကုန်ကားယာဉ်မောင်း ဦးသူရတို့ထံမှ သိရသည်။

သယ်ယူပို့ဆောင်ခ စျေးနှုန်းမြင့်တက်ခြင်းမရှိ၊ ကုန်သည်အဝင် ပုံမှန်ရှိသော်လည်း ဩဂုတ် ၃ ရက်မှစ၍ ရန်ကုန်စျေးကွက်တွင် ဆန်ကြမ်း၊ ဆန်ချောစျေးနှုန်းများ တစ်အိတ်လျှင် ကျပ် ၂၀၀၀ စျေးမြင့်တက်လာသည်။

ဩဂုတ် ၁ ရက်တွင် နွေဆန် တစ်အိတ်လျှင် ကျပ်၁၉၀၀၀-၁၉၅၀၀နှုန်း၊ စားအုန်းဆီတစ်ပိဿာ အလှယ် ၁၄၄၅ ကျပ်နှုန်း၊ ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာ ၅၅၀-၇၅၀- ၈၅၀-၉၀၀ ကျပ်နှုန်း၊ ညောင်ဦးဆေးခတ် ထန်းလျက်တစ်ပိဿာ ကျပ် ၁၂၀၀-၁၂၅၀၊ မလှိုင်ထန်းလျက် တစ်ပိဿာ ၉၃၅ ကျပ်နှုန်းသာရှိခဲ့သည်ဟု နေ့စဉ်စျေးနှုန်းစာရင်းများမှ သိရသည်။

ဩဂုတ် ၃ ရက် ရန်ကုန်ဆန်စျေးကွက်တွင် ရေကြီးရေလျှံမှုကို အကြောင်းပြုစိုးရိမ်စိတ်ဖြင့် လက်လီဝယ်လိုအား ရှိလာသည်။ ကျိုက်လတ်နွေဆန် တစ်အိတ်လျှင် ကျပ် ၂၁၅၀၀၊ မြောင်းမြနွေဆန် တစ်အိတ်လျှင် ကျပ် ၂၂၅၀၀-၂၃၀၀၀ ထိ စျေးမြင့်တင်ရောင်းချလာကြသည်။ ပေါ်ကျွဲတစ်အိတ်လျှင် ကျပ် ၂၈၀၀၀ ဝန်းကျင်မှ ကျပ်၂၉၀၀၀ ဝန်းကျင်၊ ဖျာပုံပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၃၇၀၀၀ မှ ကျပ် ၃၈၀၀၀ ဝန်းကျင်သို့ စျေးမြှင့်တင်ရောင်းချမှုရှိလာသည်ဟု ဝါးတန်းကုန်စည်ဒိုင်သွား ဆန်ကုန်သည်များက ဆိုသည်။

မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့များအနက် ဆန်စပါးအများအပြားထွက်ရှိရာ ဘိုကလေး၊ မော်ကျွန်း၊ ဝါးခယ်မ၊ မြောင်းမြ၊ လပွတ္တာ အစရှိသည့်မြို့များသည် ဒီရေအတက်အကျ နေ့စဉ်ရှိသည့်အတွက် ရေကြီးရေလျှံမှုဖြစ်စဉ်များ အနောက်ခြမ်းရှိ မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့များကဲ့သို့ ကြုံတွေ့ရမှုနည်းပါးသည်။ ရန်ကုန်သို့ နေ့စဉ် ရေလမ်းခရီးမှ ဆန်အများအပြား ပုံမှန်ဝင်နေဆဲဖြစ်ရာ ယခုရက်ပိုင်း ဆန်စျေးမြင့်တက်လာမှုသည် စိုးရိမ်စိတ်ကြောင့် စျေးကွက်တွင် ဝယ်လိုအားဖြစ်ပေါ်ရခြင်းအပေါ် စျေးမြှင့်တင်လုပ်ဆောင်ချက်သာ ဖြစ်သည်ဟု အသောကလမ်း၊ ပိတောက်လမ်းများမှ ဘုရင့်နောင်ပွဲရုံဝင်း ဆန်ပွဲရုံပိုင်ရှင်များက ဆိုသည်။ **(မောင်စေအောင်)**

ဥတုရာသီ တောကို မှီ၍

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော်　　ဩဂုတ်　　၄**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၄၀ တွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၂ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၃. ၅၀' |
| ၂။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၅. ၆၀' |
| ၃။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၂. ၃၀' |
| ၄။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၅၀' |
| ၅။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၂. ၈၅' |
| ၆။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၀. ၄၅' |
| ၇။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၅၅' |
| ၈။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၃၀' |
| ၉။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂. ၆၀' |
| ၁၀။ | မြောက်ယမားရေကူ ရေလှောင်တမံ | ၁၂၂၉၀၀ | ၂. ၇၀' |
| ၁၁။ | ကန်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၁၀' |
| ၁၂။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၇၀' |
| ၁၃။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၁. ၀၀' |
| ၁၄။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၄၀' |
| ၁၅။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |
| ၁၆။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၁. ၅၀' |
| ၁၇။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၂. ၄၅' |
| ၁၈။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၆၀' |
| ၁၉။ | ဖလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၁၀' |
| ၂၀။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၅၀' |
| ၂၁။ | တောင်နဝင်းရေလှောင်တမံ | ၂၁၁၉၆ | ၁. ၆၄' |
| ၂၂။ | စဥ့်ကူးချောင်းဝေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၃၀' |
| ၂၃။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၁. ၈၀' |
| ၂၄။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၁၀' |
| ၂၅။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၂. ၄၀' |
| ၂၆။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၁၂. ၇၀' |
| ၂၇။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၆၀' |
| ၂၈။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၁၄. ၁၀' |
| ၂၉။ | မဒေးရေလှောင်တမံ | ၅၃၉၀၈ | ၀. ၅၀' |
| ၃၀။ | တောင်ခင်ရန်းရေလှောင်တမံ | ၁၁၇၂၆ | ၀. ၄၀' |
| ၃၁။ | ရင်းရှည်ရေလှောင်တမံ | ၂၆၀၀ | ၀. ၃၀' |
| ၃၂။ | ပြိုင်းချောင်းရေလှောင်တမံ | ၂၅၂၀၅ | ၀. ၅၀' |
| ၃၃။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၄၀' |
| ၃၄။ | ဝါးပါးရေလှောင်တမံ | ၄၁၅၀ | ၀. ၂၅' |
| ၃၅။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၉၆' |
| ၃၆။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၉၇' |
| ၃၇။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀. ၈၀' |
| ၃၈။ | မမြရေလှောင်တမံ | ၇၁၄၀၀ | ၀. ၆၀' |
| ၃၉။ | နန်ကသူရေလှောင်တမံ | ၄၀၄၈၇ | ၀. ၈၀' |
| ၄၀။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၂. ၃၀' |

## ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | လက်ရှိရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှရေကျော် ရန်လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁။ | ကင်းသာရေလှောင်တမံ | ၇၂ | ၆၁ | ၁. ၆၀' |
| ၂။ | မုံချောင်းရေလှောင်တမံ | ၅၂၅ | ၄၅၅ | ၁. ၂၀' |
| ၃။ | ဆင်သေရေလှောင်တမံ | ၁၄၃၀၉၀ | ၃၄၄၉၀ | ၂၆. ၀၀' |
| ၄။ | မြို့လှ(တပ်ကုန်း)ရေလှောင်တမံ | ၁၄၆၀၀ | ၇၀၂၀ | ၁၂. ၈၀' |
| ၅။ | ရေဆင်းဆည် | ၇၃၀၀၀ | ၁၈၇၄၀ | ၂၇. ၇၀' |
| ၆။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၅၂၄၆၆၆ | ၆. ၃၀' |
| ၇။ | ငလိုက်ဆည် | ၇၅၀၀၀ | ၄၂၇၅၀ | ၁၀. ၀၀' |
| ၈။ | တောက်ပြိုရေလှောင်တမံ | ၂၄၉၁ | ၁၆၂၈ | ၆. ၆၁' |
| ၉။ | ချောင်းမငယ်ရေလှောင်တမံ | ၉၁၇၇၀ | ၆၆၆၅၄ | ၉. ၂၀' |
| ၁၀။ | သဲဖြူရေလှောင်တမံ | ၈၇၁၈ | ၅၇၆၅ | ၅. ၈၅' |
| ၁၁။ | မဒန်းရေလှောင်တမံ | ၃၆၅၀၀ | ၁၇၀၃၈ | ၂၁. ၆၅' |
| ၁၂။ | ဖောင်းလောင်ရေလှောင်တမံ | ၁၂၂၅၇ | ၉၁၈၄ | ၄. ၉၅' |
| ၁၃။ | လွိုင်နန်းဖရေထိန်းတမံ | ၁၅၀၈ | ၁၁၅၁ | ၅. ၀၀' |
| ၁၄။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၂၈၁၄၂၁၆ | ၀. ၆၀' |
| ၁၅။ | ခပေါင်းရေလှောင်တမံ | ၈၇၈၅၇၀ | ၄၅၇၆၄၂ | ၃၅. ၉၀' |
| ၁၆။ | ကိုဒူကွဲရေလှောင်တမံ | ၁၄၈၃၆၄ | ၈၀၀၀၉ | ၁၃. ၃၀' |
| ၁၇။ | ရွှေလောင်းရေလှောင်တမံ | ၁၀၀၀၂၄ | ၃၄၇၈၄ | ၂၂. ၂၀' |
| ၁၈။ | စလူးရေလှောင်တမံ | ၉၀၀၀၀ | ၄၇၆၈၀ | ၁၂. ၃၀' |
| ၁၉။ | ဆည်တော်ကြီးဆည် | ၃၆၂၈၅၀ | ၃၃၁၂၂၀ | ၄. ၄၀' |
| ၂၀။ | ကင်းတားဆည် | ၈၇၃၅၈၀ | ၁၉၀၅၀၆ | ၈၉. ၉၄' |
| ၂၁။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁၈၀၀၀၀ | ၀. ၀၀' |
| ၂၂။ | ဇော်ဂျီရေလှောင်တမံ | ၅၁၇၈၆၃ | ၈၀၀၂၂ | ၆၀. ၃၀' |

(သတင်းစဉ်)

# ပဲခူးရေကြီးရပ်ကွက်များ လျှပ်စစ်အန္တရာယ်စိုးရိမ်

**ပဲခူး　ဩဂုတ်　၄**

ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက်ရှိ လျှပ်စစ်မိန်းကြိုးမီးတိုင်များမှတစ်ဆင့် လူနေအိမ်များသို့ သွယ်တန်းထားသည့် အိမ်သုံးလျှပ်စစ်ဝါယာကြိုး တချို့သည် ဝါးလုံးများကိုအသုံးပြုထား၍ နှစ်ကြာလာသောအခါ ဝါးလုံးများ ဆွေးမြည့်လာခြင်းနှင့် နီးစပ်ရာ သစ်ပင်သစ်ကိုင်းများကိုတင်၍ အသုံးပြုနေခြင်းများကြောင့် တချို့ဝါယာကြိုးများသည် အိကျလာခြင်းနှင့် သစ်ပင်သစ်ကိုင်းများတွင် လျှပ်စစ်စီးဝင်နိုင်ခြင်းကြောင့် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကို ဖိတ်ခေါ်နေသလိုဖြစ်နေကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

ယခုအခါ တိုင်းဒေသကြီးအသီးသီးတွင် ရေဘေးအန္တရာယ်များနှင့် ရင်ဆိုင်နေရသလို အဆိုပါရပ်ကွက်မှ ပြည်သူများသည်လည်း ရေဘေးကယ်ဆယ်ရေးစခန်းများ၌ ရောက်ရှိနေခဲ့ကြောင်း ကယ်ဆယ်ရေးစခန်းရောက် မိသားစုများကဆိုသည်။ ပဲခူးမြစ်ရေလျှံတက်မှုကြောင့် ပဲခူးမြို့နယ်လျှပ်စစ်ဌာနမှ ရေနစ်မြုပ်နေသည့် အနိမ့်ပိုင်းရပ်ကွက်များအား လျှပ်စစ်မီးများ ဖြတ်တောက်ထားသော်လည်း ရပ်ကွက်အတွင်းရေကြီး၍ လှေအသုံးပြုသူများ၏ လှေဦးပိုင်းနှင့် ထိုးဝါးလှော်တက်များကြောင့် ဝါယာကြိုးများ ပြုတ်ကျခြင်းနှင့် အိကျလာခြင်းတို့ကြောင့် ရေကျ၍ လျှပ်စစ်မီးပြန်လွှတ်သောအခါ ဒေသခံပြည်သူတို့အသက်အန္တရာယ်ကို ဖိတ်ခေါ်နေသလို ဖြစ်နေကြောင်း၊ ထို့ကြောင့် ပဲခူးတိုင်းဒေသကြီး လျှပ်စစ်ဌာနများနှင့် ရပ်ကွက်အုပ်ချုပ်သူများက ပြည်သူတို့ထံ ကျရောက်မည့် ဘေးအန္တရာယ်များကို ထိန်းသိမ်းကာကွယ်ပေးစေလိုကြောင်း ဒေသခံများက ဆိုသည်။

(ကြေးမုံ)

# ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ ရေဘေးသင့်ပြည်သူများအတွက် ရိက္ခာနှစ်ပတ်စာထောက်ပံ့

**မိုးကောင်း　ဩဂုတ်　၄**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် ဇူလိုင်လလယ်၌ ရေကြီးရေလျှံမှုဖြစ်ပွားရာ ရေဘေးသင့်ပြည်သူများအား ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ကူညီထောက်ပံ့ရေးလုပ်ငန်းများကို ကချင်ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနများနှင့် စေတနာရှင် အလှူရှင်များက ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ရေကျသွားပြီဖြစ်၍ ကယ်ဆယ်ရေးစခန်းမှ မိမိနေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့မိသားစု ၈၈၆ စု၊ လူဦးရေ ၄၇၇၇ ဦး စားသုံးနိုင်ရန်အတွက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(WFP) က ဆန် ၆၄၄ အိတ်၊ ပဲ ၈၆အိတ်၊ ဆီတစ်လီတာဘူး ၂၃၈၈ ဘူးနှင့်ဆား ခုနစ်အိတ်စသည်ဖြင့် ရက်သတ္တနှစ်ပတ်စာ ထောက်ပံ့မှုကို ယနေ့နံနက် ၁၀ နာရီတွင် နန့်ကောင်းရိပ်သာ၌ ကျင်းပရာ ကချင်ပြည်နယ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးမင်းသိန်းက လက်ခံပြီး သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများထံသို့ ပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့သည်။ **(သန်းလွင်ဦး)**

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
## ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုနှင့် မိုးစပါးစုဆောင်းဖြန့်ဖြူးခဲ့မှုအခြေအနေ

**နေပြည်တော်　ဩဂုတ်　၄**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း | | | | | မိုးစပါးစုဆောင်းပြီး | | မိုးစပါးဖြန့်ဖြူးပြီး | |
|---|---|---|---|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် | တင်း | ကီလို | တင်း | ကီလို |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - | - | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၂၉၉၈၀ | ၂၇၆၅၆ | ၁၁၁၂၈ | ၉၀၅၉ | - | ၁၇၅၀ | ၁၅၅၂ | - | ၁၃၈၀ |
| ၃။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၀၄၀၇ | ၅၁၁ | - | - | ၅၀၀ | - | - | - |
| ၄။ | ချင်းပြည်နယ် | ၂၀၆၆ | ၁၈၆၆ | ၁၈၆၆ | ၆၂၉ | - | - | - | - | - |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၇၅၄၈၂ | ၈၆၄၄၈ | ၆၇၁၉၀ | ၄၁၅၄၂ | ၈၈၇ | ၄၀၈၅၀ | - | ၄၀၈၅၀ | - |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ၃၀၇၄၂၉ | ၈၄၄၀၂ | ၃၉၇၅ | ၂၁၈၄ | - | ၂၂၉၇၅ | ၇၀၀၀၀ | - | - |
| ၇။ | မကွေးတိုင်းဒေသကြီး | ၈၆၃၇၁ | ၅၅၉၉၂ | ၈၅၅၇၂ | ၉၈၂၇ | - | ၇၅၀၀ | - | - | - |
| ၈။ | မန္တလေးတိုင်းဒေသကြီး | ၃၃၅၈ | ၃၃၅၈ | ၈၃ | ၉ | - | ၁၈၆၅၀ | - | ၁၈၆၅၀ | - |
| ၉။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၉၀၃၂ | - | - | - | ၁၆၃၂၀ | - | - | - |
| ၁၀။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၃၉၄၁ | ၂၇၀၉၈၃ | ၁၄၄၀ | ၇၂၅ | ၁၄၅၅၀ | - | ၁၅၀၀ | - |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | ၄၈၄၀၁ | ၁၀၇၁၁ | ၁၀၇၉ | - | - | ၅၅၀၀ | - | - | - |
| ၁၂။ | ရှမ်းပြည်နယ် | ၉၀၉၈ | ၈၄၉၈ | ၁၂၆၂ | ၃၄၁ | ၇၄ | ၁၄၁၈၂ | ၁၀၂၆၃ | - | - |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | ၁၃၃၀၁၃ | ၂၄၃၁၆ | ၂၂၆၄ | ၁၈၀ | - | ၃၀၁၀၀ | - | - | - |
| | **စုစုပေါင်း** | **၁၁၀၀၆၁၂** | **၃၁၇၂၉၀** | **၄၄၅၉၁၃** | **၆၅၂၁၁** | **၁၆၈၆** | **၁၇၂၈၇၇** | **၈၁၈၁၅** | **၆၁၀၀၀** | **၁၃၈၀** |

# ပွင့်ဖြူမြို့နယ်နှင့် စေတုတ္တရာမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

**နေပြည်တော် ဩဂုတ် ၄**

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၃ ရက်တွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်သို့ရောက်ရှိပြီး ကျောင်းတော်ရာဘုရား ကယ်ဆယ်ရေးစခန်း၌ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်တို့နှင့် တွေ့ဆုံ၍ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးဌာနအနေဖြင့် ပွင့်ဖြူမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် အထွေထွေအသုံးစရိတ်ငွေကျပ်သိန်း ၁၀၀၀ နှင့် အိမ်ထောင်စု ၄၁၀၀ အတွက် သိန်း ၄၀၀ ခန့် တန်ဖိုးရှိသော ကယ်ဆယ်ရေးပစ္စည်း ငါးမျိုးဖြစ်သည့် ကျားလုံချည်၊ မလုံချည်၊ မျက်နှာသုတ်ပဝါ၊ တီရှပ်နှင့် ဆပ်ပြာအစုံ ၄၁၀၀၊ စောင်အထည် ၁၅၀ နှင့် ခြင်ထောင် ၁၅၀ တို့ကို တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ပေးအပ်ပြီး ရေဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကာ အဝတ်အထည်များနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တပ်မတော်ဝါစိုက်ပျိုးရေးတပ်၊ မူလတန်းလွန်ကျောင်း ကယ်ဆယ်ရေးစခန်းနှင့် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ပြီး ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားကာ အဝတ်အထည်နှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးသည် တိုင်းမှူးဗိုလ်ချုပ်စိုးထွဋ်နှင့်အတူ ဩဂုတ် ၄ ရက်တွင် မကွေးမြို့လေဆိပ်မှ စေတုတ္တရာမြို့သို့ ရဟတ်ယာဉ်ဖြင့် ထွက်ခွာပြီး ရေဘေးသင့်မှု အခြေအနေကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံ၌ တိုင်းမှူးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် တွေ့ဆုံ၍ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စေတုတ္တရာမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ဝန်ကြီးဌာနအနေဖြင့် ကျပ်သိန်း ၁၀၀ ခန့် တန်ဖိုးရှိသော ကယ်ဆယ်ရေးပစ္စည်းငါးမျိုးဖြစ်သည့် ကျားလုံချည်၊ မလုံချည်၊ မျက်နှာသုတ်ပဝါ၊ တီရှပ်နှင့် ဆပ်ပြာအစုံ ၈၀၀၊ စောင်အထည် ၂၀၀ နှင့် ခြင်ထောင် ၂၀၀ တို့ကို သက်ဆိုင်သူများထံ ပေးအပ်သည်။

ထို့နောက် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လူနာများကိုအားပေးစကား ပြောကြားကာ ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေ ပေးအပ်သည်။ ယင်းနောက် ညောင်အိုင်ကျေးရွာ မုန်းချောင်းတံတားဦးဘုရား ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိ၍ အရပ်ဘက်လူ့အဖွဲ့အစည်းများ စုပေါင်းအဖွဲ့နှင့်တွေ့ဆုံပြီး လိုအပ်သည်များ ပေါင်းစပ်ပေးကာ စေတုတ္တရာမြို့အတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။ **(သတင်းစဉ်)**



## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၄**

ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ ယမန်နေ့တွင် နေပြည်တော် အလှူခံဌာန၌ အလှူငွေကျပ် ၇၆၀၀၀၀၀နှင့် အဝတ်အထည်မျိုးစုံနှစ်ထုပ်ကို အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် တာဝန်ရှိသူတို့က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလားတူ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးတွင်လည်း ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၂ ရက်အထိ စေတနာရှင်ပြည်သူများ၏ အလှူငွေကျပ် ၂၆၈၅၀၀၀ နှင့် အလှူပစ္စည်းမျိုးစုံတို့ကို လက်ခံရရှိထားရာ လှူဒါန်းငွေများနှင့် အလှူပစ္စည်းများကို ရေဘေးသင့်ပြည်သူများလက်ဝယ် အမြန်ဆုံးရောက်ရှိရေး စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ၄ ရက်နေ့အတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၄**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန်၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၄ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကျရောက်ခဲ့ရာ ရေဘေးသင့်အိမ်ထောင်စု ၄၅၅၀၂ စုမှ လူဦးရေ ၂၅၉၇၉၉ ဦး ရေဘေးသင့်ခဲ့ပြီး ၆၉ ဦးသေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုးငွေကျပ် ၃၉၈၇၈၅၅၀၊ အရေးပေါ်အစားအစာတန်ဖိုးငွေကျပ် ၁၅၅၇၃၃၂၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၄၄၉၀၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၉၆၈၃၇၁၂၆ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၁၈၀၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၉၈၉၈၈၉၉၆ ကို ပေးပို့ထောက်ပံ့ခဲ့သည်။ **(သတင်းစဉ်)**

| စဉ် | ဘေးဖြစ်ပွားသည့်လ တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု (ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃။ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | - | ၁၈၃၇၃၈၄ | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | စုစုပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၆၀၀၀၀၀ | ၆၃၉၄၅၇၁၀ | |
| **ဇူလိုင်လ (၁၆) ရက်နေ့မှ ဩဂုတ်လ (၄)ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၅ | ၁၁၉၁၁ | ၁၀၉၁၀၉ | ၇ | ၁၈၅၃၂၇၅၀ | - | ၁၇၅၀၀၀၀ | ၃၈၇၀၅၁၂၀ | ၆၀၀၀၀၀ | ၅၉၅၈၇၈၇၀ | |
| ၂။ | ကချင်ပြည်နယ် | ၂ | ၁၀၉၅ | ၆၀၆၃ | ၁ | ၁၂၇၀၃၂၅၀ | - | - | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၅၇၁၃၇၉၀ | |
| ၃။ | ရှမ်းပြည်နယ် | ၁၆ | ၂၆ | ၄၄၈၅ | ၅ | - | - | - | ၁၇၅၉၅၄၆ | - | ၁၇၅၉၅၄၆ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၈၈ | ၁၄၄၃ | ၆၅၄၂ | ၈ | - | - | ၂၈၅၀၀၀၀ | ၃၄၀၄၀၈၂ | ၅၀၀၀၀၀ | ၆၇၅၄၀၈၂ | |
| ၅။ | ချင်းပြည်နယ် | ၂၄၉ | ၁၀၇၈ | ၃၇၈၀ | - | - | - | - | ၄၈၅၄၆၈ | - | ၄၈၅၄၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၅၂၀၄ | ၆၇၀၄ | ၃၂၃၆၁ | ၄၁ | - | - | - | ၅၅၁၆၅၀၀ | - | ၅၅၁၆၅၀၀ | |
| ၇။ | ကရင်ပြည်နယ် | - | ၃၆၁ | ၁၈၆၇ | - | ၅၀၉၅၂၀၀ | ၅၄၇၄၂၈၀ | - | - | - | ၁၀၅၆၉၄၈၀ | |
| ၈။ | မွန်ပြည်နယ် | - | ၄၈၂ | ၂၂၃၃ | - | - | ၆၃၀၆၂၆၀ | - | ၃၂၅၂၉၈၀ | - | ၉၅၅၉၂၄၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | - | ၉၇၉၁ | ၄၁၇၃၃ | - | - | - | - | ၁၂၁၂၉၉၆၀ | - | ၁၂၁၂၉၉၆၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၂ | ၂၅၉၄ | ၂၈၉၉၆ | - | - | - | - | ၁၁၈၂၁၀၂၀ | - | ၁၁၈၂၁၀၂၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | - | ၁၄၉၄ | ၅၉၄၂ | - | - | - | - | ၈၂၉၂၆၀ | - | ၈၂၉၂၆၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၃၄၉ | ၁၆၇၇ | - | - | - | - | ၃၁၇၀၇၀ | - | ၃၁၇၀၇၀ | |
| | စုစုပေါင်း | ၅၆၂၃ | ၃၇၃၂၈ | ၂၄၄၈၈၈ | ၆၂ | ၃၆၃၃၁၂၀၀ | ၁၁၇၈၀၅၄၀ | ၄၆၀၀၀၀၀ | ၈၁၁၃၁၅၄၆ | ၁၂၀၀၀၀၀ | ၁၃၅၀၄၃၂၈၆ | |
| | ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ စုစုပေါင်း | ၆၀၂၈ | ၃၉၄၇၄ | ၂၅၉၇၉၉ | ၆၉ | ၃၉၈၇၈၅၅၀ | ၁၅၅၇၃၃၂၀ | ၄၄၉၀၀၀၀၀ | ၉၆၈၃၇၁၂၆ | ၁၈၀၀၀၀၀ | ၁၉၈၉၈၈၉၉၆ | |

# ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက အမေရိကန်ဒေါ်လာ ၁၂၀၀၀၀ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများ ရခိုင်ပြည်နယ်ရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်း

**ရန်ကုန်  ဩဂုတ်  ၄**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျံသည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ ရေဘေးသင့်ပြည်သူများထံ အမေရိကန်ဒေါ်လာ ၁၂၀၀၀၀ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများကို သွားရောက်လှူဒါန်းခဲ့သည်။

ရှေးဦးစွာ သံအမတ်ကြီးနှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် အစိုးရအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးက ရခိုင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား လှူဒါန်းရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ ကယ်ဆယ်ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် သံအမတ်ကြီးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မြောက်ဦးမြို့သို့ ရောက်ရှိပြီး သျှစ်သောင်း ပုထိုးတော်ကြီးရှိ ကယ်ဆယ်ရေးစခန်းမှ ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ဆေးနှင့် အဝတ်အထည်များကို လက်ရောက်လှူဒါန်းသည်။



ယခုခရီးစဉ်တွင် သံအမတ်ကြီး မစ္စတာဟုန်လျံက "ဩဂုတ် ၅ ရက်မှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင်တွေက ရခိုင်ပြည်နယ်ရှိ မီးသတ်တပ်ဖွဲ့ဝင်တွေကို ကယ်ဆယ်ရေးသင်တန်းတွေပို့ချပေးမှာဖြစ်ပါတယ်" ဟု ပြောသည်။

လက်ရှိကာလတွင် ရခိုင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများကို တပ်မတော် (လေ)မှ ရဟတ်ယာဉ် သုံးစင်း၊ Y - 8 အမျိုးအစားလေယာဉ် နှစ်စင်းနှင့် တပ်မတော်(ရေ)မှ ရေယာဉ်ငါးစင်းတို့ဖြင့် ကူညီထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ပြောသည်။

သံအမတ်ကြီး မစ္စတာဟုန်လျံ၏ ရခိုင်ပြည်နယ်ခရီးစဉ်တွင် သီဟ ၉၁ အရာရှိများ မိသားစုနှင့် Yangon Media Group မိတ်ဆွေများအဖွဲ့တို့ကလည်း ငွေကျပ်သိန်း ၅၀ ကျော်တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ၏ စီစဉ်ပေးမှုဖြင့် ကလေးဒေသ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်

**ကလေး  ဩဂုတ်  ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသအတွင်း ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်သမ္မတ၏ ခရီးစဉ်တွင် ရှင်းလင်းမှာကြား၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၂၅၈၇ စုသို့ တစ်အိမ်ထောင်လျှင် ထောက်ပံ့ကြေးငွေကျပ် ၂၀၀၀၀ ကို ဩဂုတ် ၃ ရက် ညနေပိုင်းက ပေးအပ်ခဲ့ကြောင်းသိရသည်။

ယင်းသို့ ထောက်ပံ့ကြေးငွေပေးအပ်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ရေဘေးကယ်ဆယ်ရေးစခန်း ရှစ်ခုရှိ ကယ်ဆယ်ရေးစခန်း တာဝန်ခံများထံသို့ ငွေကျပ် ၅၁၇၄၀၀၀၀ ကို ပေးအပ်ခြင်းဖြစ်သည်။

ထိုသို့ပေးအပ်မှုအပေါ် "ရေကျပြီး မိမိနေအိမ်ကို ပြောင်းရွှေ့ကြမယ်ဆိုရင်လည်း တစ်ပတ်စာ လုံလောက်မယ့်ဆန်ကို ထောက်ပံ့ပေးမယ်။ ဒါ့အပြင် နေရေးထိုင်ရေး အခြေကျပြီးရင်လည်း ခြောက်လစာ ဆန်ထောက်ပံ့ပေးပါမယ်။ တောင်သူလယ်သမားတွေရဲ့ လယ်ယာစိုက်ပျိုးရေးအတွက် မျိုးစပါးတွေအပြင် အခြားလိုအပ်တဲ့ လယ်ယာကဏ္ဍတွေကိုလည်း ကူညီထောက်ပံ့ပေးပါမယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက ပြောသည်။

အဆိုပါ ကယ်ဆယ်ရေးစခန်း ရှစ်ခုတွင် ရေဘေးသင့်ပြည်သူ စုစုပေါင်း ၁၂၄၁၉ ဦးရှိပြီး ထောက်ပံ့ကြေးငွေ ကိုယ်စီရရှိပြီးဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

**●ကျောဖုံးမှ**

ဆင့်ထိုးပြီးနေကြတယ်"ဟု မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းက ပြောသည်။

ယင်းကဲ့သို့ သက်ဆိုင်ရာမှ ကြေညာထားသော်လည်း လက်ရှိနေအိမ်တွင် သာဆင့်ထိုးနေသူ ဦးသန်းဇော်က "ကျွန်တော်တို့လိုပဲ မပြောင်းဘဲ ဆင့်ထိုးပြီးနေတဲ့သူတွေအများကြီးပဲ။ အခုမနက်ကစပြီးတော့ ရေသိပ်မတက်တော့ဘူး။ ကယ်ဆယ်ရေးစခန်းမှာက လူတွေများတော့ မနေချင်ဘူး။ ကိုယ့်အိမ်မှာဆိုတော့ နေရတာလွတ်လပ်တယ်။ ကျွန်တော်တို့အိမ်က တာနားမှာဆိုတော့ တာမကျိုးအောင်လို့လည်း ကူညီပေးလို့ရတယ်။ တာကျိုးခဲ့ရင်လည်း ဟိုဘက်ခြမ်းကို ရေတွေဝင်မှာလေ"ဟု ပြောသည်။

ဟသ်ာတမြို့တွင် ကျေးရွာပေါင်း ၈၂၀ ရှိပြီး မြစ်ရေမြင့်တက်မှုကြောင့် ကယ်ဆယ်ရေးစခန်း ၁၅ ခု ဖွင့်လှစ်ထားကြောင်းသိရသည်။

# ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအတွက် သင်္ကန်း၊ အသုံးအဆောင်ပစ္စည်းများ လှူဒါန်း

**နေပြည်တော်  ဩဂုတ်  ၄**

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးသည် ဩဂုတ် ၃ ရက်က မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရွာခိုင်ကျေးရွာ၊ ကျွဲထိကျေးရွာ၊ ကုန်းဇောင်းကျေးရွာအုပ်စုနှင့် အနောက်ကိုင်းကျေးရွာအုပ်စုတို့ရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား လိုက်လံကြည့်ရှုအားပေးပြီး အလှူငွေများပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ အလှူငွေပေးအပ်လှူဒါန်းပွဲများသို့ ဒုတိယဝန်ကြီးနှင့်အတူ မင်းဘူးမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သူဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများတက်ရောက်ကြသည်။

ဩဂုတ် ၄ ရက်တွင် ကလေးမြို့ မဟာသန္တာရုံ ပရိယတ္တိစာသင်တိုက်၌ သာသနာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇာနည်ဝင်းနှင့် ကလေးခရိုင် သာသနာရေးမှူးတို့သည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများမှ ရဟန်းသာမဏေ၊ သီလရှင်များအား သင်္ကန်း ၄၅၅ စုံ၊ သီလရှင်ဝတ်စုံ ၉၇ စုံ၊ သပိတ်အလုံး ၃၀၀၊ ဖိနပ် အရံ ၅၀၀၊ စတီးဇွန်း ဒါဇင် ၅၀၊ စတီး သုံးဆင့်ချိုင့် ၃၀၀ နှင့် ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာသင်သားကိုင် ပြဋ္ဌာန်းကျမ်းစာအုပ်များကို လှူဒါန်းခဲ့ကြောင်းသိရသည်။

**(ကြေးမုံ)**

# ကျော်သက်နှင့်စောဆန်းအောင်အဖွဲ့မှအဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းဝင်ရောက် လက်နက်ခဲယမ်းများနှင့်အတူ အခြားတစ်ဦးအား ဖမ်းဆီးရမိ

**နေပြည်တော်  ဩဂုတ်  ၄**

နိုင်ငံတော်နှင့် တပ်မတော်၏ သဘောထားအမှန်ကို သိရှိနားလည်လာခြင်းကြောင့် ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့မှ အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်း ဝင်ရောက်လျက်ရှိရာ ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းတွင် သံဒိုးခေါင်းဆောင်သော အဖွဲ့ဝင်သုံးဦးက လက်နက်မျိုးစုံ ၁၅ လက်၊ ကျည်အိမ်မျိုးစုံ ကိုးခုတို့ဖြင့်လည်းကောင်း၊ ဩဂုတ် ၃ ရက် မွန်းလွဲပိုင်းတွင် စောဘိုဘိုခေါင်းဆောင်သော အဖွဲ့ဝင်ခုနစ်ဦးက သေနတ်တစ်လက်၊ လက်ပစ်ဗုံးနှစ်လုံး၊ လမ်းလျှောက်စကားပြောစက်နှစ်လုံးတို့ဖြင့် လည်းကောင်း တပ်မတော်စစ်ကြောင်းများထံ လာရောက်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည်။

ထို့အပြင် ကော့ကရိတ်မြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်တပ် (BGF) တို့ နယ်မြေရှင်းလင်းစဉ် ဩဂုတ် ၃ ရက် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် နောင်တိုင်းကျေးရွာအနီးရှိ တဲအတွင်း ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့မှ သမူဟဲအား သေနတ်နှစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည် ၁၅ တောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဖော်ထုတ်ချက်အရ တဲဝန်းကျင်မှ လက်နက်မျိုးစုံလေးလက်၊ ကျည်အိမ်နှစ်ခုနှင့် မှန်ပြောင်းတစ်လက်တို့အား ထပ်မံသိမ်းဆည်းရမိသည်။

ကော့ကရိတ် မြို့နယ်အတွင်း တပ်မတော်နှင့် နယ်ခြားစောင့်တပ် (BGF)တို့က ဆက်လက်နယ်မြေရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# ရေဘေးသင့်ဒေသများသို့ နိုင်ငံတကာမှ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပို့ဆောင်နိုင်

**နေပြည်တော်  ဩဂုတ်  ၄**

သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် တပ်မတော်နှင့် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပေးပို့လျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမှ လေယာဉ်များဖြင့်ပေးပို့လာမည့် ကယ်ဆယ်ရေးပစ္စည်းများ လက်ခံနိုင်ရန် ရေဘေးသင့်ဒေသများသို့ အမြန်ဆုံးသယ်ယူဖြန့်ဖြူးပေးနိုင်မည့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်များကို ဦးစားပေးသတ်မှတ်ထားရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်လည်း ထပ်မံဖွဲ့စည်း၍ ကယ်ဆယ်ရေးပစ္စည်းများလက်ခံရန် စီမံဆောင်ရွက်ထားရှိသည်။

ထို့ပြင်နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများအနေဖြင့် ကယ်ဆယ်ရေးပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် တိုက်ရိုက်ပို့ဆောင် လှူဒါန်းနိုင်ရန်အတွက်လည်း စစ်ကိုင်းတိုင်းဒေသကြီးတွင် ကလေးလေဆိပ်နှင့် ရခိုင်ပြည်နယ်တွင် စစ်တွေလေဆိပ်တို့ကို လေယာဉ်ပြေးလမ်းဒီဇိုင်းအရ ဆင်းသက်ခွင့်ပြုနိုင်မည့် လေယာဉ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ တိုက်ရိုက်ဆင်းသက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

နိုင်ငံတကာအဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများမှ ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့လှူဒါန်းမည့်လေယာဉ်များ ဆင်းသက်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဆက်သွယ်ဆောင်ရွက်နိုင်သည့်လူ၊ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ဒေသများအတွက် လွယ်ဟိန်းကုမ္ပဏီမှ Alpine သောက်ရေသန့်များ လှူဒါန်း



**ရန်ကုန် ဩဂုတ် ၄**

မြန်မာနိုင်ငံရှိ နေရာအနှံ့အပြားတွင် ရေဘေးအန္တရာယ်များနှင့် ရင်ဆိုင်နေရပြီး ရေဘေးသင့်ပြည်သူများအား နိုင်ငံတော်အစိုးရဦးဆောင်ကာ တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စေတနာရှင်ပြည်သူများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ယခုတွင်လည်း ရေဘေးသင့်နေရာဒေသအားလုံးကို လွယ်ဟိန်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက Alpine သောက်ရေသန့်များ လှူဒါန်းလျက်ရှိသည်။

လွယ်ဟိန်းကုမ္ပဏီလီမိတက်သည် ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ကယ်ဆယ်ရေးစင်တာများ ဖွင့်လှစ်ကာ အလှူငွေများ ကောက်ခံလျက်ရှိပြီး Alpine ရေသန့်များကိုလည်း ရေဘေးသင့်ဒေသများသို့ ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းလျက်ရှိသည်။ ရေဘေးသင့်ဒေသများသို့ လှူဒါန်းနိုင်ရန်အတွက် လွယ်ဟိန်းကုမ္ပဏီသည် ရေသန့်များပိုမို ထုတ်လုပ်လျက်ရှိပြီး ရေဘေးသင့်ပြည်သူများ၏ အဓိကလိုအပ်ချက်ဖြစ်သော သောက်သုံးရေများ ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ယင်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌက "ဒီတစ်ခါ ရေဘေးက ပျက်စီးဆုံးရှုံးမှုများပါတယ်။ ရေဘေးသင့်ကျေးရွာတွေမှာ လယ်ယာမြေတွေ ဆုံးရှုံးခဲ့သလို စီးပွားရေးအတွက်လည်း ထိခိုက်မှုတွေ ရှိပါတယ်။ ရေဘေးသင့်ပြည်သူတွေကို လှူဒါန်းနိုင်ဖို့ ရေဘေးကယ်ဆယ်ရေးစင်တာနှစ်ခုဖွင့်ထားပါတယ်။ ရန်ကုန်မှာတစ်ခု၊ မန္တလေးမှာတစ်ခုဖြစ်ပြီး Alpine ရုံးချုပ်တွေမှာပဲ ဖွင့်ထားတာပါ။ ပြည်ပက အလှူရှင်တွေရှိသလို ပြည်တွင်းကလည်း လာရောက်လှူဒါန်းနိုင်ပါတယ်။ အလှူငွေပဲဖြစ်ဖြစ်၊ အဝတ်အထည်၊ ပစ္စည်းပဲဖြစ်ဖြစ် ပို့ဆောင်ပေးသွားမှာပါ။ ပထမဆုံးအနေနဲ့ ရေဘေးသင့်နေရာတွေမှာ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ရေဘေးသင့်နေရာတိုင်းကိုလည်း Alpine ရေသန့်တွေ လှူဒါန်းနေပါတယ်။ နေ့စဉ်လည်း လှူဒါန်းမှာပါ။ ဒါကြောင့် ရေသန့်ထုတ်လုပ်တဲ့ စက်ရုံတွေကို ၂၄ နာရီလည်ပတ်ထားပြီး တိုးမြှင့်ထုတ်လုပ်နေပါတယ်။ ပြီးတော့ ရေဘေးအတွက် ပရဟိတလုပ်နေတဲ့ အဖွဲ့အစည်းတွေကိုလည်း ရေသန့်တွေ လှူဒါန်းသွားမှာပါ။ ကားနဲ့ပို့လို့ရတဲ့ နေရာတွေကို ကားနဲ့ပို့ဆောင်ပေးနေပြီး လေယာဉ်နဲ့ပါ သွားလို့ရတဲ့နေရာတွေကိုလည်း Air KBZနဲ့ ပူးပေါင်းပြီး ပို့ဆောင်ပေးနေပါတယ်။ ကယ်ဆယ်ရေးစင်တာတွေကို နေ့စဉ်ဖွင့်ထားမှာ ဖြစ်ပြီး အနုပညာရှင်တွေလည်း လာရောက်ကောက်ခံပေးသွားမှာပါ။ ကယ်ဆယ်ရေးလုပ်ငန်းတွေပြီးရင် ကူးစက်ရောဂါမဖြစ်ဖို့နဲ့ ရေဘေးသင့်နေရာတွေ ပြန်လည်ထူထောင်ဖို့ လုပ်ဆောင်ရဦးမှာပါ။ ကျွန်တော့်အနေနဲ့လည်း ရေဘေးသင့်ဒေသတွေ ပြန်လည်ထူထောင်တဲ့အထိ လှူဒါန်းပေးသွားမှာပါ။ ငွေကြေးအကန့်အသတ်မထားပါဘူး။ ကျွန်တော်လည်း မြန်မာနိုင်ငံသားဖြစ်တဲ့အတွက် ရေဘေးသင့်ပြည်သူတွေအတွက် စိတ်မကောင်းဖြစ်ရပါတယ်။ ကျွန်တော့်အနေနဲ့ တတ်စွမ်းသမျှ ဆောင်ရွက်သွားမှာပါ"ဟု ပြောကြားခဲ့သည်။

ရေဘေးသင့်ဒေသများတွင် ကယ်ဆယ်မှုများ ဆောင်ရွက်လျက်ရှိသလို နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာအဖွဲ့အစည်းများက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိပြီး စေတနာရှင် ပြည်သူများကလည်း တတ်စွမ်းသမျှ ကူညီဆောင်ရွက်လျက်ရှိသည်။ **(ဖိုးသော်ဇင်)**

# ကန့်ဘလူ-ကောလင်း ရထားလမ်းပိုင်းပြတ်တောက်မှုကြောင့် RTC ကားများ ပြေးဆွဲကူညီ

**ကန့်ဘလူ ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဇူလိုင် ၁၆ ရက်မှစတင်ကာ ၁၀ ရက်တိုင်တိုင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ခဲ့ရာ ကောလင်း-ကန့်ဘလူလမ်းပိုင်း၊ ကန်ကြီးနှင့်ဇော်ချောင်းကြား သံတံတားရေတိုက်စားမှုကြောင့် မြန်မာ့မီးရထားပြေးဆွဲမှု ယာယီရပ်ဆိုင်းခဲ့သည်။

ကောလင်း-ကန့်ဘလူလမ်းပိုင်းတွင် မြန်မာ့မီးရထား ပြန်လည်မပြေးဆွဲမီ ခရီးသွားပြည်သူများအဆင်ပြေချောမွေ့စွာသွားလာနိုင်စေရန် ဇူလိုင် ၂၉ ရက်မှစတင်၍ ကောလင်း-မြစ်ကြီးနား မီးရထားလမ်းပိုင်းများ အစုန်၊ အဆန် ပြေးဆွဲခဲ့သော်လည်း ကောလင်း-ကန့်ဘလူလမ်းပိုင်းပြတ်တောက်ခဲ့သဖြင့် နိုင်ငံတော်အစီအစဉ်ဖြင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး RTC မော်တော်ယာဉ်ငါးစီးဖြင့် ခရီးသည်တစ်ဦးလျှင် တစ်ထောင်ကျပ်နှုန်းကောက်ခံကာ နေ့စဉ်အသွားအပြန် ပြေးဆွဲပေးလျက်ရှိသည်။

မြန်မာ့မီးရထား အစုန်၊ အဆန်ကို ကန့်ဘလူဘူတာတွင် ဆောင်ရွက်ထားရာ မန္တလေးမှ နံနက် ၅ နာရီခွဲထွက်ခွာသော (၄၁) အထူးအဆန်ရထားသည် ကန့်ဘလူဘူတာသို့ မွန်းလွဲ ၂ နာရီတွင်ရောက်ရှိပြီး ကန့်ဘလူဘူတာမှ RTC မော်တော်ယာဉ်ငါးစီးဖြင့် ကန့်ဘလူ-မဟာဗျူဟာလမ်း-ကျောက်တန်း-ကောလင်း ခရီးစဉ်အတိုင်း ခြောက်နာရီကြာ မောင်းနှင်ပြီး ကောလင်းသို့ ည ၁၀ နာရီတွင် ရောက်သည်။

ရေဘေးကယ်ဆယ်ရေးမော်တော်ယာဉ်ဝန်ထမ်းများ၊ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့် ဆက်သွယ်ရေး(စာတိုက်)မှ ဝန်ထမ်းများက ကောလင်းမှ ကန့်ဘလူသို့ ပို့ဆောင်ရာတွင် စေတနာထား၍ ဆောင်ရွက်လျက်ရှိကြသည်။ မြန်မာ့မီးရထား(ကန့်ဘလူ)ကလည်း ကောလင်းမှလာရောက်သော မော်တော်ယာဉ်လိုင်းများပြည့်စုံမှသာ ကန့်ဘလူမှထွက်ခွာပေးနေကြောင်း သိရသည်။

**ကိုကိုညိမ်း (ကောလင်း)**

## ဥတုရာသီ တောကိုမှီ၏

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လမ်းဦးစီးဌာန၊ မြို့နယ်များမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/ပြည်နယ်၊ (ပြင်ဆင်ထိန်းသိမ်းခြင်း)ရန်ပုံငွေဖြင့် အဆောက်အဦ၊ လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သော တည်ဆောက်ရေးပစ္စည်း(ကျောက်ရွယ်စုံ၊ သဲ၊ အုတ်၊ သစ်)များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ ဝယ်ယူလိုသည့် ပစ္စည်းအသေးစိတ်စာရင်းများကို ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် စုံစမ်းနိုင်ပါသည်။
၃။ တင်ဒါလျှောက်လွှာပုံစံများကို လွိုင်ကော်ခရိုင်၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး (ဖုန်း-၀၈၃-၂၁၀၀၈)တွင် ၆-၈-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

| | |
|---|---|
| တင်ဒါလျှောက်လွှာပိတ်ရက်/အချိန် တင်ဒါတင်သွင်းရမည့်ရက် | -၁၈-၈-၂၀၁၅ရက်၊ ၁၆း၃၀နာရီ |
| တင်ဒါရွေးချယ်မည့်ရက်/အချိန် | -၂၂-၈-၂၀၁၅ရက်၊ ၉း၃၀နာရီ |
| တင်ဒါရွေးချယ်မည့်နေရာ | -လွိုင်ကော်ခရိုင်၊ လမ်းဦးစီးဌာန၊ အစည်းအဝေးခန်းမ |

တင်ဒါစိစစ်ရေးကော်မတီ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

| ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|
| Terrameter&Software | 1Set | မြန်မာကျပ်ငွေ |

| | |
|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - ၃-၈-၂၀၁၅ရက် |
| ပိတ်ရက်နှင့်အချိန် | - ၁၀-၈-၂၀၁၅ရက်(၁၅း၀၀နာရီ) |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)
ထုတ်လုပ်ရေးနှင့်ဖြည့်တင်းရေးဌာနခွဲ
ရုံးအမှတ်(၅၀)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၃၁၂၉၅၊ ၀၆၇-၄၃၁၃၀၈

## ဆင်မင်းပုဆိုး

ရေဘေးကုသိုလ်အဖြစ် ဆင်မင်းပုဆိုးမှ (၃၀၀၀)ကျပ်ဖြင့် ရောင်းချလျက်ရှိသော ပုဆိုးများကို ရေဘေးဒုက္ခသည်များအား လှူဒါန်းနိုင်ရန်အတွက် အထူးနှုန်း(၁၆၀၀)ကျပ်နှုန်းဖြင့် အရေအတွက်များများဖြင့် ရောင်းချပေးလျက်ရှိပါသည်။ မှာယူလိုပါက အမှတ်(၁၅၅)၊ လမ်း(၃၀)၊ (၈၂×၈၃)လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း-၀၂-၃၄၁၀၁၊ ၀၂-၂၄၂၈၆

မူးယစ်ကင်းစင် အလှဆင်

နေပြည်တော်(၁) ဖုန်း- 251277 251288 | မင်္ဂလာ (၂) | မင်္ဂလာ စံပြ | မင်္ဂလာဒိုင်းမွန်း | မင်္ဂလာထွန်းသီရိ (မြိတ်)
ရွှေဆောင် | မင်္ဂလာစံပြ | မင်္ဂလာဒိုင်းမွန်း (မန္တလေး) | မြို့မ (မန္တလေး) | မင်္ဂလာထွန်းသီရိ (မြိတ်)






# ရေကြီးခြင်းနှင့်အတူ သတိပြုစရာအန္တရာယ်များ

à အေးသန်း(စိန်တုံးကြီး)

မြန်မာနိုင်ငံတစ်ဝန်း ယခုနှစ် ဇွန်လလယ်နှင့် ဇူလိုင်လဆန်းပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြန်မာနိုင်ငံအထက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ် အသီးသီးတို့တွင် ရေကြီးခြင်း၊ မြေပြိုခြင်း၊ ခရီးသွားလာရေးလမ်းကြောင်းများတွင် အဓိကကျသော လမ်းတံတားများပျက်စီးခြင်းတို့ကို နေ့စဉ်ကြုံတွေ့နေကြရပေသည်။ အချို့ဒေသရှိ ဆည်တာတမံများ ရေကြီးရေလျှံခြင်းကြောင့်လည်း တောင်သူလယ်သမားများ စိုက်ပျိုးထားရှိသော လယ်မြေများနစ်မြုပ် ပျက်စီးခြင်း၊ ကျေးရွာအချို့ရေနစ်မြုပ်မှုဖြစ်နေ၍ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို နေရာအနှံ့ ဆောင်ရွက်နေကြရသည်ကို နေ့စဉ်ထုတ်သတင်းစာများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ ဖော်ပြနေသဖြင့် တွေ့ မြင်နေရပေသည်။

ရေကြီးနစ်မြုပ်၍ ဒုက္ခခံစားနေကြရသော တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့ရွာများ အခြေအနေကို နေ့စဉ် ထုတ်နိုင်ငံပိုင်သတင်းစာများမှ နေ့စဉ်ဖော်ပြနေသဖြင့် ထပ်မံ၍အသေးစိတ်မဖော်ပြလိုသော်လည်း ရေကြီးရေ လျှံခြင်းနှင့်အတူထပ်၍လိုက်ပါလာသည့် အခြားသောဘေးအန္တရာယ်တို့ကိုလည်း အထူးသတိထားကြဖို့လိုပေသည်။ ရေကြီးနစ်မြုပ်နေသော ကျေးရွာများတွင်နေထိုင်ကြသူများအဖို့ ရက်ရှည်လများ ရေနစ်မြုပ်နေခြင်းကြောင့် မိမိတို့နေအိမ်အနီးရှိ သစ်ပင်ကြီးငယ်တို့၏အောက်ခြေတွယ်ကုတ်ထားသောအမြစ်များ မြေပွလာပြီး အမြစ်များကျွတ်ထွက်လဲပြိုကျလာနိုင်သည့် ဘေးအန္တရာယ်များကိုလည်း သတိထားကြရမည်ဖြစ်သည်။ ထို့အပြင် ရေကြီးခြင်းနှင့်အတူ မျောပါလာနိုင်သော မြွေဆိုးများသည်လည်း နေစရာမရှိတော့သဖြင့် မိမိတို့ အိမ်တွင်းသို့ဝင်ရောက်ခိုအောင်းကာ အဖုံးမရှိသောရေအိုး၊ ဆန်အိုး၊ သေတ္တာများအကြားတွင် နေတတ်သဖြင့် အဆိုပါ ဆန်အိုး၊ ရေအိုးနှင့် သေတ္တာများအကြား ခြောက်လှန့်ပြီး ဓာတ်မီးများဖြင့်ထိုးကြည့်ပြီးမှ ကိုင်တွယ်ကြရန်လည်း သတိထားကြရမည့် အန္တရာယ်များပင်ဖြစ်သည်။

**ရေကြီးနစ်မြုပ်နေစဉ် အိမ်ပေါ်ဆင့် ရေမမြုပ်တစ်မြုပ်ဖြစ်နေသဖြင့် ဆင့်ထိုး၍အိပ်ကြရာ မည်သည့်အချိန်က အိမ်ထဲရောက်နေသည်မသိသော မြွေပွေးတစ်ကောင်က ပက်လက်လန်အိပ်နေသည့်ဦးလေးဖြစ်သူ၏ . . .**

စာရေးသူ၏ကိုယ်တွေ့တစ်ခုပြောပြရလျှင် ဧရာဝတီတိုင်းဒေသကြီးတွင် နေထိုင်ခဲ့စဉ်က စာရေးသူတို့၏ ကျေးရွာတစ်ခုလုံး ရေကြီးနစ်မြုပ်နေစဉ် အိမ်ပေါ်ဆင့် ရေမမြုပ်တစ်မြုပ်ဖြစ်နေသဖြင့် ဆင့်ထိုး၍အိပ်ကြရာ မည်သည့်အချိန်က အိမ်ထဲရောက်နေသည်မသိသော မြွေပွေးတစ်ကောင်က ပက်လက်လန်အိပ်နေသည့် ဦးလေးဖြစ်သူ၏ ရင်ဘတ်ပေါ်မှလျှော၍ဆင်းသွားခဲ့သည့်ဖြစ်စဉ်ကို ဦးလေးက မှန်အိမ်အလင်းရောင်ဖျော့ဖျော့မှ မြင်တွေ့လိုက်ရပြီးနောက် မိမိပေါ်မှမြွေကျော်လွန်သွားပြီးမှထ၍ ရိုက်သတ်လိုက်သည့်ဖြစ်စဉ်တစ်ခု ရှိခဲ့ပါသည်။ ဦးလေးက သတ္တိရှိ၍ မိမိရင်ဘတ်ပေါ်မြွေကျော်ဖြတ်နေစဉ်ကပင် "အေးခနဲ" ခံစားလိုက်ရသည်ကိုသိပြီး မျက်လုံးဖွင့်ကြည့်ကာ မြွေမှန်းသိ၍အသက်အောင့်ထားပြီး ငြိမ်နေခဲ့ခြင်းကြောင့် ဦးလေးအသက်မသေဘဲ မြွေကိုသတ်နိုင်ခဲ့ခြင်းဖြစ်သည်။ အကယ်၍သာ မြွေတက်လာသည်ကို ကြောက်လန့်ပြီး ထလိုက်ပါက ဦးလေးအား မြွေကိုက်လိုက်မည်မှာ မလွဲပေ။ ဤဖြစ်စဉ်မျိုးကရှားသလောက်လူတိုင်းလည်း ဤလိုစိတ်ကူးမျိုး ရှိကြမည်မဟုတ်သကဲ့သို့ ဤသို့သော မမျှော်လင့်ဘဲကြုံတွေ့လာနိုင်သည့်အန္တရာယ်များကို သတိထားကြဖို့ လိုပေသည်။

အထူးသဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ မြစ်ကမ်းနံဘေးနှင့် တာတမံများအနီးနေထိုင်ကြသူများ အနေဖြင့်လည်း အထူးသတိထားနေထိုင်ကြဖို့ လိုပေသည်။ မိမိတို့နေထိုင်ရာအနီးရှိ တာတမံများ ကြွံခိုင်မှု ရှိမရှိ၊ ထုံပေါက်များ၊ ကြွက်တွင်းပေါက်များမှ ရေစီးကြောင်းများ စိမ့်ထွက်လာခြင်းများ၊ ရေလှိုင်းပုတ်ခတ်မှုကြောင့် တာတမံများပြိုလာခြင်း၊ ကျိုးလာခြင်းမရှိစေရန် သဲအိတ်၊ ကျောက်စရစ်များ၊ ဝါးများ၊ မျှောတိုင်များ၊ ဂုန်နီအိတ်များကို ကြိုတင်စုဆောင်းထားရှိခြင်း၊ တာတမံများ၏ မိုင်တိုင်အလိုက် (သို့မဟုတ်) ရပ်ကွက် အလိုက် ၊ ကျေးရွာအုပ်စုအလိုက် မြို့နယ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ ရေဘေးကာကွယ်ရေးအဖွဲ့အစည်းများ နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြမှသာ ရေဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ကြမည်ဖြစ်သည်။ သို့မဟုတ်ပါက တာတမံကြီးများကျိုးပေါက်သွားလျှင် တာတမံအနီးနေထိုင်ကြသော လူနေအိမ်များ အိမ်တိုင်ပါကျွတ်၍ ရေစီးနောက်မျောပါသွားနိုင်သည့် ဘေးအန္တရာယ်များကို ကြုံတွေ့ကြရမည့်အပြင် လယ်မြေဧကများစွာလည်း ဆုံးရှုံးကြရမည့်အခြေအနေကို ရင်ဆိုင်ကြရမည်ဖြစ်သည်။

သို့ပါ၍ ရေကြီးရေလျှံခြင်းများ တွေ့ကြုံခံစားနေရသော ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် ရေဘေးအန္တရာယ်များကို အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီမှ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကိစ္စများကို အလေးထားဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူများအနေဖြင့်လည်း စာရေးသူအထက်က ဖော်ပြခဲ့သည့် ရေကြီးခြင်းနှင့်အတူကပ်၍လိုက်ပါလာတတ်သည့် ဘေးအန္တရာယ်များကိုလည်း အထူးသတိထားကြရန်လိုအပ်ကြောင်း စေတနာထားသတိပေးရေးသားလိုက်ရပါတော့သည်။

❖ ❖ ❖

# ပန်းဧရာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ကျောက်တန်း ဩဂုတ် ၄

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ပန်းချောင်းကျေးရွာတွင် ဇူလိုင်၃၁ ရက် နံနက် ၉နာရီက ပန်းဧရာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ကျင်းပခဲ့သည်။

ပန်းဧရာစာကြည့် တိုက်အားကျောက်တန်းမြို့ ရွှေမော်ဝန်းလူမှုယဉ်ကျေးကူညီရေးအဖွဲ့မှ ငွေကျပ် ၁၀ သိန်း မတည်လှူဒါန်းပြီး ပန်းချောင်းကျေးရွာသူကျေးရွာသားများက လုပ်အားဒါနနှင့်ငွေကျပ် ၁၃ သိန်း၊ ဦးတင်ရွှေ(သာကေတ) က ငွေကျပ် လေးသိန်း၊ ဦးတင်ငွေ (သာကေတ) က ငွေကျပ် နှစ်သိန်းတို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဖွင့်ပွဲတွင် ကျောက်တန်းမြို့ အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပန်းချောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးထိုက်က စာကြည့်တိုက်ဖြစ်ပေါ်လာပုံကို ပြောကြားခဲ့သည်။ ဖွင့်ပွဲသို့ ရွှေမော်ဝန်းလူမှုယဉ်ကျေးကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်၊ အမျိုးသမီးရေးရာအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်နွယ်ဇင်ညွန့်၊ ကျောက်တန်းမြို့မှစာပေရေးရာကော်မတီဝင်များ၊ ဌာနဆိုင်ရာအသီးသီးမှဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

အောင်ဆွေ(ရွှေတံတား)



# စုပေါင်းကာကွယ်မှုဖြင့် မုံရွာမြို့ရေဘေးအန္တရာယ်ကျော်လွှားနိုင်

မုံရွာ ဩဂုတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ချင်းတွင်းမြစ်ရေကာကွယ်ရေးတာ တောင်ပိုင်းမှ ပေါက်တွဲရေတံခါးအနီးရှိ တာတွင် ဩဂုတ် ၂ ရက် နံနက် ၈နာရီခွဲခန့်က ထုံပေါက်ခဲ့ပြီး နံနက် ၁၁ နာရီခွဲခန့်တွင် ဆည်တာပေါင်ရိုးမှာ အလျားပေ ၃၀၊ အကျယ်ပေ ၂၀နှင့် အမြင့် ၁၅ ပေခန့် ကျိုးပေါက်ခဲ့မှုနှင့်အတူ ရေတံခါး၏ မြေထိန်းနံရံ အရှည်ပေ ၅၀ခန့်လည်း ကျိုးပေါက်ခဲ့သည်။

သို့ပါ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများပူးပေါင်း၍ ဆည်တာပေါင်ရိုး ရေတိုက်စားမှုအား သဲအိတ်များထပ်မံချခြင်း၊ မျှောတိုင်များရိုက်ခြင်း၊ သစ်ပင်သစ်ကိုင်းများအား ကာရံခြင်းတို့ဖြင့် ဆည်တာပေါင်မကျိုးစေရေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါတာပေါင်ရိုးကျိုးပေါက်မှုကြောင့် ချင်းတွင်းမြစ်ရေများသည် တောင်ပုံချောင်းမှတစ်ဆင့် ချောင်းဦးမြို့နယ် ပေါက်အင်းသို့ စီးဆင်းဝင်ရောက် လျက်ရှိရာ ဩဂုတ် ၂ ရက် မွန်းလွဲ ၃ နာရီခန့်တွင် ပေါက်အင်းအတွင်း ရေဝင်ရောက်မှုမှာ ၂၁၉ ပေရှိခဲ့ရာ ပေါက်အင်း၏ ရေသိုလှောင်နိုင်မှု ရေအမှတ်ပေ ၂၂၀၊ ဧကပေ ၇၂၀၀၀ မှ ၂၂၄ပေအထိ ရေများသိုလှောင်နိုင်သော်လည်း ချောင်းဦးမြို့နယ် တောကျောင်းကြီးအုပ်စု တောကျောင်းကြီးကျေးရွာ ပေါက်အင်းကျေးရွာ၊ ရွာထင်ကျေးရွာ၊ မကျီးခွကျေးရွာအုပ်စု၊ မကျီးခွကျေးရွာ၊ မင်းခေါင်ကျေးရွာ၊ မင်းတည်ကျေးရွာနှင့် မြောင်မြို့နယ် မကျီးဘုတ်ကျေးရွာအုပ်စုတို့ ရေဝင်ရောက်နိုင်သည့်အပြင် ချောင်းဦး-ပခုက္ကူလမ်းမအပေါ်သို့ ရေများဖြတ်ကျော်စီးဆင်းနိုင်သဖြင့် ထနောင်းတောကျေးရွာအောက်ရှိ ပုရစ်ကုန်း၊ တောင်ပုံကျေးရွာရှိ ဒေသခံပြည်သူများ ရေဘေးအန္တရာယ်မှ ကင်းလွတ်စေရေးနှင့် လူနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ ရွှေ့ပြောင်းလျက်ရှိပြီး ချောင်းဦးမြို့နယ်အတွင်းရှိ ကျေးရွာများကိုလည်း ကြိုတင်သတိပေးထားသည်။

အဆိုပါကျေးရွာများအတွင်းသို့ ရေဝင်ရောက်ပါက ရေဘေးအန္တရာယ်မှ ကင်းလွတ်စေရေးနှင့် လူနှင့်ကျွဲ၊ နွားတိရစ္ဆာန်များအဖြစ် ရွှေ့ပြောင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့၏ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာကို ကျော်လွန်ပြီး ဩဂုတ် ၃ ရက် နံနက် ၂ နာရီတွင် ၁၁၄၂ စင်တီမီတာသို့ ရောက်ရှိခဲ့ရာ ချင်းတွင်းမြစ်တာရိုးရှိ နေရာအချို့တွင် တာဘောင်အထက်သို့ ရေအနည်းငယ် လျှံကျသော်လည်း တာရိုးကျိုးပေါက်ခြင်းမရှိကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သံဃာတော်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ သဲအိတ်ဖို့ခြင်းအပါအဝင် လိုအပ်သည်များ ဆောင်ရွက်ခဲ့ရာ ရေဘေးအန္တရာယ်မှ ကင်းဝေးခဲ့သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့ နံနက် ၇နာရီတွင် ၁၁၄၃ စင်တီမီတာ၌ ရပ်တန့်နေပြီး ညနေ ၃ နာရီခန့်တွင် ၁ စင်တီမီတာခန့်သာတိုးကာ ချင်းတွင်းမြစ်အထက်ပိုင်းတွင်လည်း မိုးရွာသွန်းမှုလျော့နည်းလျက်ရှိကြောင်း၊ မုံရွာမြို့တွင် ချင်းတွင်းမြစ်ကမ်းဘေးနေထိုင်သူအချို့မှာ ရေဘေးအန္တရာယ်စိုးရိမ်သဖြင့် ဩဂုတ် ၂ ရက် ညဦးပိုင်းက မြို့ပေါ်ရှိ စာသင်ကျောင်းအချို့တွင် ပြောင်းရွှေ့နေထိုင်ကြောင်းနှင့် သံဃာတော်များမှလည်း ဩဂုတ် ၃ ရက် နံနက်ပိုင်းမှစ၍ ချင်းတွင်းမြစ်တာ ရိုးပေါ်မှ ရေဘေးအန္တရာယ်ကင်းဝေးစေရေး အန္တရာယ်ကင်းပရိတ်တရားများ ရွတ်ဖတ်ပေးခဲ့ကြောင်း သိရသည်။

(တိုင်းဒေသကြီး/ပြန်ဆက်)

❖

# ကျန်းမာရေးသတိပေးနှိုးဆော်ချက်

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုအန္တရာယ်၊ ရုတ်တရက်ရေလွှမ်းမိုးမှုအန္တရာယ်၊ မိုးကြိုးအန္တရာယ်၊ မြေပြိုမှုအန္တရာယ်၊ လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ်၊ ထိခိုက်မှုအန္တရာယ်၊ မြွေကိုက်မှုအန္တရာယ်နှင့် အအေးမိ၍ ဖျားနာခြင်း၊ အဆုတ်ရောင်ခြင်း၊ ကူးစက်ရောဂါများဖြစ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အစာအဆိပ်သင့်ရောဂါနှင့် အခြားကျန်းမာရေးပြဿနာများ ဖြစ်ပွားတတ်ပါသည်။ သို့ဖြစ်ပါ၍ -

၁။ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များမှထုတ်ပြန်သော လိုက်နာဆောင်ရွက်ရမည့် သတိပေးချက်များကို တိကျစွာလိုက်နာပါ။

၂။ သက်ဆိုင်ရာမှညွှန်ကြားချက်ရမှသာ ယာယီနားခိုနေသော အဆောက်အအုံ၊ အမိုးအကာများအောက်မှ ထွက်ခွာပါ။ ရေလွှမ်းမိုးနေချိန်တွင် ချိုင့်ခွက်နှင့် မြောင်းများအတွင်းသို့ ချော်ကျ၍ ရေနစ်နိုင်သည့် အန္တရာယ်ရှိသောကြောင့် သတိပြု၍ သွားလာပါ။

၃။ လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ်ရှိ၍ သတိပြုသွားလာပါ။

၄။ မြွေအန္တရာယ်ကြုံတွေ့ရတတ်သဖြင့် သတိပြုကြပါ။

၅။ ထိခိုက်ဒဏ်ရာရရှိပါက ဆေးရုံများနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများတွင် ချက်ချင်းပြသ၍ ဆေးကုသမှုခံယူပါ။

၆။ ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် အစားအစာနှင့် ရေမှတစ်ဆင့် ကူးစက်တတ်သောရောဂါများဖြစ်ပွားနိုင်သဖြင့် ကျိုချက်ထားသောရေ (သို့မဟုတ်) ကလိုရင်းဆေးခတ်ထားသော ရေကိုသာသောက်ပါ။ မြစ်ရေ၊ ချောင်းရေနှင့် မသန့်ရှင်းသောရေများကို မသောက်ပါနှင့်။

၇။ အစာအဆိပ်သင့်မှုမဖြစ်စေရန် ရေမျောအစားအစာများနှင့် စည်သွတ်ဘူးများ၊ အခြားအမျိုးအမည်မသိအစားအစာများ မစားသောက်ပါနှင့်။ (အစားအစာများကို မစားသောက်မီ စစ်ဆေးပါ။)

၈။ ရက်လွန်အစားအစာများနှင့် လတ်ဆတ်မှုမရှိသော အစားအစာ၊ သိုးနေသော အစားအစာများနှင့် သန့်ရှင်းမှုမရှိသော အစားအစာများကိုမစားပါနှင့်။ အမှည့်လွန်အသီးများ မစားပါနှင့်။

၉။ သောက်သုံးရေ အရင်းအမြစ်များနှင့် ရေတွင်းရေကန်များအနီး အညစ်အကြေးမစွန့်ပါနှင့်။

၁၀။ အအေးမမိစေရန် အမိုးအကာအောက်တွင်နေပါ။ နွေးထွေးသောအဝတ်များ ဝတ်ဆင်ထားပါ။ (ကလေးသူငယ်များကို အထူးဂရုစိုက်ပါ။)

၁၁။ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ကြပါ။

၁၂။ နာမကျန်းဖြစ်ပါက ကျန်းမာရေးဌာနတွင် ချက်ချင်းပြသ၍ ဆေးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

## အင်္ဂပူမြို့နယ်ရှိ ရေဝင်နစ်မြုပ်ဒေသများတွင် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိ

**အင်္ဂပူ ဩဂုတ် ၄**

အင်္ဂပူမြို့နယ်တွင် ဩဂုတ် ၃ ရက် နံနက် ၆ နာရီက ရောဝတီမြစ်ရေသည် အန္တရာယ်ရေအမှတ် ၅၂ ဒသမ ၂၀ ပေသို့ ရောက်ရှိနေသဖြင့် ဒေသအချို့တွင် ရေဝင်နစ်မြုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါရေဝင်နစ်မြုပ်ဒေသများရှိ အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး ပြောင်းရွှေ့အိမ်ထောင်စုများ၏ ကျန်းမာရေးနှင့် စားသောက်ရေးတို့အတွက် ဆေးပေးခန်းများဖွင့်လှစ်ထားရှိကာ မြို့နယ်အုပ်ချုပ်ရေးမှူး၏စီမံမှု၊ စေတနာရှင်များက စုပေါင်းလှူဒါန်းမှုတို့ဖြင့် ထမင်းထုပ်များ၊ သောက်ရေသန့်များ ဝေငှပေးလျက်ရှိကြောင်းနှင့် အင်္ဂပူမြို့နယ်တွင် ရေဝင်နစ်မြုပ်ဒေသ ၁၀ ခုရှိ အိမ်ထောင်စု ၄၀၉ စု၊ လူဦးရေ ၂၀၀၈ ဦးအတွက် ကယ်ဆယ်ရေးစခန်း ၁၅ ခု ဖွင့်လှစ်ဆောင်ရွက်ထားကြောင်းသိရသည်။

**မန်းကျော်(ပြန်/ဆက်)**

## ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်၌ပန်းတနော်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း ၁၆ ရွာ တိုးချဲ့ဖွဲ့စည်း

**ပန်းတနော် ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း ၁၆ ရွာ တိုးချဲ့ရရှိခဲ့၍ အဆိုပါကျေးရွာများတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများအား မြို့နယ်/ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေယျာနိုင်နှင့်အဖွဲ့က ဩဂုတ် ၂ ရက်တွင် စတင်ကွင်းဆင်းဖွဲ့စည်းခဲ့ကြောင်းသိရသည်။

အဆိုပါကျေးရွာများမှာ ကြွက်နီကုန်း၊ အစုကြီး၊ ဘုရားကြီးထောင့်၊ တလုပ်ထော်၊ ရေလယ်ချောင်း၊ ပြန့်ကြီး (အလယ်ကုန်း)၊ တော်တရလေး၊ ငါးကြင်းချောင်း၊ သုံးထပ်ကျောင်း၊ အထက်ကဇင်းတော၊ တူးချောင်း၊ ရေလဲအောက်စု၊ ပိုက်တဲ၊ နဲ့ကော၊ ရေလဲကြီး၊ နဲ့ဟထုံး (မြောက်)၊ ကျုံလမ်းရွာမ၊ အိုးဘိုရွာမ၊ ကျောင်းစုကျေးရွာတို့ဖြစ်ကြောင်းသိရသည်။

ကျေးရွာတစ်ရွာလျှင် မတည်လည်ပတ် ရင်းနှီးငွေကျပ်သိန်း ၃၀၀ ဖြင့် ကျပ်သိန်း ၄၈၀၀ ကို ကျေးရွာတစ်ရွာချင်းအလိုက် ဘဏ်စာရင်းဖွင့်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းကျေးရွာ ၁၈ ရွာအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်စီမံကိန်းကျေးရွာ ၁၆ ရွာ ထပ်မံတိုးချဲ့ရရှိသဖြင့် စုစုပေါင်း စီမံကိန်းကျေးရွာ ၃၄ ရွာ ရှိပြီဖြစ်ကြောင်း သိရသည်။

**(၁၆၆)**

## မကွေးမြို့တွင် ရွေးကောက်ပွဲဆိုင်ရာမဲပေးနိုင်ရေး Election Reporting Training သင်တန်းပေး

**မကွေး ဩဂုတ် ၄**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကာလတွင် ပြည်သူများ စိတ်ပါဝင်စားစွာ မဲပေးနိုင်ရေးအတွက် သတင်းဆိုင်ရာ အချက်အလက်များအား အပြန်အလှန်မျှဝေသုံးစွဲနိုင်ရန် ရည်ရွယ်၍ Election Reporting Training သင်တန်းကို Mizzima Media Trainer ဦးကျော်ကျော်လင်းနှင့် ကိုစိုးဇော်မော်တို့က သင်တန်းနည်းပြအဖြစ် ဆောင်ရွက်ခဲ့သည်။

ယင်းသင်တန်းတွင် မကွေးမြို့နယ်အပါအဝင် မြို့နယ် ၆ မြို့နယ်မှ မီဒီယာ ၂၂ ဦးတို့ကို ဩဂုတ် ၁ ရက်မှစပြီး မကွေးမြို့ ဗိုလ်ချုပ်လမ်း ပဒဿဟိုတယ်၌ သင်တန်းသုံးရက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် သရက်၊ မင်းဘူး၊ မကွေး၊ နတ်မောက်၊ ရေနံချောင်းနှင့် ချောက်၊ မြိုင်မြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး သတင်း၏ဖွင့်ဆိုချက်များ၊ သတင်းအရင်းအမြစ် စတင်ဖြစ်ပေါ်လာသည့် အကြောင်းနှင့် အင်တာဗျူးမသွားမီ သတင်းသမားများကြို တင်ပြင်ဆင်ရမည့်အချက်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲပြီးနောက်ပိုင်းကာလ စသည်တို့နှင့် ရွေးကောက်ပွဲစက်ဝန်းတို့ကို ပြည်သူများစိတ်ဝင်စားစေမည့် အပိုင်းရှစ်ပိုင်းခွဲ၍ ရှင်းလင်းပြောကြားခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သော ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီသင်တန်းကိုတက်ရလို့ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ အကျိုးကျေးဇူးတော်တော်များများရလိုက်တယ်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအကြိုကာလနဲ့ ကျင်းပနေစဉ် အများပြည်သူစိတ်ပါဝင်စားအောင် ကော်မရှင်နဲ့ မီဒီယာ ဘယ်လိုပူးပေါင်းဆောင်ရွက်သင့်တယ်ဆိုတာ သိရပါတယ်။ ဥပမာ-သေတဲ့သူနာမည်ပါရင် ကော်မရှင်မှာ ဘယ်ပုံစံနဲ့ကန့်ကွက်သင့်တယ်။ မိမိနာမည်မပါရင် ဘယ်ပုံစံတောင်းဖြည့်ရမယ်။ နောက်ပြီး အခုသင်တန်းမှာ ရွေးကောက်ပွဲစက်ဝန်းအကြောင်းနဲ့ ဘယ်လိုသတင်းလိုက်ရမယ်၊ သတင်းခေါင်းစဉ် ဘယ်လိုပေးရမယ်ဆိုတာအပြင် သတင်းသမားကျင့်ဝတ်နဲ့ ပဋိပက္ခကို မီးထိုးပေးတာမျိုးမဖြစ်အောင် ရှင်းရှင်းလင်းလင်းသိရတော့ ဘယ်လိုချပြရေးသားပေးမယ်ဆိုတာကိုပါ သိရပါတယ်" ဟု မကွေးမြို့မှ သတင်းထောက်တစ်ဦးက ပြောသည်။

မဇ္ဈိမသတင်းဌာနမှ သင်တန်းနည်းပြ ဦးကျော်ကျော်လင်းကလည်း "ယခုတက်ရောက်လာတဲ့ သတင်းမီဒီယာသမားများရရှိလာတဲ့ သတင်းအချက်တွေကို မိမိတို့မိခင်သတင်းဌာနအပြင် သတင်းအချက်အလက်များ မျှဝေသုံးစွဲနိုင်ရန်ရည်ရွယ်ပြီး ချိတ်ဆက်ပေးပို့နိုင်မဲ့ ပဲခူးအာသံ၊ မားနဂါး၊ ကန္တရဝတီ၊ သံလွင်လှိုင်း၊ Development နှင့် ဖားစည်သံ၊ တနင်္သာရီလှိုင်းတို့ကို တိုက်ရိုက်ပေးပို့နိုင်သလို အချင်းချင်းဖေ့စ်ဘွတ်ခ်ချင်းချိတ်ဆက်ပြီး ရှယ်သွားမယ်" ဟုပြောသည်။

ယခုကဲ့သို့သောသင်တန်းကို မကွေးမြို့မှာပေးသည့်အပြင် ပုသိမ်၊ ပဲခူး၊ လားရှိုး၊ လွိုင်ကော်၊ မန္တလေး၊ နေပြည်တော်နှင့် မော်လမြိုင်၊ ရန်ကုန်တို့တွင်လည်း သင်တန်းပြုလုပ်ပေးပြီးဖြစ်ကြောင်း သိရသည်။

**ခွဲထက်ရှင်**

## နယ်လှည့်ဆေးကုသရေးအဖွဲ့ မိုးနဲမြို့နယ်၌ (၁၇) ကြိမ်မြောက် အခမဲ့ဆေးကုသ



**မိုးနဲ ဩဂုတ် ၄**

တောင်ကြီးမြို့နယ်၊ လင်းခေးမြို့နယ်၊ မိုးနဲမြို့နယ် နမ့်ခုံးရှမ်းများပရဟိတအသင်းတို့၏ စီစဉ်မှုဖြင့် မိုးနဲမြို့နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် အခမဲ့ကျန်းမာရေးစစ်ဆေးကုသမှုများ ဆောင်ရွက်ပေးခြင်းကို ပေါ့မိုင်းရပ်ကွက်ရှိ ချမ်းသာကြီးဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဩဂုတ် ၁ ရက်မှ ၂ ရက်အထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် နမ်ခုံးရှမ်းများပရဟိတအသင်း (တောင်ကြီးမြို့) မှ ဒေါက်တာမေဇွန်ပွင့်က အခမဲ့နယ်လှည့်ဆေးကုသရေးအဖွဲ့၏ ဆောင်ရွက်နေသော ပရဟိတလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး မိုးရာသီတွင်ဖြစ်ပွားတတ်သောရောဂါများအကြောင်း သိကောင်းစရာကို ဒေါက်တာစိုင်းရှိန်ပြည့်က ပညာပေးဟောပြောခဲ့သည်။

ယင်းနောက် နမ်ခုံးရှမ်းများပရဟိတအသင်း (တောင်ကြီးမြို့)မှ ဆရာဝန်များက အထွေထွေရောဂါဝေဒနာရှင်များ၊ သွားဝေဒနာရှင်များနှင့် မျက်စိဝေဒနာရှင်များ စုစုပေါင်း ၁၂၀၀ တို့အား ကျန်းမာရေးစစ်ဆေးကုသပေးပြီး လိုအပ်သောဆေးဝါးများနှင့် မျက်စိဝေဒနာရှင်များအတွက် လိုအပ်သောမျက်မှန်များအား အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**



ချင်းပြည်နယ် ဟားခါးမြို့ ရန်းတောင်ခြေရှိ မြေပြိုကျရန်အန္တရာယ်ရှိသော ဈေးဟောင်းရပ်ကွက် ကွက်သစ်နေပြည်သူများကို ကျောဘုတ်ရပ်ကွက်ရှိ ချင်းဓမ္မတက္ကသိုလ်သို့ ပြောင်းရွှေ့နိုင်ရေးအတွက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးတို့ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ သယ်ယူပို့ဆောင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၂ ရက်က ချင်းဓမ္မတက္ကသိုလ်သို့ ရွှေ့ပြောင်းပေးသည့် သဘာဝဘေးသင့်အိမ်ထောင်စု ၅၂ စု၊ လူဦးရေ ၃၀၀ ကျော်ရှိကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - ဟားခါးခရိုင်(ပြန်/ဆက်)

## ဓမ္မသုခကျောင်းတိုက်၌ ဝိမုတ္တိသုခဓမ္မဗိမာန်တော် ရေစက်ချအလှူတော်မင်္ဂလာကျင်းပ

**တောင်ကြီး ဩဂုတ် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ဓမ္မသုခကျောင်းတိုက်၌ ဝိမုတ္တိသုခဓမ္မဗိမာန်တော် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ဩဂုတ် ၂ ရက် နံနက် ၉ နာရီက ဓမ္မသုခကျောင်းတိုက် ဝိမုတ္တိသုခဓမ္မဗိမာန်တော်ကြီး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အစီအစဉ်အရ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ၊ မဟာကမ္မဋ္ဌာနာစရိယ စွန်းလွန်းဂူကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသမထေရ်မြတ်ထံမှ ရှမ်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်ဇနီး ဒေါ်ဖြူဖြူညွန့် မိသားစု၊ အလှူရှင်မိတ်သင်္ဂဟအပေါင်း၊ အလှူရှင်မိသားစုများ၊ ပြည်နယ်ဝန်ကြီးများ၊ တက်ရောက်လာကြသော မိတ်သင်္ဂဟအပေါင်းတို့က ကိုးပါးသီလခံယူဆောက်တည်ခြင်းနှင့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုခဲ့ကြသည်။

ရှမ်းပြည်နယ် ဝန်ကြီးချုပ်မိသားစုက ဓမ္မသုခကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံမှ ဝိမုတ္တိသုခကျောင်း ဓမ္မဗိမာန်တော်လှုတ်ပွဲနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ဆက်ကပ်လှူဒါန်းပေးခဲ့သည်။

ယင်းနောက် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများလှူဒါန်းရာတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးများက ပင့်သံဃာတော်အရှင်မြတ်များအား လည်းကောင်း၊ အလှူရှင်မိတ်သင်္ဂဟအပေါင်းတို့ကလည်း ပင့်သံဃာတော်အရှင်သူမြတ်တို့အားလည်းကောင်း အသီးသီးလှူဒါန်းခဲ့ကြသည်။

ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ မူလမင်းကွန်းစာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တပညာသီရိမထေရ်မြတ်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြား၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် နှင့်ဇနီး၊ အလှူရှင်မိသားစုများက ဝိမုတ္တိသုခဓမ္မဗိမာန်တော်ကြီးအားလှူဒါန်း၍ ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ဝိမုတ္တိသုခဓမ္မဗိမာန်တော်ကြီးအား စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ပါဝင်လှူဒါန်းခဲ့ကြသော အလှူရှင်များ၏ စုစုပေါင်းလှူဒါန်းငွေမှာ ကျပ် ၃၈၁,၇၇၀,၇၄၅ ဖြစ်ကြောင်းနှင့် ဆရာတော်၊ သံဃာတော်အရှင်မြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပေးခဲ့ကြသည်။

**စိုင်းသန်းကျော် (တောင်ကြီး)**

❖ ❖ ❖

# လူလေးသို့ပေးစာများ - ၂၂



မြသန်းတင့်

*ဆရာမြသန်းတင့် ဘာသာပြန်ဆိုသည့် "လူလေးသို့ပေးစာများ"မှာ နှစ်ပေါင်း ၂၀၀ ကျော်ကအဖြစ်အပျက်များဖြစ်သော်လည်း ယနေ့ထက်တိုင်အသက်ဝင်နေဆဲဖြစ်၍ ကြေးမုံသတင်းစာဖတ် လူငယ်လူရွယ်များ လေ့လာမှတ်သားနိုင်စေရန်အတွက် အပတ်စဉ် (ဗုဒ္ဓဟူးနေ့တိုင်း) ဖော်ပြပေးလိုက်ပါသည်။*

**လန်ဒန်၊ စက်တင်ဘာ ၂၂ ရက်၊ ၁၇၉၄ခုနှစ်**

**လူလေး**

မင်းအရွယ်တုန်းက ဖေဖေဟာ နေရာတကာမှာ သူများထက် ထူးချွန်ချင်တဲ့စိတ်တွေ ရှိခဲ့ဖူးတယ်။ ဒါ့ကြောင့် စာပြဆရာတွေနဲ့တဲ့ အခါမှာဖြစ်စေ၊ ညနေပိုင်းအပေါင်းအသင်းများနှင့် နေတဲ့အခါမှာဖြစ်စေ၊ အပြုအမူရော၊ အဝတ်အစားမှာရော၊ အမူအရာမှာရော အမြဲဂရုစိုက်ခဲ့တယ်။ လူငယ်တစ်ယောက်ဟာ နေရာတကာမှာ ထူးချွန်ချင်တဲ့စိတ်ရှိရမယ်။ ထူးချွန်ရမယ်ဆိုတဲ့ မျှော်မှန်းချက်ထားရမယ်။ ဒီလိုမျှော်မှန်းချက်မျိုးထားရာမှာ ပိုရင်သာပိုရမယ်။ လိုတော့ မလိုစေရဘူး။ စောစောက ဖေဖေပြောခဲ့တဲ့ ကိစ္စကလေးတွေဟာ အသေးအဖွဲလေးတွေ မဟုတ်ဘူး။ လောကကြီးအလယ်မှာ လူတစ်လုံး သူတစ်လုံးဖြစ်ချင်သူတွေ၊ အောင်မြင်ကြီးပွားလိုသူတွေအတွက် အလွန်အရေးကြီးတဲ့ အရာတွေဖြစ်တယ်။ လောကကြီးမှာ ကောင်းမွန်ထိုက်တန်အောင် နေတတ်ရုံနဲ့မပြီးသေးဘူး။

ကောင်းစွာကျေနပ်အောင်လည်း လုပ်တတ်ရသေးတယ်။ ခွတီးခွကျ ယောင်တီးယောင်ကန်း အမူအရာဟာ နှစ်သက်စရာမကောင်းတဲ့ အမူအရာဖြစ်တဲ့အတွက် ကြီးပွားရေးလမ်းမှာ အများကြီး အတားအဆီးဖြစ်တတ်တယ်။

တော်တဲ့အက သင်ဆရာတစ်ယောက်ကို တွေ့ရင် ဘယ်မှာပဲဖြစ်ဖြစ် မင်းကို ဒူးထောက်ထိုင်တတ်အောင် သင်ပေးပါစေ။ မငြင်းပါလေနဲ့။ အကကောင်းအောင်တော့ မဟုတ်ဘူး။ ဧည့်ခန်းဆောင်ထဲ ဝင်လာတဲ့အခါ အများအမြင်မှာ နူးညံ့သိမ်မွေ့ပြီး ယဉ်ကျေးတဲ့ အသွင်မျိုးကို ဆောင်နိုင်အောင်လို့ပါ။

မင်းဆက်ဆံရမယ့်အမျိုးသမီးတွေဟာ အောက်တန်းကျပြီး ခွတီးခွကျ နိုင်တဲ့အမူအရာမျိုး၊ အပြုအမူမျိုးကို ခွင့်လွှတ်လေ့မရှိကြဘူး။ တချို့လူတွေဟာ တော်တော့တော်ပါရဲ့။ ဒါပေမယ့် မယဉ်ကျေးကြဘူး။

ယောကျ်ားတော်တော်များများ ဒီအတိုင်းဖြစ်တတ်ကြတယ်။

ဖေဖေပို့လိုက်တဲ့ စိန်လက်ပတ်ကြိုးကို ချောချောမောမော လက်ခံရရှိတယ်လို့ သိရတဲ့အတွက်ဝမ်းသာတယ်။ ဒီစိန်လက်ပတ်ကြိုးကို ပို့လိုက်ရတဲ့ အတွက် ဖေဖေပြန် လိုချင်တဲ့ အရာကတော့ အဲဒီစိန်ကြိုးကို မင်းခြေထောက်မှာ ပတ်သည့်တိုင်အောင် ခြေအိတ်ကြားမှာ ညှပ်ပြီး ကိုရို့ကားယားမဝတ်မိဖို့ပဲ။ စိန်လက်ပတ်ကြိုးကို ခြေထောက်မှာ ဝတ်တဲ့အတွက် မင်းကို လူကြွားလို့ထင်ကောင်းထင်ကြမယ်။

ဒီလိုအထင်ခံရတဲ့အတွက် ဖေဖေ စိတ်မကောင်းဘူး။ ဒါပေမယ့် လူကြွားနဲ့ လူနုတ်(လူညံ့) ဘယ်သူ့ကို ရွေးမလဲလို့မေးရင် လူကြွားကိုပဲ ရွေးမိမှာပဲ။ ဖေဖေ့အရွယ်ဟာ အဝတ်အစားကို လျစ်လျူပြုခြင်းဟာ အခြားသူများနဲ့ ဆက်ဆံရာမှာ မသင့်မြတ်ဘူးလို့ ဖေဖေထင်တယ်။ ဖေဖေဆိုရင် ကောင်းပေ့ညွန့်ပေ့ဆိုတဲ့ အဝတ်အစားတွေကို ဝတ်ခဲ့တဲ့အတွက် နောက်ထပ်မဝတ်တော့ပါဘူး။ ဒါပေမယ့် ဖေဖေဝတ်တဲ့ရိုးရိုး အဝတ်အစားဟာ ဖေဖေနဲ့ လိုက်ဖက်ရမယ်။ အခြားသူများရဲ့အဝတ်အစားလိုပဲ သင့်လျော်ရမယ်။

ညနေခင်းများမှာ အရေးပေးခြင်းနဲ့ ထိုက်တန်ပြီး ဒါနဲ့အညီ အလေးထားရမယ့် အထက်တန်းကျတဲ့ အမျိုးသမီးများနဲ့ နေဖို့ ဖေဖေအကြံပေးချင်တယ်။ အမျိုးသမီးများနဲ့ ဆက်ဆံပေါင်းသင်းခြင်းဟာ မင်းရဲ့အပြုအမူ အနေအထိုင်ကို နူးညံ့သိမ်မွေ့လာအောင် လုပ်ပေးလိမ့်မယ်။ တစ်ဖက်သားကို အရေးပေး လေးစားတတ်တဲ့ အကျင့်မျိုးရှိလာအောင်လည်း လုပ်ပေးလိမ့်မယ်။ ဒီလိုအကျင့်မျိုးကို ရသွားရင် ယောကျ်ားတွေရဲ့အသိုင်းအဝိုင်းမှာ ကိုယ့်အဖို့ အခွင့်အလမ်းအများကြီး သာနိုင်တယ်။

မင်းနဲ့ပတ်သက်လို့ ဖေဖေရဲ့ စီမံကိန်းကတော့ အစကတည်းက စာတတ်ပေတတ် အသိုင်းအဝိုင်းမှာရော၊ ယဉ်ကျေးတဲ့အသိုင်းအဝိုင်းမှာပါ မင်းကို ထူးချွန်ထက်မြက်အောင် တောက်ပအောင် လုပ်ဖို့ဖြစ်တယ်။

စာတတ်ပေတတ် အသိုင်းအဝိုင်းမှာ တောက်ပအောင် လုပ်ဖို့ဆိုတဲ့ ဖေဖေရဲ့ ပထမရည်ရွယ်ချက်ကတော့ စိတ်တိုင်းကျအောင်မြင်သလောက် ရှိနေပြီ။ ဒုတိယရည်ရွယ်ချက်နဲ့ ပတ်သတ်လို့လည်း မကြာခင်အတွင်းမှာ စိတ်တိုင်းကျ ပြည့်ဝလိမ့်မယ်လို့ ဖေဖေမျှော်လင့်ထားတယ်။ ဒုတိယရည်ရွယ်ချက် ပြည့်ဝဖို့ ကိစ္စကတော့ ခုထက်တိုင်မင်းရဲ့အစွမ်းအစပေါ်မှာ တည်နေသေးတယ်။ ဒီလိုပြည့်ဝအောင် လုပ်လိမ့်မယ်လို့လည်း ကိုယ့်ဖာသာ ကိုယ်နှလုံးသွင်းတယ်။ ဒီလိုမလုပ်နိုင်ရင်တော့ ပထမပိုင်းမှာ မင်းရရှိခဲ့တဲ့ ပညာတွေဟာ အချည်းနှီးဖြစ်မှာပဲ။ အထူးသဖြင့် အပြင်သဏ္ဍာန်နဲ့ ဟန်ပန်အမူအရာတို့ကို အရေးပေးလုပ်ဆောင်ရတဲ့ မင်းတို့ လုပ်ငန်းမျိုးမှာ ပိုလို့တောင် အရေးကြီးသေးတယ်။ ဒီအချက်တွေဟာ မင့်အရည်အချင်းရဲ့ ရှေ့ပြေးတမန်တွေဖြစ်တယ်။ ဒီအချက်တွေမရှိရင် မင့်အရည်အချင်းကို အေးစက်စွာ ဆီးကြိုကြမှာပဲ။ အများအားဖြင့် လူတွေတော်တော်များများဟာ တကယ့်အရည်အချင်းကို ဆုံးဖြတ်တာထက် အပေါ်ယံမြင်ရတဲ့ အချက်ကလေးတွေကို ဆုံးဖြတ်တတ်ကြတာကိုး။

နေထိုင်မကောင်းဖြစ်ပြီးတဲ့နောက် မင်းလည်း တော်တော့်ကို ထွားလာတယ်လို့ မစ္စတာဟာတီက ပြောပြတယ်။ မင်းအရပ်ဟာ ငါးပေဆယ်လက်မ၊ အနည်းဆုံး ငါးပေကိုးလက်မလောက်ရှိ ရင်တော်တော်ကြည့်ကောင်းနေပြီ။ ဒီအထဲမှာ အချိုးကျကျလည်း ဝတ်စားတတ်ရင်၊ ဆက်ဆံပြောမှုပုံကလည်း ယဉ်ကျေးသိမ်မွေ့ရင်၊ မင့်ကို အတိုင်းထက်အလွန် ချစ်ခင်ကြမှာပဲ။ ဒီအချက်ဟာ လူတွေထင်တာထက် အရေးကြီးတယ်။ ဒီလိုဝတ်တတ်၊ စားတတ်၊ ပြောတတ်ဆိုတတ်မျိုးဟာ အရည်အချင်းပြည့်ကြောင်း ဖော်ပြတဲ့ ထောက်ခံစာ တစ်မျိုးလို့ လော့ဒ်ဘေကွန်က ပြောခဲ့ဖူးတယ်။

ဖေဖေအနေနဲ့ပြောရရင် မင်းကို ထင်ရှားတဲ့ ပုဂ္ဂိုလ်အများက ချစ်ခင်နှစ်သက်တဲ့ ပုဂ္ဂိုလ်ဖြစ်စေချင်တယ်။

မင်းရွယ်တူတွေထဲမှာတော့ မင်းကို အဲဒီလို ပုဂ္ဂိုလ်မျိုးဖြစ်ဖို့ အနီးစပ်ဆုံး ဖြစ်လိမ့်မယ်လို့ပဲယူဆတယ်။ ဒီတော့ ဖေဖေအကြံပေးချင်တာက နောက်နှစ်ကျရင် မနက်ပိုင်းမှာ မင်းရဲ့သင်ခန်းစာတွေကို လေ့လာသင်အံပါ။

ညနေပိုင်းမှာ မင်းရဲ့အပြုအမူ၊ အပြောအဆို၊ အနေအထိုင် တွေကို သင်ကြားပါ။ အဲဒီလိုလုပ်နိုင်လို့ရှိရင် မင်းဟာ ဖေဖေဖြစ်စေချင်တဲ့ ယောကျ်ားမျိုး၊ ရှာမှ ရှားတဲ့ ယောကျ်ားမျိုးဖြစ်လာမှာ အမှန်ပဲ။

ဖေဖေတို့ရေးရတဲ့ စာတွေက မှန်မှန်ရေးရတာလည်း မဟုတ်၊ ရေးတဲ့အခါမှာလည်း ရောက်ချင်မှ ရောက်တာဆိုတော့ သေချာအောင်ဆိုပြီး ဒီအကြောင်းတွေကို ထပ်ခါထပ်ခါရေးနေရတာ။ ဒါကြောင့်မို့ စက်တင်ဘာလ ၈ ရက်နေ့စွဲနဲ့ မစ္စတာဟာတီဆီကို ပေးတဲ့စာတွေထဲမှာ

ဒီအကြောင်းတွေကို ရေးလိုက် တဲ့စာကို ဗီရိုနာမှာ ရောက်နေတုန်း လက်ခံရရှိခဲ့ရင် နေပဲလ်ကျွန်းဖက်ကိုလည်း မင်းသွားချင်ရင် သွားနိုင်တယ်ဆိုတာကို အကြောင်းကြားလိုက်တာ။ ဒီလိုမှ မဟုတ်ဘဲ မစ္စတာဟာတီက မင့်ကို ဗီရိုနာမှာပဲ ဆက်နေစေချင်တယ်။ ဒါမှမဟုတ် ပွဲတော်အတွက် ရောမတစ်ဝိုက်မှာပဲ နေစေချင်သေးတယ်ဆိုရင်တော့ တစ်မျိုးပေါ့။ ဒီလိုမဟုတ်ဘဲ သူကိုယ်တိုင်ကပဲ မင်းကို ဗီရိုနာက နေပြီး ရောမကို တိုက်ရိုက်သွားစေချင်တယ်ဆိုရင်လည်း သဘောအတိုင်းပဲ။ ဘာသာစကား အခက်အခဲကြောင့်ရော၊ အပေါင်းအသင်းကြောင့်ရော၊ အထူးအဆန်းတွေကြောင့်ရော မင်းလည်းရောမမှာ ကြာကြာနေနိုင်မယ်လို့မထင်ဘူး။ နေပဲလ်ကျွန်းကို သွားစေချင်တာကတော့ အဲဒီမှာ ရာသီဥတုကောင်းပြီး မင့်ကျန်းမာရေးအတွက် ကြောင့်ပြောရတာ။

တကယ်လို့ မင့်ကျန်းမာရေးဟာ နေပဲလ်ကိုသွားဖို့မလိုအောင်ကောင်းနေပြီလို့ မင့်ဆရာ မစ္စတာဟာတီက ယူဆရင်တော့ သူကြိုက်တဲ့နေရာကို ပို့ပေးလိမ့်မယ်။ ဖေဖေတို့ကိစ္စတွေကို ဆောင်ရွက်ပေးရာမှာ မစ္စတာဟာတီထက် သင့်မြတ်တဲ့ ပုဂ္ဂိုလ်တော့ ရှိမှာမဟုတ်ဘူး။ သည်လိုကိစ္စမျိုးကို ဆောင်ရွက်ပေးရာမှာ မစ္စတာဟာတီဟာ ပုတ်ရဟန်းမင်းကြီးထက်တောင် သာလိမ့်မယ်ဆိုတာ ဖေဖေအကြောပေး ပြီးတောင် လောင်းလိုက်ချင်သေးတယ်။

ရောမက မပြန်ခင်မှာ ပုတ်ရဟန်းမင်းကြီးကို ဆက်ဆက်သွားပြီး ဖူးမြော်ပါ။ သူ့ရဲ့ဖိနပ်ကိုပဲ နမ်းရနမ်းရ၊ ဘာကိုပဲလုပ်ရလုပ်ရ၊ ထုံးတမ်းစဉ်လာ လုပ်သင့်လုပ်ထိုက်တဲ့ အခမ်းအနား၊ အဆောင်အယောင်တွေကို လုပ်ပါ။

ဖေဖေကတော့ ကိစ္စတစ်ခုကို လုပ်ချင်ပြီဆိုရင် ဘယ်အစဉ်အလာ၊ ဘယ်ထုံးစံတွေကို လိုက်ရလိုက်ရ လုပ်ဖြစ်အောင်လုပ်တာပဲ။ ဘရင်ဂျီဘာသာ လွှမ်းမိုးတဲ့တိုင်းပြည်တွေကို ရောက်တုန်းကဆိုရင် ဖေဖေဟာဘုရားရှိခိုးကျောင်းထဲမှာ ဒူးထောက်ထိုင်ပြီး ဝတ်ပြုဖို့ ဘယ်တော့မှ ဝန်မလေးခဲ့ဘူး။ ဒါဟာ နေရာဒေသဓလေ့ထုံးစံကို လိုက်ပြီး ကျင့်သုံးရမယ့်ကိစ္စမဟုတ်လား။ ဉာဏ်နည်းသူတွေယူဆကြသလို သူတို့ဘာသာကို သက်ဝင်ယုံကြည်တယ်လို့ အဓိပ္ပာယ်မရောက်ပါဘူး။ ကိုယ်ခန္ဓာအနေအထားနဲ့ အခြေအနေဆိုတာသူ့ထုံးစံနဲ့ ရှိနေကြတဲ့အရာတွေပဲ။ ဒီကိစ္စတွေမှာ ဘာဖြစ်လို့ သူတကာနဲ့လိုက်ပြီး ရန်ဖြစ်နေမလဲ။ မစ္စတာဟာတီကတော့ သူ့ရဲ့ပင်ကိုစရိုက်ကိုက ခေါင်းမာသူတစ်ဦးဖြစ်လေတော့ ဒီလိုလိုက်ပြီး အလိုက်အထိုက်လုပ်ရတာကို ဝန်လေးပေလိမ့်မယ်။

စာလည်းတော်တော်ရှည်သွားပြီ။ တော်တော်လေးလည်း အီသွားလောက်ပြီပေါ့ မင်းဘဝရဲ့ အရေးကြီးဆုံးအချိန်ဖြစ်တဲ့ ဒီအချိန်မှာ ဖေဖေ့ရဲ့စိုးရိမ်မှုက သိပ်ကြီးနေလေတော့ တစ်စုံတစ်ရာမပြောမိမဆိုမိဘဲ ကျန်နေမှာ စိုးရိမ်တယ်။ ဒါပေမယ့် မင့်အတွက်အသုံးမဝင်မယ့် အကြောင်းအရာတွေကို ရှည်ရှည် ဝေးဝေး ပြောခဲ့မိမယ်လို့တော့ မထင်ပါဘူး။ ဖေဖေစိုးရိမ်သလို မင်းအတွက်လည်း မင်းဖာသာစိုးရိမ်ပါ။ အားလုံးအဆင်ပြေသွားမှာပါ။

**အာဒီယူး လူလေး။**

**(ဆရာမြသန်းတင့်၏ လူလေးသို့ ပေးစာများ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)**

# ကမ္ဘာ့နိုင်ငံပေါင်းစုံ ချစ်ကြည်ရေးဝူရှူးပြိုင်ပွဲတွင် မြန်မာရွှေငါးခုဆွတ်ခူး

**ရန်ကုန် ဩဂုတ် ၄**

စင်ကာပူနိုင်ငံတွင် ဩဂုတ် ၁ ရက်မှ ၂ ရက်ထိ ကျင်းပခဲ့သည့် ကမ္ဘာ့နိုင်ငံပေါင်းစုံ ချစ်ကြည်ရေး ဝူရှူးပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဝူရှူးအားကစားသမားများ ယှဉ်ပြိုင်ခဲ့ရာ ရွှေငါးခုဆွတ်ခူးရရှိခဲ့သည်။ ပြိုင်ပွဲတွင် အကြီးတန်း နန်းချွမ်၊ နန်းကွန့် ပြိုင်ပွဲတွင် သိန်းသန်းဦးက ရွှေ နှစ်ခု၊ အငယ်တန်း နန်းချွန်၊ နန်းကွန့်ပြိုင်ပွဲတွင် ရဲရင့်သိုက်ထွန်းက ရွှေ နှစ်ခု၊ ချန်းစုပြိုင်ပွဲတွင် ဇော်မင်းဟန်က ရွှေတစ်ခု အသီးသီးဆွတ်ခူးခဲ့ကြသည်။



အဆိုပါ ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၃၃ နိုင်ငံမှ အားကစားသမား တစ်ထောင်ကျော် ယှဉ်ပြိုင်ခဲ့ကြပြီး အုပ်ချုပ်သူ တပ်မတော်ကိုယ်ခံပညာ အားကစားသိပ္ပံ ဒုတိယကျောင်းအုပ်ကြီး တပ်မတော်ဝူရှူးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းနှင့် အားကစားသမားများ ဩဂုတ် ၃ ရက် ညနေက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် သို့ ပြန်လည်ရောက်ရှိရာ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်မှ အမှုဆောင်များနှင့် အားကစားသမားများ ကြိုဆိုခဲ့ကြသည်။

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မွန်ဂိုလီးယားပြည်နယ်တွင် ဩဂုတ် ၆ ရက်မှ ၉ ရက်ထိ (၈)ကြိမ်မြောက် အာရှလူငယ်ဝူရှူးပြိုင်ပွဲနှင့် (၄၂)ကြိမ်မြောက် အာရှဝူရှူးကော်မတီ အစည်းအဝေးသို့ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ ချုပ် ဥက္ကဋ္ဌ ဦးသစ္စာ၊ အုပ်ချုပ်သူ ဝူရှူးပြန့်ပွားရေးတာဝန်ခံ ဦးခင်မောင်သိန်း၊ နည်းပြဦးခင်စိုး၊အားကစားသမားထက်ဟန်ကျော်၊ စံလင်းဦး၊ နေလင်းထက်၊ အောင်ခန့်ညားဘိုတို့ တက်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **ခင်မောင်ဝင်း(ကြေးမုံ)**



# ဒီရေအတက်ကြမ်းမှုကြောင့်မြောက်ဥက္ကလာတွင် အလယ်တန်းကျောင်းနှစ်ကျောင်း ရေဝင်

**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန် အရှေ့ပိုင်းခရိုင်မြောက်ဥက္ကလာပမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၂)နှင့် အလယ်တန်းကျောင်းအမှတ်(၇)ကျောင်းတို့တွင် ဩဂုတ် ၃ ရက် နံနက် ၆နာရီက ဒီရေအတက်ကြမ်းပြီး ကျောင်းဝင်းများအတွင်း ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည်။ ယင်းဒီရေဝင်ရောက်မှုကြောင့် အ. လ. က(၇)တွင် ပိတောက်ရွှေဝါဆောင်၊ ငုဝါဆောင် စာသင်ခန်းများအတွင်း ရေတစ်ပေခန့်အထိဝင်ရောက်နေသဖြင့် ပဥ္စမတန်း၊ သတ္တမတန်းကျောင်းသားကျောင်းသူများစာသင်ကြားမှုပိတ်ခဲ့ရပြီး ဆဋ္ဌမတန်းနှင့်အဋ္ဌမတန်းကျောင်းသားကျောင်းသူများသာ စာသင်ကြားပေးနိုင်ခဲ့သည်။

ထိုသို့ဒီရေအတက်ကြမ်းပြီး အ. လ. က(၂)ကျောင်းဝင်းအတွင်းရေဝင်ရောက်မှုများသဖြင့် ပထမအချိန်ပိုင်း ပဥ္စမတန်းမှ အဋ္ဌမတန်းအထိ ကျောင်းသားကျောင်သူများအား စာသင်ကြားပေးနိုင်ပြီး ဒုတိယအချိန်ပိုင်းသူငယ်တန်းမှ စတုတ္ထတန်းအထိကျောင်းသား၊ ကျောင်းသူငယ်လေးများ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် ဒုတိယပိုင်းစာသင်ချိန်ပိတ်ခဲ့ရကြောင်း ပညာရေးဝန်ထမ်းတစ်ဦးထံမှသိရသည်။ **ထွန်းဝင်း**



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

အရှေ့ပိုင်း၌ ထရံမှာ မြေစိုက်ဖြစ်ပြီး အခင်းမရှိ။ ထိုအရှေ့ပိုင်းမြေပေါ်တွင် ခုတင်ဟောင်းတစ်လုံးနှင့် စားပွဲဟောင်းတစ်လုံးနှင့် စားပွဲဟောင်းငယ်တစ်လုံးရှိသည်။ စားပွဲ၌ ကုလားထိုင်အစား ခွေးခြေတစ်လုံးသာရှိသည်။ ခေတ္တဧည့်သည် လာလျှင် ယာယီထိုင်ခုံအဖြစ် သုံးဟန်တူသော ထောင်ထားသည့် ထင်းရှူးသေတ္တာဟောင်း တစ်လုံးလည်း ရှိသေး၏။ စားပွဲတစ်ဖက် မျက်နှာချင်းဆိုင်ရှိ နံရံပေါ်တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဓာတ်ပုံတစ်ပုံကို ချိတ်ထား၏။ စားပွဲပေါ်၌ ကျောင်းသုံးစာအုပ်အချို့နှင့် လက်ဆွဲရေနံဆီမှန်အိမ်တစ်လုံးကို မြင်ရသည်။

စားပွဲမှာ မောင်စောနောင်၏ စာကြည့်စားပွဲဖြစ်မှန်း သိသာသည်။ ခုတင်မှာမူ ခေါင်းရင်းပိုင်း၌ ခေါင်းအုံးအနီးတွင် ကွမ်းအစ်တစ်လုံးရှိနေ၍ လည်းကောင်း၊ ခုတင်ဘေးမြေပေါ်၌ ထွေးခံတစ်လုံးရှိနေသောကြောင့် လည်းကောင်း အပေါ်ထပ်မတက်နိုင်သော အဘိုးကြီး၏ အိပ်ရာသာဖြစ်ပေလိမ့်မည်။

ကိုသက်ခိုင်က မောင်စောနောင်တို့၏ နုံချာသော ဤအိမ်ငယ်လေးကို ကြည့်နေမိစဉ် ဟီး(လ်) မင်းကားလေးပေါ်မှ ရွှန်းသစ်ဝင်းဖြူသော မောင်စောနောင်၏ ဝမ်းကွဲအစ်မကို သတိရမိ၏။ နံနက်က 'ကျွန်တော် ကားမစီးချင်ဘူး' ဟူသော မောင်စောနောင်၏ ငြင်းသံကိုလည်း ပြန်လည်ကြားယောင်လာသည်။ ထို့နောက် ထပ်ကာ ပြန်လည်ကြားယောင်လာ၏။

အဘိုးကြီးက ပြန်လည် စ,စကားပြောသည်။

"အင်း . . . မောင်စောနောင်လည်း ဒီနှစ်စာမေးပွဲ ထပ် ဖြေရဦးမယ်၊ လူကလေး မောင်စောနောင် . . . စောစောက မင်းဆရာ ပြောသလို တိုင်းပြည်ဘဏ္ဍာဖြုန်းသလိုမဖြစ်အောင် စာမေးပွဲတော့ အောင်အောင် ကြိုးစားလိုက်ဦးပေါ့၊ အောင်ရင်တော့ မန္တလေးတက္ကသိုလ်ကို ကြိုးစားပို့ရဦးမှာပဲ၊ အဲဒီမှာ တွေ့ကြရင် ဆရာရေ . . ညီအရင်းလို စောင့်ရှောက်ပါလို့ တစ်ခါတည်း အပ်လိုက်ပါရစေ"

"စိတ်ချပါ ဦး၊ ကျွန်တော် စောင့်ရှောက်ပါမယ်"

ယဉ်ကျေးမှုအရသာ ပြောလိုက်ရသော်လည်း မောင်စောနောင်သည် မိမိ၏ အစောင့်အရှောက်ကို ခံချင်မှ ခံမည်၊ မခံမည်မှာက သေချာ၏။ ဤအတွေးကြောင့် ပြုံးပြီး ကိုသက်ခိုင်က မောင်စောနောင်ကို လှမ်းကြည့်သည်။ မောင်စောနောင်ကလည်း ပြုံး၍ ပြန်ကြည့်သည်နှင့် ဆုံနေ၏။

မုန့်ဟင်းခါးစားပြီး စကား ခေတ္တဆက်ပြောနေပြီး နောက် ကိုသက်ခိုင်က အဘိုးကြီးကို နှုတ်ဆက်၍ ပြန်လာရာ ခြံဝအထိ မောင်စောနောင်က လိုက်ပို့သည်။

"မောင်စောနောင် . . . မောင်ညိုမြိုင်းတို့အိမ် လိုက်ဦးမလား"

မလိုက်တော့ဘူးဆရာ၊ အမေ့ကိုကူစရာရှိသေးတယ်၊ မနက်ဖြန် ကျတွေ့ကြသေးတာပေါ့၊ မတွေ့လည်း မန္တလေးမှာ ဆုံကြမယ်ဆရာ၊ ဒီနှစ်တော့ ကျွန်တော် စာမေးပွဲကို အောင်အောင်ဖြေမယ်စိတ်ကူးထားတယ်

"အင်း. . . အောင်ပါစေလို့ဆရာဆုတောင်းပါတယ်၊ ကဲ. . . တွေ့ကြသေးတာပေါ့၊ သွားမယ်နော်"

"ဟုတ်ကဲ့ ဆရာ"

မောင်ညိုမြိုင်း၏အိမ်သို့ ကိုသက်ခိုင် ပြန်ရောက်ချိန်တွင် ဘဲသားဟင်းကားမကျက်သေး။ သို့ရာတွင် ခွင်ပေါ်မှ အိုးမှ ရနံ့များကမွှေးကြိုင်နေ၏။

"ဆာပြီလား. . . သူငယ်ချင်း၊ ဘဲသားကမနူးသေးဘူး၊ ဒီလိုပဲ ကြာတယ်"

"ကိစ္စမရှိပါဘူးကွာ၊ ငါ အခုပဲ မောင်စောနောင်တို့ အိမ်က မုန့်ဟင်းခါးစားလာတယ်"

ပထမသော် ထွန်းငွေသည် အပြစ်တင်သောလေသံနှင့်

"မင်းကလည်းကွာ. . . ငါဟင်းချက်နေမှန်း သိရက်နဲ့ အလကား ထမင်းစားပျက်အောင်. . ."

ဟုဆိုပြီးမှ တစ်စုံတစ်ရာကို သွားသတိရနှင့် ကိုသက်ခိုင်၏ မျက်နှာကို ကြည့်လိုက်ကာ သက်ပြင်းရှိုက်လိုက်ရင်း သူ့ကိုယ်သူပြောသည့်ပုံစံဖြင့် တိုးတိုးညင်သာ ဆက်ပြော၏။

"အင်းလေ. . မုန့်ဟင်းခါး စားမပေါ့. . စားရမပေါ့. . ဆောရီးပဲ. . . ငါမှားသွားတယ်၊ ဒါတွေထားလိုက်ပါတော့၊ဟေ့ကောင်. . . မင်းငါ့ကိုတစ်ခုကူမလား"

"ပြောလေ. . ကူပေါ့မယ်"

"မင်းရောက်လာတော့ ငါဝက်စာကျွေးမလို့ပြင်နေတာ၊ မင်းနဲ့ကလည်းစကားကောင်း၊ တစ်ခါ. . . မင်းအချိန်မီ ထမင်းစားရအောင် ဘဲလည်လှီးပြီးချက်နေရတာနဲ့ပဲ ငါ့ ဝက်တွေ အစာမကျွေးရသေးဘူး၊ အဟီး. . . အားတော့ နာပါရဲ့ ကထိကကြီး၊ ငါနဲ့ ဝက်စာ ကူကျွေး ပေးမလား"

"ကျွေးပေးပါ့မယ်ကွာ. . . ကျွေးပေးပါ့မယ်၊ ဘယ်မလဲ. . လာသွားကြမယ်"

ထွန်းငွေ ခေါ် မောင်ညိုမြိုင်းနှင့်အတူ ဝက်စာ ကူကျွေးရင်း ကိုသက်ခိုင် ကြုံကြုံဖန်ဖန် ကြုံလာသရွေ့ကို တွေးနေမိ၏။

ဝက်တို့၏အမည်များကို စတာလင်၊ ပေါက်စီတုံး၊ အိုင်စင်ဟောင်းဝါး၊ ချန်ကေရှိတ်၊ ကရုံးရှက်ဟုပေါက်ကရ မှည့်ခေါ်ထားသည့်. . . လောကကို အရွဲ့တိုက် နေဟန်တူသူ. . . ဘဲတို့စံရာဗွက်အိုင်သာမှ တက္ကသိုလ်လက်ဝဲကျောင်းသား ခေါင်းဆောင်ဟောင်းတစ်ဦး။

ကိုယ်တစ်ခြမ်းသေကာ မျက်လုံးများ ကွယ်နေသည့် စာရေးသပိတ်ခေါင်းဆောင်ဟောင်းတစ်ဦးနှင့် သူ့သားလူငယ်ကျောင်းသားသမဂ္ဂ ခေါင်းဆောင်၊ သူတို့ကို မုန့်ဟင်းခါးရောင်း၍ ရှာကျွေးနေရသော အမေအိုတစ်ယောက်. . .။

ပြီးတော့ ဟီး(လ်) မင်းကားနှင့် ဆရာဝန်ဘွဲ့ရထားသည့် ရွှန်းသစ်ဝင်းဖြူသော မိန်းမချော. . . မိန်းမပျိုချော၏ အစ်ကို၊အစ်မနှင့် ကလေးငယ်တစ်ဦး။

နောက်. . . နွေဝယ် မြူရိပ်ရိပ်နှင့် လှပသောမြစ်မင်းဧရာ၊ လွမ်းဖွယ်သမိုင်းနောက်ခံနှင့် မြသလွန်စေတီတော်။

ဩော်. . ကျန်ပါသေးသည်။ ဆင်စွယ်နန်းပေါ်မှ ကထိကကိုသက်ခိုင်။

ဇာတ်ကောင်တွေစုံ၍ ဇာတ်လမ်းတစ်ခုက သူ့ခေါင်း ဝယ်ဖွဲ့စည်းပြည့်စုံလာသည်။

ဤဇာတ်လမ်းကို ဝေဟင်ထက်မှ လေယာဉ်မယ်လေး တစ်ဦးကမူ ကြိုက်နိုင်၊မကြိုက်နိုင်မသိ။

ကိုသက်ခိုင်၏ အတွေးကို မောင်ညိုမြိုင်း၏ အသံကြီးက ဖျက်ဆီးလိုက်သည်။

"ဟေ့ကောင် သက်ခိုင်၊ ငိုင်မနေနဲ့၊ မင်းကို စတာလင်နဲ့ ပေါက်စီတုံးက ပက်မလို့စောင့်နေတယ်"

**အခန်း (၉)**

**နှောင်းဘဝဟိုဆီ**

ကိုသက်ခိုင်သည် ညနေစာကိုပါ ထွန်းငွေ၏အိမ်၌ စားပြီး မိုးချုပ်မှ မကွေးကောလိပ် ကျောင်းအုပ်ကြီး အိမ်သို့ ပြန်လာခဲ့သည်။

ညဉ့်အတန်ငယ်နက်နေပြီဖြစ်သောကြောင့် ဦးဘရီကမူ အိပ်ရာဝင်နှင့်နေပြီ။

အောက်ထပ် ထမင်းစားခန်း၌ ဆရာဦးမြသန်းက ကိုသက်ခိုင်ကိုစောင့်နေ၏။

"ဩော်. . ဦးမြသန်း စောင့်နေသကိုး၊ ကိုကြီး ရီကော. ."

"ဆရာကြီးကစာမေးပွဲအတွက် တစ်နေ့လုံး ပြင်ဆင်နေရလို့ မောမောနဲ့ အိပ်ရာဝင်သွားပြီ ဆရာ"

"ဩော် ဩော် . . . ကိစ္စမရှိပါဘူး၊ စာမေးပွဲက သန်ဘက်ခါဆိုတော့ကိုကြီးရီ စပင်ပန်းပြီပေါ့"




**စာရေးဆရာဆိုတာကနည်းနည်းထူးသကွ၊ ထူးတယ်ဆိုလို့ တော်တယ်ဆိုလိုတာမဟုတ်ဘူး၊ လူတိုင်းနဲ့တော့ နည်းနည်းကွာတယ်၊ လူဆန်း တစ်မျိုးပေါ့ကွာ၊ သိပ်တော့ လည်း မအံ့သြနဲ့**

ကိုသက်ခိုင်က ကုလားထိုင်တစ်လုံးထက်ဝင်ထိုင်ကာ စီးကရက်တစ်လိပ် မီးညှိသောက်ရင်းပြော၏။

ဦးမြသန်းက ကိုသက်ခိုင်ဆီ ထလာပြီး-

"ဆရာ့အတွက် စာတစ်စောင်ဆရာ"

ဟုပြောရင်း စာအိတ်တစ်စောင်ကို ရိုသေစွာ ပေးလာသည်။

" ဆရာ့အတွက် စာ. . . ဘယ်သူ့ဆီကလဲ"

"မနက်က ဆရာ မောင်စောနောင်နဲ့ထွက်သွားတဲ့ အတွက် မမြင့်ဝေဟာ တော်တော်အံ့သြသွားပုံရတယ်၊ စိတ်လည်း ထိခိုက်သွားပုံရတယ်"

"နေ့ခင်းက မမြင့်ဝေ တစ်ခေါက်လာပြီး ဆရာ့ကို ဒီနေ့ ညစာဖြစ်ဖြစ်၊ မနက်ဖြန် ညစာဖြစ်ဖြစ်သူတို့အိမ်မှာ ထမင်းလာစားဖို့ ဖိတ်တယ်၊ ဆရာနဲ့ မတွေ့တော့ ပြန်သွားပြီး ညနေက တစ်ခေါက်ပြန်လာတယ်၊ ဆရာက လည်း မရောက်သေးတော့ အဲဒီစာကိုပေးသွားတာပါပဲ"

ကိုသက်ခိုင်က စာအိတ်ကိုကြည့်သည်။ စာအိတ်ပေါ်မှ လက်ရေးကို မြင်သော် သူ့ရင်ကခုန်လာ၏။

မဟုတ်ပါ။ မဖြစ်နိုင်ပါ။ ကိုသက်ခိုင်၏ စိတ်က ဤသို့ငြင်းနေသည်။ သို့ရာတွင် သူ့မျက်လုံးများက သူ့ကို မလှည့်စား။ ကြာတော့ ကြာခဲ့လေပြီ။

သို့ရာတွင် ဤလက်ရေးများကို သူကောင်းကောင်း မှတ်မိနေ၏ ဤလက်ရေးနှင့်စာများကို သူတရိုတသေ သိမ်းထားလျက်ရှိပြီးသည်ကြောင့် သူ့မျက်လုံးများ ကမလှည့်စားပါ။

ကိုသက်ခိုင်သည် တုန်ယင်သောလက်များနှင့် စာအိတ်ကိုဖွင့်ပြီး စာကိုဖတ်သည်။

**မောင်လေး သက်ခိုင်...**

**မနက်က မောင်ဘာလုပ်သွားတယ်ဆိုတာကို တခြားလူတွေမသိပေမယ့် မမနွယ်သိတယ်၊သိလို့လည်း ဝမ်းနည်းမိသလိုလိုရှိပေမယ့် မောင့်ကို မမနွယ်အပြစ်မတင်ချင်ပါဘူး၊ မောင်မာနကြီးတယ်ဆိုတာကို မမနွယ်အသိဆုံးပါပဲ၊ ဒါပေမဲ့ မောင့်မာနဟာ မမနွယ်တစ်ယောက်အပေါ်မှာတော့မထားထိုက်ဘူးလို့ မမနွယ်ယုံကြည်နေတယ်။ အချိန်တွေဟာ ကုန်လွန်ခဲ့ပြီးပါပြီ၊ ဖြစ်ပြီးမှန်သမျှတွေကိုလည်း ပျက်ပြီးပြီလို့ ယူဆဖို့ အဘိဓမ္မာတတ်တဲ့ မောင့်ကို မိကျောင်းမင်း ရေကင်းမပြဝံ့ပါဘူး၊ မေတ္တာကိုယုံရင် အားလုံးပြန်ဆုံတွေ့ကြရအောင်။ မမနွယ်မှာ ဒါလောက်ပဲပြောစရာရှိတယ် မောင်၊ ဒါပေမဲ့ မောင့်သဘောအတိုင်းပါမောင်၊ မောင်က တစ်သက်လုံးမောင့်သဘောအတိုင်း လုပ်ခဲ့လေသူမို့ မမနွယ် ရှေ့ဆက် ဘာပြောရမှန်း မသိပါဘူးမောင်။**

**မောင့်မမနွယ်**

ကိုသက်ခိုင်သည် စာကိုဖတ်ပြီး အတန်ကြာစွာ ငိုင်နေ၏။ သူမည်မျှကြာအောင် ငိုင်နေလေမှန်း သူ့ဘာသာသူ သိမည်မဟုတ်။ ဘေးမှရပ်ကြည့်နေရသူ ဦးမြသန်း အတွက်မူ အတန်ကြာနေ၏။

ကိုသက်ခိုင်က ဖြည်းညင်းစွာနှင့်ခေါင်းမော့လာ၏။ သူ့မျက်နှာကလှုပ်ရှားမှုမရှိ။ တည်လွန်း. . . . . ငြိမ်လွန်း. . . သေလွန်းနေသည်သာရှိ၏။

ကိုသက်ခိုင်သည် ဂုဏ်ထူးတန်းကျောင်းသားကို နှုတ်တိုက်မေးခွန်းမေးသော ကထိက၏ တည်ငြိမ်သော အသံနှင့်မေးသည်။

"ဦးမြသန်း. . ဆရာ မနက်စောစော မန္တလေးကိုပြန်ချင်တယ်၊ သန်ဘက်ခါ လေယာဉ်ပျံကို မစောင့်ချင်တော့ဘူး၊ ဒီတော့မနက်မှာ ဘာနဲ့ အမြန်ဆုံးပြန်နိုင်မလဲ"

ဦးမြသန်းမှာ ကြားရသောစကားကို မယုံမိ။ ပါးစပ်အဟောင်းသားဖြစ်သွားပြီးမှ သတိချပ်လိုက်ကာ ဖြေသည်။

"ရဲတံခွန် ကားတော့ရှိတယ်၊ မန္တလေးအရောက်ပြေးတာပဲ၊ နေရာကျန်သေးသလားတော့ မသိဘူး၊ နေရာမရရင်လည်းရေနံချောင်းအထိ ဆွဲတဲ့ကားတွေရှိပါတယ် ဆရာ၊ ရေနံချောင်းကနေ မိတ္ထီလာကို ပို့ပေးတဲ့ တက္ကစီတွေလည်း ရှိပါတယ်၊ မိတ္ထီလာရောက်ရင်တော့ မန္တလေးကို ရောက်ပါတယ်"

" ဒါဖြင့် မနက်ဆရာ ပြန်မယ်၊ မနက်တော့ ဦးမြသန်း လိုက်ပို့ပေ့ါ၊ စက်ဘီးတော့ ရှိတယ်နော်"

"ရှိပါတယ် ဆရာ၊ ရုံးစက်ဘီးကို ဒီမှာပဲ ထားပါတယ် ဆရာ"

"ဒါဖြင့် အားတော့နာပါရဲ့၊ ဦးမြသန်းကိုပဲ ဒုက္ခပေးရမှာပဲ၊ မနက်ကျဆရာ့ကို လိုက်ပို့ပေးပါ၊ ဒါပါပဲ ဦးမြသန်း . . . ဂွဒ်နိုက် . . . "

ကိုသက်ခိုင်က အိမ်ပေါ်ထပ်သို့ တက်သွား၏။ ကျန်ရစ်သူ ဦးမြသန်းက ခေါင်းကုတ်စဉ်းစားသည်။ သူ့ကျေးဇူးရှင်ဆရာ ကတိကဦးဆန်းထွန်း၏ စကားကိုနား၌ ပြန်ကြားယောင်လာ၏။

"စာရေးဆရာ ဆိုတာက နည်းနည်းထူးသကွ၊ ထူးတယ်ဆိုလို့ တော်တယ်ဆိုလိုတာ မဟုတ်ဘူး၊ လူတိုင်းနဲ့တော့ နည်းနည်းကွာတယ်၊ လူဆန်းတစ်မျိုးပေါ့ကွာ၊ သိပ်တော့ လည်း မအံ့သြနဲ့"

ဦးမြသန်းသည် ခေါင်းခါပြီး ထွက်ခွာသွား၏။

အပေါ်ထပ်ရှိ သူ့အခန်း၌ ခုတင်ပေါ်ထိုင်ရင်း ကိုသက်ခိုင်သည် စာကို တစ်ခေါက် ပြန်ဖတ်သည်။

"မောင် မာနကြီးတယ်ဆိုတာကို မမနွယ် အသိဆုံးပါ"

ကိုသက်ခိုင်က စာကို အိတ်အတွင်း ထည့်ပြီး ခေါင်းကို ခါ၏။ အမှန်က သူမာနကြီးကောင်း ကြီးလိမ့်မည်။ သို့ရာတွင် မမနွယ်အပေါ် သူမာနမကြီးနိုင်ပါ။ ဒါကိုတော့ သူ့ကိုယ်သူ သူအသိအဆုံးပါ၊ သူအသိဆုံးပါ။

မာနမဟုတ် မမနွယ် . . . မာနမဟုတ်ပါ . . . ခံစားမှု တစ်ရပ်လို့တော့ခေါ်လေ မမနွယ် . . . ခေါ်ပါလေ . . .။

ကိုသက်ခိုင်သည် ပြတင်းဝနား သွားရပ်ပြီး အပြင်သို့ ငေးကြည့်လေသည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

# ဖာပွန်မြို့နယ်တွင် လယ်ယာသုံးလက်တွန်းထွန်စက်နှင့် စပ်မျိုးစပါးများ၊ ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်

**ဖာပွန် ဩဂုတ် ၄**

ကရင်ပြည်နယ် ဖာပွန်ခရိုင်တွင် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်စပါးများဖြင့် စိုက်ပျိုးပြီး မိုးစပါးတစ်ဧကအထွက်နှုန်းတိုးစေရန်အတွက် ရည်ရွယ်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော လယ်ယာသုံးလက်တွန်းထွန်စက်၊ မျိုးစပါးများနှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီတွင် ဖာပွန်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူးဦးဆန်းဦးက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစောလှကြည်နှင့် စိုက်ပျိုးရေးဝန်ထမ်းများက ခေတ်မီလယ်ယာသုံးစက်ကိရိယာများကိုင်တွယ်ထိန်းသိမ်းနည်း၊ သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးပြီး မိုးစပါးတစ်ဧကအထွက်နှုန်းတိုးရေးအတွက် မျိုးကောင်းမျိုးသန့်စပါးများစိုက်ပျိုးရေးနှင့် မြေဩဇာများ စနစ်တကျအသုံးပြုရေးကို အသိပညာပေးပြောကြားခဲ့သည်။

ဆက်လက်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သာ လက်တွန်းထွန်စက်အား ခရိုင်အုပ်ချုပ်ရေးမှူးမှ ပေးအပ်ရာ မထောကျေးရွာအုပ်စု ငါးအိပ်စုကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများမှလည်းကောင်း၊ ပုလဲသွယ်မျိုးသန့်စပ်မျိုးစပါးများကိုလည်းကောင်း၊ တစ်ဧကလျှင် တစ်အိတ်ခွဲနှုန်းဖြင့် အသုံးပြုရန် ယူရီးယားနှင့် ပုလဲဓာတ်မြေဩဇာအိတ် ၁၀၀ ကိုလည်းကောင်း တာဝန်ရှိသူများကပေးအပ်ရာ တက်ရောက်လာကြသော တောင်သူများက လက်ခံရယူခဲ့ကြသည်။

**နေမျိုးလွင်( ပြန်/ဆက်)**

# ပုသိမ်ခရိုင် အိုးဘိုတောင်ပိုင်းတွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ် မီးဖွင့်ပွဲအခမ်းအနား ပြုလုပ်

**ကျောင်းကုန်း ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အိုးဘိုကျေးရွာအုပ်စု အိုးဘိုတောင်ပိုင်းတွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂ ရက် မွန်းလွဲ ၂ နာရီခွဲက ကျင်းပရာ တိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုစွမ်းအင်ဝန်ကြီး ဦးစောမြသိန်း၊ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးသန်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းနှင့် ရပ်မိရပ်ဖဦးအောင်မိုးတို့က ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားဒုတိယပိုင်းအစီအစဉ်အရ အိုးဘိုကျောင်းကြီး၌ ကျေးရွာပြည်သူများနှင့် တွေ့ဆုံပွဲတွင် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်း၊ လျှပ်စစ်စက်မှုစွမ်းအင်ဝန်ကြီး ဦးစောမြသိန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ ကျေးလက်ဦးစီးညွှန်ကြားရေးမှူး ဦးစိုးသန်းနှင့် ဒုတိုင်းလျှပ်စစ်အင်ဂျင်နီယာ မန်းဝင်းနိုင်တို့က အသီးသီးအမှာစကားပြောကြားပြီး ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ယင်းကျေးရွာမီးလင်းရေးအတွက် ကျေးရွာထည့်ဝင်ငွေကျပ်သိန်း ၂၀၀ နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ချေးငွေကျပ်သိန်း ၁၀၀ စုစုပေါင်းကျပ်သိန်း ၃၀၀ ဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး မီးလင်းနိုင်ခဲ့ခြင်းဖြစ်သည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၏ အနိမ့်ပိုင်းရွာများ ရေနစ်မြုပ်သဖြင့် နီးစပ်ရာသို့ပြောင်းရွှေ့

**မြန်အောင် ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၏ ဧရာဝတီမြစ်ရေကာတာအတွင်းရှိ အနိမ့်ပိုင်းရွာများဖြစ်သော လေးတူးကြီးရွာ၊ လေးတူးလေးရွာ၊ ရေကူးစုရွာနှင့် ဂျမ်းကျေးရွာများမှ ဒေသခံများသည် ရွာအတွင်းနေအိမ်များသို့ ရေဝင်ရောက်နစ်မြုပ်လာသဖြင့် ရေဘေးရှောင်သည့်အနေဖြင့် နီးစပ်ရာရေလွတ်ရာရွာများသို့ ၎င်းတို့အစီအစဉ်ဖြင့် ဩဂုတ် ၂ ရက်က ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်ဟု တာဝန်ရှိသူတစ်ဦးကပြောသည်။



မြန်အောင်မြို့နယ် လေးထူးကျေးရွာအုပ်စု၊ လေးတူးကြီးကျေးရွာမှ အိမ်ခြေ ၈၇ လုံး၊ အိမ်ထောင်စု ၉၇ စု၊ လူဦးရေ ၃၆၉ ဦး၊ လေးတူးလေးရွာမှ အိမ်ခြေ ၉၅ လုံး၊ အိမ်ထောင်စု ၁၀၆ စု၊ လူဦးရေ ၃၄၃ ဦးနှင့် သခွပ်ကွင်းကျေးရွာအုပ်စု၊ ရေကူးစုကျေးရွာမှ အိမ်ခြေအလုံး ၄၀၊ အိမ်ထောင်စု ၄၀၊ လူဦးရေ ၈၈ ဦးတို့သည် အိမ်များအတွင်းသို့ ရေလေးပေခွဲခန့်ဝင်ရောက်လာသဖြင့် ရေဘေးရှောင်ရန် နီးစပ်ရာကျေးရွာများဖြစ်သည့် မီးလောင်ကွင်းကျေးရွာ၊ သခွပ်ကွင်းကျေးရွာ၊ ဖွတ်ကလေးဇောင်းကျေးရွာ၊ စိမ့်စမ်းမြိုင်ဘုန်းတော်ကြီးကျောင်း၊ ခရစ်ယာန်ဘုရားကျောင်းများနှင့် ၎င်းတို့နှင့်နီးစပ်သည့် ဆွေမျိုးမိတ်ဆွေများ၏အိမ်များသို့ ၎င်းတို့၏အစီအစဉ်ဖြင့် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

အလားတူ ကျွဲတဲကုန်းကျေးရွာအုပ်စု ဂျမ်းကျေးရွာမှ အိမ်ခြေ ၁၀၂ လုံးရှိ အိမ်ထောင်စု ၁၀၅၊ လူဦးရေ ၃၉၂ ဦးတို့သည် နေအိမ်အတွင်းရေသုံးပေခွဲခန့်ဝင်ရောက်လာသဖြင့် ရေဘေးရှောင်ရန် နီးစပ်ရာကျေးရွာများဖြစ်သည့် ငှက်ကြီးသိုက်ကျေးရွာ၊ အိုင်ကလောကျေးရွာများရှိ ဆွေမျိုး၊ မိတ်ဆွေများ၏ အိမ်များသို့ ၎င်းတို့၏အစီအစဉ်ဖြင့် ပြောင်းရွှေ့နေထိုင်ခဲ့ကြကြောင်း သိရသည်။

**နေဝင်းဇော်(မြန်အောင်)**

# ရွှေကုက္ကိုမြိုင်ကျေးရွာ ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ စစ်ဆေး



**မြဝတီ ဩဂုတ် ၄**

ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုမြိုင်ကျေးရွာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် ခရိုင်/မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်ကျော်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂ ရက်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ သွားရောက်စစ်ဆေးရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့်အဖွဲ့သည် ရွှေကုက္ကိုမြိုင်ကျေးရွာ ရပ်ကွက် (၅) နှင့် ရပ်ကွက် (၂) ရှိစာသင်ကျောင်းများ ဆောက်လုပ်ထားရှိမှုအခြေအနေများ၊ ကျေးရွာအတွင်း လမ်းခင်းခြင်းဆိုင်ရာ အခြေအနေများနှင့် အခြားလိုအပ်သည်များ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် အဆိုပါကျေးရွာများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ခရိုင်အုပ်ချုပ်ရေးမှူးက ကျေးရွာများတွင် လိုအပ်နေသည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားနှင့် အခြားလိုအပ်သည်များ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း ကျိုက်ထိုမြို့နယ်တွင် ဖွင့်လှစ်

**ကျိုက်ထို ဩဂုတ် ၄**

ကျိုက်ထိုမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၈ နာရီတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ စခန်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစံမြတို့က သင်တန်းသားများအား မီးသတ်တပ်ဖွဲ့မှတာဝန်ရှိသူများ သင်ကြားပေးသည့် ပညာရပ်များကို စိတ်ပါဝင်စားစွာဖြင့် သင်ယူလေ့လာကြပြီး စေတနာ၊ ဝါသနာစိတ်နဲ့ ပြည်သူကိုကူညီနိုင်သည့် တပ်ဖွဲ့ဝင်ကောင်းများဖြစ်လာစေရေးအတွက် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွေးက သင်တန်းတွင် အခြေခံမီးသတ်ပညာ၊ အခြေခံစစ်ရေးပြဘာသာရပ်၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ရှေးဦးသူနာပြုစုခြင်းဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသားများအား နေ့စဉ်ထောက်ပံ့ငွေနှင့် အရန်မီးသတ်ဝတ်စုံများအား မီးသတ်တပ်ဖွဲ့မှ တာဝန်ယူထုတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသားများ နေ့စဉ်အချိန်မီ အပြည့်အဝတက်ရောက်နိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များက ကြီးကြပ်ဆောင်ရွက်ပေးစေလိုကြောင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ရပ်ကွက်၊ ကျေးရွာ ၂၅ ရွာမှ သင်တန်းသား ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သန်းသန်းမော်(ပြန်/ဆက်)**

# စံချိန်တင်မြင့်တက်နေသော ချင်းတွင်းမြစ်ရေကြောင့် မုံရွာဆိပ်ကမ်း ရေမကျော်ရန် စုပေါင်းဆောင်ရွက်

**မုံရွာ ဩဂုတ် ၄**

ချင်းတွင်းမြစ်ရေမြင့်တက်မှုသည် မုံရွာမြို့တွင် လွန်ခဲ့သောနှစ် ၅၀ အတွင်း စံချိန်တင်မြင့်တက်လျက်ရှိရာ မုံရွာမြို့သူမြို့သားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီအဖွဲ့များအပါအဝင် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ စသည့်အလွှာပေါင်းစုံစုပေါင်း၍ သဲအိတ်များဖြင့်ကာရံခြင်း၊ တာရိုက်ခြင်းများ စဉ်ဆက်မပြတ်နေ့ရောညပါ ဆောင်ရွက်နိုင်ခြင်းကြောင့် မြို့တွင်းမြစ်ရေကျော်ခြင်း၊ ရေဝင်ခြင်းများမရှိကြောင်း သိရသည်။

ဩဂုတ် ၃ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ သာမဏေကျောင်းဆရာတော်ဦးဆောင်၍ မုံရွာကျောက်ဆောင်ဆိပ်တွင် အန္တရာယ်ကင်းပရိတ်များကို သံဃာတော်များ ပေါင်းစုရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြပြီး ရောက်ရှိနေသော ရေအမှတ် ၁၁၄၃ စင်တီမီတာကို အန်တုကာကွယ်မှုများလည်း မြို့လူထုအနေဖြင့် ဆောင်ရွက်ခဲ့ကြသည်။

တာပေါင်ပေါ် သဲအိတ်များကာပို့နိုင်ရန်အတွက် သဲများကို လိုသလောက် သဲခြံများမှ လှူထားပြီး ကမ်းနားသို့ သဲများရောက်ရှိရေးအတွက် ဆောက်လုပ်ရေးဌာန၊ စည်ပင်ဌာနနှင့် ပုဂ္ဂလိကကုန်တင်ယာဉ်၊ သဲသယ်ယာဉ်၊ ထော်လာဂျီပိုင်ရှင်များက အခမဲ့ပို့ဆောင်ကူညီပေးလျက်ရှိခြင်းကြောင့် ရေဝင်ရောက်မှုကို ကြိုတင်ကာကွယ်နိုင်ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဆောင်ရွက်သူများက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# သဘာဝဘေးအန္တရာယ် ကျရောက်ပါက ဆောင်ရွက်နိုင်ရေးညှိနှိုင်းဆွေးနွေး

**ကျုံပျော် ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကျရောက်ပါက အချိန်မီကူညီကယ်ဆယ်နိုင်ရေးနှင့် ကြိုတင်စီမံမှုများ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းဝေးသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖွံ့ဖြိုးရေးနှင့်အထောက်အကူပြုကော်မတီများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

သဘာဝဘေးကျရောက်ပါက အချိန်မီသတင်းပေးပို့နိုင်ရေး၊ ရပ်ကွက်နှင့် ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အဖွဲ့များဖွဲ့စည်းထားရှိရေး၊ အသက်ကယ်ပစ္စည်းနှင့် ဘေးကင်းရာနေရာ ရွှေ့ပြောင်းနိုင်ရေး စသည်တို့ကို ကြိုတင်စီမံဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နေဝင်းမြင့် (ပြန်/ဆက်)**

# သောင်ရင်းမြစ်ကမ်းပါးတစ်လျှောက် ရေတိုက်စားမှုနှင့် ကမ်းပါး ပြိုကျမှုမရှိစေရေး စက်လှေများဖြင့် ကြည့်ရှုစစ်ဆေး

**မြဝတီ ဩဂုတ် ၂**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ သောင်ရင်းမြစ်ကမ်းပါးတစ်လျှောက်တွင် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုများ မရှိစေရေးအတွက် မြေထိန်းနံရံများ ဆောင်ရွက်ထားလျက်ရှိပြီး မြေထိန်းနံရံများနှင့် ရေလမ်းကြောင်းစီးဆင်းမှုများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ယင်းသို့ကွင်းဆင်းကြည့်ရှုစစ်ဆေးရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းရွှေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးမြင့်ကျော်နှင့် တာဝန်ရှိသူများ လိုက်ပါပြီး ဩဂုတ် ၂ ရက်၊ နံနက် ၇ နာရီခွဲကို ချစ်ကြည်ရေး တံတားအနီးမှစတင်၍ သောင်ရင်းမြစ်တစ်လျှောက် ရွှေကုက္ကိုမြိုင်ကျေးရွာအထိ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ သောင်ရင်းမြစ်ကမ်းပါး တစ်လျှောက်တွင် မြစ်ရေစီးဆင်းသည့် ရေလမ်းကြောင်း အခြေအနေများ၊ မြေထိန်းနံရံဆောင်ရွက်ထားမှု အခြေအနေများ၊ မြေထိန်းနံရံများ ဆက်လက် ဆောင်ရွက်ရမည့် နေရာများအား ရေလမ်းကြောင်း တစ်လျှောက် စက်လှေများဖြင့် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



# လူစုလူဝေးစနစ်တကျကိုင်တွယ်ထိန်းသိမ်းခြင်း Crowd Management သင်တန်း အမှတ်စဉ်(၂၈/၂၀၁၅)ဆင်းပွဲပြုလုပ်

**မြစ်ကြီးနား ဩဂုတ် ၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်နှင့် ဥရောပသမဂ္ဂအဖွဲ့(EU)တို့ ပူးပေါင်းဖွင့်လှစ်သည့် လူစုလူဝေးစနစ်တကျ ကိုင်တွယ်ထိန်းသိမ်းခြင်း Crowd Management သင်တန်းအမှတ်စဉ်(၂၈/၂၀၁၅)ဆင်းပွဲကို ဇူလိုင် ၃၀ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အမှတ်(၃၀) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ တပ်တွင်းခန်းမ၌ ကျင်းပရာ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးစောဇေယျာလင်းက အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

သင်တန်းသို့ ပြည်နယ်ရဲတပ်ဖွဲ့မှ အရာရှိနှင့်အခြားအဆင့်တပ်ဖွဲ့ဝင် ၈၀ အမှတ်(၃၀)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ အရာရှိနှင့်အခြားအဆင့်တပ်ဖွဲ့ဝင် ၁၆၀ စုစုပေါင်း အင်အား ၂၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**(၄၉၉)**

# ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေး

**ချောက် ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများသည် ဩဂုတ် ၂ ရက်နေ့ ည ၈ နာရီခန့်က မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်နှင့်ပွင့်ဖြူမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို ကယ်ဆယ်ရေးစခန်းသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

အဆိုပါမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန် ၁၁၉ အိတ်၊ ကုလားပဲ ၅၇၁ ပြည်၊ ခေါက်ဆွဲခြောက် ၂၈၅၄ ထုပ်၊ ဆီ ၅၇၁ ဘူး၊ ဆား ၁၄၃ ပိဿာ စုစုပေါင်းပစ္စည်းတန်ဖိုးမှာ ကျပ်သိန်း ၄၀ ပေးအပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ချောက်ပြန်/ဆက်**

# ကြံခင်းမြို့ရှိ ရေဘေးရှောင် အိမ်ထောင်စုများအား ကူညီထောက်ပံ့

**ကြံခင်း ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ရှိ ရေဘေးသင့်အိမ်ထောင်စုများကို ဩဂုတ် ၂ ရက်နေ့က အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လူအေးနှင့် ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်တို့က ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ရေဘေးသင့် ပြည်သူများကို အားပေးစကားပြောကြားပြီး ကြက်ဥများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ကြံခင်းမြို့ရှိ ရေဘေးသင့်အိမ်ထောင်စုများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီက ကယ်ဆယ်ရေးစခန်းများကိုသွားရောက်ပြီး အလှူငွေ ကျပ်နှစ်သိန်း ပံ့ပိုးလှူဒါန်းခဲ့ကာ ခလရ (၅၁) မှ ဒုတပ်ရင်းမှူး ဗိုလ်မှူးစိုးဝင်းထွန်းပါ အင်အား ၂၂ ဦးတို့က ကယ်ဆယ်ရေးစခန်းများကို သွားရောက်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်းသိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မီးသတ်နှင့်ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ရေးနှင့်ထောက်ပံ့ရေးအဖွဲ့၊ မြို့နယ်စည်ပင် ကော်မတီတို့မှ ကယ်ဆယ်ရေးစခန်းများကို လှည့်လည်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ဧရာဝတီမြစ်ရေလွှမ်းမိုးသော ရေလယ်ကျွန်းကျေးရွာအုပ်စုတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒေါက်တာမောင်ဝင်း ပါဝင်သောအဖွဲ့က တိရစ္ဆာန်ကာကွယ်ဆေးထိုးပေး၍ ဆန် ၂၂ အိတ်နှင့်ရေသန့်ဘူးများ ပေးဝေခဲ့သည်။ ထို့ပြင် ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ဆန်အိတ် ၂၀၊ ဆီပိဿာ ၃၀ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများကို မြို့နယ်အတွင်းရှိ စေတနာရှင်ပြည်သူများက ဆန် ၃၆ အိတ် (၁၇ ပြည်)၊ ခေါက်ဆွဲခြောက် ၁၀၇၂ ထုပ်၊ ဆပ်ပြာ ၁၂၄ ဘူး၊ ကိတ်မုန့် ၁၆၉ ထုပ်၊ ကြက်ဥအလုံး ၃၀၀၊ ထမင်းထုပ်များနှင့် ရေသန့်ဘူးများ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

ကြံခင်းမြို့နယ်တွင် ရေဝင်ရောက်မှုကြောင့် ဩဂုတ် ၂ ရက်က ရပ်ကွက်၊ ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ အိမ်ထောင်စု ၂၃၅ စုရှိ ကျား ၁၀၈၉ဦး၊ မ ၁၂၀၈ ဦး စုစုပေါင်း ၂၂၉၇ ဦး၊ နွား ၇၈၃ ကောင်၊ ဝက် ၁၂၄ ကောင်တို့ကို ရေလွတ်ရာသို့ ထပ်မံပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ် မြို့နယ်ပြန်/ဆက်**

# လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဓာတ်အားခွဲရုံဖွင့်လှစ်

**သံဖြူဇရပ် ဩဂုတ် ၄**

သံဖြူဇရပ်မြို့ စက်သစ်ရပ်ကွက် ဆည်မြောင်းပိုင်းတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁/၀ ဒသမ ၄ KV ၂၀၀ ရှိ ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂ ရက် နံနက် ၈ နာရီက အဆိုပါရပ်ကွက်တွင် ပြုလုပ်ရာ ဖွင့်ပွဲသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်သန်းဦးနှင့်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ ပြည်နယ်/မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးနှင့် ပရဟိတအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

ရှေ့ဦးစွာ ဓာတ်အားခွဲရုံအား စက်သစ်ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးစံမြက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ရပ်ကွက်အတွင်းသို့ ဓာတ်အားစတင်ပို့လွှတ်ခဲ့သည်။ အဆိုပါ ဓာတ်အားရရှိမှုကြောင့် ဆည်မြောင်းပိုင်းရှိ အိမ်ခြေ ၁၅၀ ခန့်မှာ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားကို အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဝင်း(မြို့နယ်ပြန်/ဆက်)**

# မြစ်ရေမြင့်တက်မှုကြောင့် ပြောင်းရွှေ့နေထိုင်သူများအတွက် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိ

**မြင်းခြံ ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ ကျေးရွာများနှင့် ရပ်ကွက်အချို့တွင် ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ကြိုတင်ပြောင်းရွှေ့လာကြသူများကို မြင်းခြံခရိုင်နှင့် မြို့နယ်မှ ဩဂုတ် ၂ ရက်၊ နံနက်ပိုင်းမှစတင်ကာ ကူညီပြောင်းရွှေ့ပေးပြီး ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိခဲ့ကြောင်းသိရသည်။

မြင်းခြံမြို့နယ်ရှိ သဘော်တင်ကျေးရွာမှ လူဦးရေ ၈၆ ဦး၊ တိရစ္ဆာန်အကောင် ၄၀၊ ပိုက်ကုန်းကျေးရွာမှ လူဦးရေ ၂၅၄ ဦး၊ တိရိစ္ဆာန် ၃၅ ကောင်၊ ခေါင်းကွဲကျေးရွာမှ လူဦးရေ ၉၇ ဦး၊ လှိုင်းတက်ကျေးရွာမှ လူဦးရေ ၃၂ ဦး၊ တိရစ္ဆာန် ၁၀ ကောင်၊ ကြက်လျှာကျေးရွာမှ လူဦးရေ ၂၈ ဦး၊ တိရစ္ဆာန် ၁၅ ကောင်၊ ကျောင်းကုန်းကျေးရွာမှ လူဦးရေ ၁၅ ဦး၊ တိရစ္ဆာန် ၁၀ ကောင်၊ လေးအိမ်တန်းကျေးရွာမှ လူဦးရေ ၂၀၊ အင်ကြင်းပင်ကျေးရွာမှ လူဦးရေ ၃၀၆ ဦး၊ တိရစ္ဆာန်အကောင် ၂၀၊ ပြည်တော်သာကျေးရွာမှ လူဦးရေ ၁၆၄ ဦး၊ တိရစ္ဆာန် ၂၅ ကောင်၊ အေးရွာကျေးရွာမှ လူဦးရေ ၂၃၆ ဦး၊ တိရစ္ဆာန် ၂၁ ကောင်၊ တောင်ကျွန်းကျေးရွာမှ လူဦးရေ ၇၇ ဦး၊ တိရစ္ဆာန် ၁၇၅ ကောင်၊ အမှတ် (၂) ရပ်ကွက်မှ လူဦးရေ ၈ ဦး၊ အမှတ် (၆) ရပ်ကွက်မှ လူဦးရေ ၁၃၆ ဦး၊ အမှတ် (၁၁) ရပ်ကွက်မှ လူဦးရေ ၂၅၄ ဦး၊ အမှတ် (၁၂) ရပ်ကွက်မှ လူဦးရေ ၂၅၄ ဦး စုစုပေါင်းလူဦးရေ ၁၉၆၇ ဦးနှင့် တိရစ္ဆာန် ၃၅၁ ကောင်တို့အား သတ်မှတ်ထားသည့် ကယ်ဆယ်ရေးစခန်း လေးခုသို့ ပြောင်းရွှေ့ပေးခဲ့သည်။

ယင်းသို့ပြောင်းရွှေ့ရာတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးမှု အထောက်အကူပြုအဖွဲ့ဝင်များက ကူညီပို့ဆောင်ပေးခဲ့ကြသည်။

ကယ်ဆယ်ရေးစခန်းများတွင်လည်း ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးဆေးပေးခန်းများ၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက်လည်း မြို့ပေါ်ရှိ သောက်ရေသန့်စက်ရုံများမှ လှူဒါန်းပေးခြင်းတို့ ဆောင်ရွက်ထားသည်။ ယင်းအပြင်မြစ်ရေ မြင့်တက်မှုအခြေအနေပေါ်မူတည်၍ ပြောင်းရွှေ့မည့်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပူးပေါင်းပြီး အဆက်အသွယ်မပြတ်စေဘဲ အခြေအနေစောင့်ကြည့်ခြင်း၊ ရေဘေးအန္တရာယ်ကျရောက်နိုင်သည့် ကျေးရွာ ၂၆ ရွာတွင်လည်း အချိန်မီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် စက်လှေအစင်း ၄၀ ကိုလည်းအသင့်ပြင်ဆင်ထားကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**



ရေဘေးအန္တရာယ်ကျရောက်နိုင်သည့် ကျေးရွာ ၂၆ ရွာတွင် အချိန်မီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် စက်လှေများ အသင့်ပြင်ဆင်ထားစဉ်။

# ပုဗ္ဗသီရိမြို့နယ်တွင် ပဲတီစိမ်းကောက်ချိန် မိုးအဆက်မပြတ်ရွာသွန်း တောင်သူအချို့အရှုံးပေါ်မှုနှင့် ရင်ဆိုင်နေရ



**နေပြည်တော် ဩဂုတ် ၄**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ပဲတီစိမ်းစိုက်တောင်သူများ ပဲကောက်ချိန် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လယ်သာ၊ ဇလုပ်ကြီး၊ အင်ကြင်းစု၊ ဖြုတ်ကုန်းကြီး စသည့်ကျေးရွာများတွင် လယ်ပဲတီစိမ်းများရေဝင်ပြီး အသီးများပျက်စီးခြင်း၊ ကောက်ယူရရှိသည့်ပဲများလည်း အရည်အသွေးမမီ ဈေးကွက်မဝင် အရှုံးပေါ်နေကြောင်း ဒေသခံတောင်သူများက ပြောသည်။

"ယာထဲမှာစိုက်တဲ့ ပဲတီစိမ်းတွေကတော့ အသီးပျက်စီးမှုနည်းပါတယ်။ လယ်မြေတွေထဲမှာစိုက်ပျိုးတဲ့ ပဲတီစိမ်းတချို့က ခွသီးလောက်ပဲ ကောက်ရသေးတယ်။ နေ့စဉ်မိုးအဆက်မပြတ်ရွာသွန်းတာကြောင့် ပဲကောက်ချိန်ရောက်မှ အသီးတွေပျက်စီးဆုံးရှုံးကုန်တယ်။

"လယ်သာ၊ ဇလုပ်ကြီး၊ အင်ကြင်းစု၊ ဖြုတ်ကုန်းကြီး ကျေးရွာတွေအပြင် ကျောက်စရစ်ကုန်း၊ ညောင်လူးကျေးရွာတွေဘက်မှာလည်း ပဲတီစိမ်းတချို့ ပျက်စီးဆုံးရှုံးကုန်တယ်" ဟု ဒေသခံတောင်သူတစ်ဦးက ဆက်လက်ပြောပြသည်။

မိုးပဲတီစိမ်းများကောက်ချိန်တွင် နေ့စဉ် မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် ကောက်ပြီးပဲတီစိမ်းများကို ခါတိုင်းလို နေလှုန်း လေသလပ်အခြောက်ခံခြင်းမပြုလုပ်တော့ဘဲ အိမ်အောက်တွင် မိုးကာခင်း၍ လေသလပ်အောင် အထက်အောက်လှန်ပြီး အသီးခွံတင်းမှ စက်ဖြင့်ခွဲ၍ အစေ့အဆန်ထုတ်ယူရကြောင်း လယ်သာကျေးရွာဒေသခံ ဦးမြသိန်းက ပြောသည်။

မိုးပဲတီစိမ်း အစောပေါ်တောင်သူများ ပဲတစ်တင်းငွေကျပ် ၄၀၀၀၀ ကျော် ရောင်းချရပြီး ပဲတီစိမ်းဖြိုင်ဖြိုင်ကောက်ချိန်နီးတွင် မိုးနေ့စဉ်ရွာသွန်းခြင်းကြောင့် အစေ့အဆံများ အရည်အသွေးမမီ၍ ပဲတစ်တင်းငွေကျပ် ၁၅၀၀၀ မှ ၁၈၀၀၀ အထိသာ ရောင်းချခဲ့ရကြောင်း တောင်သူတစ်ဦးက ပြောသည်။

ပဲတီစိမ်းစိုက်တောင်သူများမှာ သီးနှံအထွက်နှုန်းကျခြင်းနှင့် သီးနှံဈေးနှုန်းလျှော့ချရောင်းရခြင်းတို့ ကြုံတွေ့ရပြီး ရင်းနှီးစရိတ်ပြန်လည်ရရှိရေးနှင့် လယ်စပါးစိုက်စရိတ်ရရှိအောင် ကြိုးစားဆောင်ရွက်နေကြကြောင်း ၎င်းကဆက်လက်ပြောသည်။ **တင်စိုးလွင်(ပြန်/ဆက်)**

## မူလတန်းမှ မူလွန်ကျောင်းသို့ အဆင့်တိုးမြှင့်ဖွင့်လှစ်

**ရေဦး ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် မန်ကျည်းတောကျေးရွာ အခြေခံပညာမူလတန်းမှ မူလတန်းလွန်ကျောင်းသို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းကို ဇူလိုင် ၂၉ ရက် နံနက် ၈ နာရီကကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ပညာရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာဝင်း၊ ဆရာတော် ဘဒ္ဒန္တနန္ဒာသီရိ (ဓမ္မကထိက) တို့က အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညိုဝင်း၊ ဆရာတော် ဝန္တနန္ဒာသီရိတို့က ကျောင်းသား ၁၈၀ တို့ တစ်ဦးလျှင် ကျောင်းဝတ်စုံတစ်စုံနှင့်အတူ ဗလာစာအုပ်နှင့် စာရေးကိရိယာများကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမဒေါ်သီတာနွယ်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။ **သန်းထိုက်(ရေဦး)**

## မတ္တရာမြို့နယ် ချမ်းသာကြီးဆန်လှူအသင်းမှ ဆွမ်းဆန်တော်များ လောင်းလှူ

**မတ္တရာ ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ချမ်းသာကြီးဆန်လှူအသင်းထောက်မှ ဆွမ်းဆန်တော်များလောင်းလှူပူဇော်ပွဲကို ဩဂုတ် ၂ နံနက် ၉ နာရီခွဲက မတ္တရာမြို့ ရွှေဘုံစံဘိုးဘွားရိပ်သာတွင် ကျင်းပခဲ့သည်။

မတ္တရာမြို့နယ် ချမ်းသာကြီးဆန်လှူအသင်းထောက်မှ မတ္တရာမြို့နယ် ရပ်ကွက် ငါးရပ်ကွက်နှင့် ကျေးရွာအသီးသီးမှ ဆွမ်းဆန်တော်တင်း ၄၃၀ ကို အလှူခံရရှိခဲ့ပြီး မတ္တရာမြို့နယ်ရှိ စာသင်တိုက်ကိုးတိုက်ရှိ သံဃာတော်အပါး ၄၅၀ တို့အား တစ်ပါးလျှင် သုံးပြည်နှုန်းနှင့် သီလရှင်ကျောင်းတိုက်တစ်တိုက်အား သုံးတင်းလှူဒါန်းသွားမည်ဖြစ်သည်။ ဝါတွင်းဝါပ နေ့စဉ်ဆွမ်းလောင်းလှူလျက်ရှိသော ဆွမ်းလောင်း အသင်းများကိုလည်း ဆွမ်းဆန်တော်များ လှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိသောဆွမ်းဆန်တော်များကို မန္တလေးမြို့ရှိ စာသင်တိုက်ကြီးများသို့ လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## ရေဘေးသင့်ပြည်သူများ နေအိမ်များသို့ပြန်လည်ရောက်ရှိ



**မင်းဘူး ဩဂုတ် ၄**

ပွင့်ဖြူမြို့သို့ မင်းဘူး(စကု)ဘက်မှလာရာတွင် ပွင့်ဖြူမြို့အဝင်ဆိုင်းဘုတ်အနီးတွင် ရေတစ်ပေခန့်သာရှိတော့သဖြင့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် ဖြတ်သန်းသွားလာ၍သော်လည်း ကောင်း၊ ခြေလျင်လျှောက်၍သော်လည်းကောင်း မြို့တွင်းရှိ မိမိတို့နေအိမ် များသို့ ကယ်ဆယ်ရေးစခန်းများမှ ပြန်လည်ထွက်ခွာသွားကြပြီဖြစ်သည်။

ယင်းပြင် မြန်မာ့ဆက်သွယ်ရေး GSM ဖုန်းလိုင်းများကို ဩဂုတ် ၂ ရက် ညနေ ၄ နာရီခန့်ကစတင်၍ ဆက်သွယ်ပြောကြားနိုင်ပြီဖြစ်၍ ဌာနဆိုင်ရာ အသီးသီးမှ ရုံးဝန်ထမ်းများလည်း ပြန်လည်ရောက်ရှိကြကာ မိမိတို့ရုံးဌာနများအတွင်း သန့်ရှင်းရေးများ စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းပြင် မြေနိမ့်ပိုင်းရှိနေရာများမှရေများကို မီးသတ်ဝန်ထမ်းများက ရေစုပ်စက်များဖြင့် စုပ်ထုတ်ပေးလျက်ရှိကြောင်းသိရသည်။ **သန်းဋ္ဌေး(မင်းဘူး)**

## ရေဘေးသင့်အိမ်ထောင်စုများသို့ ဆန်အိတ်များထောက်ပံ့

**မိုးကောင်း ဩဂုတ် ၄**

ကချင်ပြည်နယ် မိုးကောင်းမြို့ မြို့ဦးရပ်ကွက်မှ ရေဘေးသင့်အိမ်ထောင်စုများအား ဆန်ထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီက ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်း၏နေအိမ်ရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် အုပ်စုမှူးများက ရေဘေးသင့်အိမ်ထောင်စု ၄၇၅ စုတို့အတွက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် တစ်အိမ်ထောင်လျှင် ဆန်လေးပြည်စီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၄၉၉)**

## စဉ့်ကူး၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆွေးနွေး

**စဉ့်ကူး ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့ကြောင်းသိရသည်။

ဆွေးနွေးပွဲသို့ မြို့နယ်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်း၊ အတွင်းရေးမှူး မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်မှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ဧရာဝတီမြစ်ရေသည် လက်ရှိရေမှတ်ထက် ခုနစ် ပေထိရောက်ရှိလာနိုင်ကြောင်း၊ သက်ဆိုင်ရာမှ ကြိုတင်အသိပေးထားကြောင်း၊ စဉ့်ကူးမြို့၏ စိုးရိမ်ရေမှတ်မှာ (၇၈၀ စင်တီမီတာ) ဟု သိရကြောင်း၊ စဉ့်ကူးမြို့နယ်သည် ၂၀၁၄ ခုနှစ်က ရေကြီးရေလျှံမှုကြောင့် ရေနစ်ဆုံးရှုံးမှုများ ရှိခဲ့ကြောင်း၊ ယခုအခါ အဆိုပါအတွေ့အကြုံများကိုရယူ၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

စဉ့်ကူးမြို့နယ် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံချက်ရေးဆွဲထားရှိမှု အခြေအနေ စီမံချက်ပါအထောက်အကူပြုလုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုအခြေအနေနှင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များ၊ သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အဖွဲ့လေးဖွဲ့ဆောင်ရွက်သွားမည့်အခြေအနေ၊ ရေဝင်ကျွန်းပိုင်းကျေးရွာများသို့ ကွင်းဆင်းသွားရောက်၍ ရေဘေးအန္တရာယ်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ထားရှိနိုင်ရေးနှင့် ဘေးလွတ်ရာသို့ပြောင်းရွှေ့နေထိုင်နိုင်ရေး ကြိုတင်အသိပေးထားရှိမှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ပျက်စီးဆုံးရှုံးမှုများ မရှိရေးနှင့် ဆုံးရှုံးမှုနည်းနိုင်သမျှနည်းအောင် ကြိုတင်ပြင်ဆင်ထားရှိကြရန်နှင့် ဌာနဆိုင်ရာများအနေဖြင့်လည်း စာရွက်စာတမ်းများနှင့် ပရိဘောဂများကို လုံခြုံစိတ်ချရသည့် မြင့်သောနေရာများတွင် ရွှေ့ပြောင်းသိမ်းဆည်းထားရှိရန် ယခုကတည်းက ကြိုတင်ပြင်ဆင်ထားကြရန်တို့ကို ရှင်းလင်းမှာကြားခဲ့သည်။

ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တက်ရောက်လာကြသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် မြို့နယ်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က ပေါင်းစပ်ညှိနှိုင်း ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။

**ဝင်းမောင်**

## စစ်ကိုင်းတိုင်းဒေသကြီး မူးမြစ်တွင် ဒုတိယအကြိမ်ရေကြီးရေလျှံမှုဖြစ်ပေါ်၍ လူနေအိမ်များပြောင်းရွှေ့

**ရေဦး ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ဆည်မှ ရေပိုရေလျှံများကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းမှစတင်ကာ လျှော့ချလျက်ရှိပြီး ရေဦးမူးမြစ်ဝှမ်းတစ်လျှောက်ရှိ ရပ်ကွက်၊ ကျေးရွာလူနေအိမ်များ ရေဝင်နစ်မြုပ်နိုင်သည့်အတွက် ရေလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့သွားရန် အသိပေးနှိုးဆော်ထားရာ ပြောင်းရွှေ့နေထိုင်နိုင်ရေးတွက် ကြိုတင်ပြင်ဆင်မှုများကို မြို့နယ်တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"မိုးကလည်း အဆက်မပြတ်ရွာနေတယ်။ မူးမြစ်ရေကလည်း တဖြည်းဖြည်းနဲ့ပိုပိုတိုးလာတယ်။ ချောင်းရေကလည်း ပြည့်လျှံပြီး လူနေအိမ်အတွင်းထိ နှစ်ပေခွဲခန့်ဝင်လာတဲ့အတွက် အပေါ်တက်နေရတယ်။ ပထမရေကြီးတုန်းက ရေဒီလောက်မဝင်ဘူး။ ဒီတစ်ကြိမ်ရောက်မှ ရေဝင်များလာတဲ့အတွက် အိမ်ဝင်းအပြင်ထွက်လို့ဝင်လို့ မလွယ်ဖြစ်နေပါတယ်။ အလှူရှင်ကိုယ်တိုင်စားသောက်စရာတွေ အိမ်တိုင်ရာရောက်လာပို့ပေးတဲ့ မြို့နယ်တာဝန်ရှိသူများနဲ့ ညနေရေလှူအသင်းကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ဗိုလ်အောင်ဇေယျရပ်ကွက်မှ ဦးထွန်းကပြောသည်။

ယင်းပြင် ရေဦး-ညောင်လှ ချောင်းကူးတံတားနှင့် လေးရွာ၊ ကွမ်းခြံရွာ၌ မူးမြစ်ကမ်းပါးပြိုကျမှုများဖြစ်ပေါ်ကာ ရေတိုက်စားမှုကြောင့် ချောင်းကူးတံတားတစ်စင်း ရေမျောပျက်စီးပြီး လူနေအိမ် ၁၉ လုံးမှာလည်း ရေလွတ်ရာသို့ပြောင်းရွှေ့နေကြရကာ မြစ်ရေအခြေအနေကို စောင့်ကြည့်၍ လိုအပ်သောပံ့ပိုးကူညီမှုများပေးနိုင်ရန် ရှေ့တန်းကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားကြောင်း ကယ်ဆယ်ရေးစခန်းတာဝန်ခံ ဦးနွဲ့မောင်ကပြောသည်။

ရေဝင်နစ်မြုပ်သည့် မြို့ပေါ်ရပ်ကွက်များဖြစ်သည့် ရွှေပြည်သာရပ်ကွက်မြောက်ပိုင်း၊ ဗိုလ်အောင်ဇေယျရပ်ကွက် အရှေ့ပိုင်း၊ အောင်မင်္ဂလာရပ်ကွက်မြောက်ပိုင်း၊ အလယ်ပိုင်း၊ တောင်ပိုင်းမှ အိမ်ထောင်စုဝင်များ နေထိုင်စားသောက်နေနိုင်စေရန် ကမ္ဘာ့ယံကျောင်းတိုက်၊ မြို့မကျောက်တိုင်အားကစားကွင်း၊ အ.မ.က ကျောင်းတို့တွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိကာ ရေဘေးသင့်အိမ်ထောင်စုများအား ထမင်းထုပ်၊ ရေသန့်ဘူး၊ ခေါက်ဆွဲ၊ ကော်ဖီမစ်ထုပ် စသည်တို့ပေးဝေကာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှလည်း ကျန်းမာရေးစောင့်ရှောက်မှုများပေးအပ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

ဖတ်စရာ



# အင်းဝခေတ်ဗိသုကာလက်ရာများ လေ့လာနိုင်သော လေးထပ်ကြီးဘုရား

à သန်းဇော်မင်း(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝမြို့ဟောင်း ဟံသာဝတီကျေးရွာအနီးတွင် တည်ရှိသော လေးထပ်ကြီးဘုရားသည် စတုတ္ထအင်းဝခေတ် ဗိသုကာလက်ရာများကို လေ့လာနိုင်ကြောင်း သိရသည်။

"ဒီဘုရားကြီးရဲ့ ဂန္ဓကုဋီတိုက် ကြီးမားခံ့ညားမှုတွေ၊ ရှေးခေတ်မြန်မာဗိသုကာပညာရှင်တွေရဲ့ ဗိသုကာလက်ရာတွေကို ပြည်တွင်းပြည်ပပညာရှင်တွေ၊ ပြည်တွင်းပြည်ပခရီးသွားတွေ စိတ်ဝင်တစားလေ့လာကြပါတယ်" ဟံသာဝတီကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ရှေးဘုရင်မင်းဆက် ၃၁ ဆက် ထီးနန်းစိုးစံခဲ့သော အင်းဝမြို့ဟောင်းရှိ လေးထပ်ကြီးဘုရားကို ညောင်းရမ်းမင်းတရားက မြန်မာသက္ကရာဇ် ၉၆၃ ခုနှစ်တွင် စတင်၍ လေးထပ်ကျောင်းကြီးကို ကျောင်းရန် ၄၀ နှင့်တကွ တည်ဆောက်ခဲ့ပြီး သားတော်သာလွန်မင်းက ပြီးစီးအောင်ဆောင်ရွက်ခဲ့သည်။ သက္ကရာဇ် ၁၁၈၇ ခုနှစ်တွင် စတုတ္ထအင်းဝနန်းစံ ဘကြီးတော်မင်း သည် သကျသီဟရုပ်ပွားတော်ကြီးအား ကြေးနီ၊ သလွဲ၊ ရွှေ၊ ငွေ စုစုပေါင်းပိဿာချိန် ၁၆၀၁၀ ဖြင့် သွန်းလောင်းခဲ့ပြီး လက်ရှိဂန္ဓကုဋီတိုက်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့သည်။

လေးထပ်ကျောင်းနေရာတွင် ဆောက်လုပ်ခဲ့သဖြင့် လေးထပ်ကြီးကျောင်းဟု လူသိများသည်။ သက္ကရာဇ် ၁၂၀၀ ပြည့်နှစ် ငလျင်ကြောင့် ဂန္ဓကုဋီတိုက်မှာ ပျက်စီးခဲ့ပြီး သကျသီဟရုပ်ပွားတော်ကြီးအား ပုဂံမင်းလက်ထက် သက္ကရာဇ် ၁၂၀၉ ခုနှစ်တွင် အမရပူရသို့ပင့်ဆောင့်ကာ မဟာဝိဇယရံသီစေတီတော်ကြီး၏ တောင်ဘက်ဘုံငါးဆင့်ပြာသာဒ် ဆောက်လုပ်၍ တည်ထားကိုးကွယ်ခဲ့သည်။ သီပေါမင်းလက်ထက် သက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် ၎င်းရုပ်ပွားတော်ကြီးအား အမရပူရမှ မန္တလေး မဟာအောင်မြေမြို့နယ်ရှိ ယခုလက်ရှိ ကိန်းဝပ်တော်မူသောနေရာသို့ ပင့်ဆောင်ကိုးကွယ်ခဲ့သည်။

လက်ရှိကြွင်းကျန်ရစ်သော ဂန္ဓကုဋီတိုက်ကို ဘကြီးတော်မင်းကောင်းမှု မုခ်ပေါက်လေးပေါက်ပါ လေးဘက်ညီ အုတ်ဂန္ဓကုဋီတိုက်မှာ ပြာသာဒ်ဖြင့်တည်ဆောက်ခဲ့ပြီး မျက်နှာလေးဘက်တွင် မုခ်ခုံတပ်ထားသည်။

မုခ်တံကဲတွင် သိကြားရုပ်၊ မိကျောင်းရုပ်၊ ခြသေ့်ရုပ်တို့ကို အင်္ဂတေပန်းများဖြင့် ထုလုပ်ထားပြီး အုတ်ပြာသာဒ်ကို အစောင့်ဘီးလူးရုပ်ပါ စိန်တောင်သုံးဆင့်ဖြင့် ကာရံထားရာ စတုတ္ထအင်းဝခေတ် ဗိသုကာလက်ရာများ လေ့လာနိုင်ကြောင်း သိရသည်။

# ရန်ကုန်-မန္တလေး အမြန်လမ်းဖောက်လုပ်ရာတွင် ပါဝင်ခဲ့သည့်လယ်ယာမြေအတွက် နစ်နာကြေးပေးအပ်

**မိတ္ထီလာ ဩဂုတ် ၄**

မိတ္ထီလာတွင် ရန်ကုန်-မန္တလေးအမြန်လမ်း ဖောက်လုပ်ရာ၌ လမ်းနယ်အတွင်းပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာကြေးပေးအပ်ပွဲကို ဩဂုတ် ၃ ရက်နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

၎င်းနစ်နာကြေးပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးလှိုင်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောဌေးတို့က အဖွင့်အမှာစကားပြောကြားပြီး အမြန်လမ်း (သီးကုန်း ၂၈၅) မိုင် တာဝန်ခံက လယ်ယာမြေနစ်နာကြေးပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်မြေစာရင်းဦးစီးမှူးက လယ်ယာမြေနစ်နာကြေးရရှိသူများအနေဖြင့် နစ်နာကြေးငွေထုတ်ယူရာတွင် သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှ ငွေကြေးတစ်စုံတစ်ရာ ဖြတ်တောက်ခြင်းမပြုဘဲ စေတနာဖြင့် အကျိုးဆောင်ပေးရန်၊ ကာယကံရှင်တောင်သူများကိုယ်တိုင် နစ်နာကြေးငွေများထုတ်ယူရန် မှာကြားခဲ့သည်။

ဆက်လက်၍ ရေချို၊ ညောင်ဇောက်၊ ရွှေစစ်သည် ကျေးရွာအုပ်စုသုံးအုပ်စုမှ လယ်ယာမြေဆုံးရှုံးနစ်နာသူ တောင်သူ ၁၀၀ ခန့်အား လယ်မြေတစ်ဧက ကျပ် ၁၂ သိန်း၊ ယာမြေတစ်ဧကကျပ် ၁၀ သိန်းနှုန်းစီဖြင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ ကျန်ရှိသည့် ကျေးရွာအုပ်စုများမှ လယ်ယာမြေဆုံးရှုံးနစ်နာသူ တောင်သူများအား နစ်နာကြေးများကို ဩဂုတ် ၆ ရက်အထိ ပြီးစီးအောင်ပေးအပ်သွားမည်ဖြစ်သည်။ မိတ္ထီလာမြို့နယ်အတွင်း ရန်ကုန်-မန္တလေးအမြန်လမ်းဖောက်လုပ်ရာတွင် ရေချို၊ ညောင်ဇောက်၊ လိန်တော၊ ရွှေစစ်သည်၊ ညောင်ပင်လှို၊ သီးကုန်း၊အိုင်ကြီးလည်၊ မွေ၊ အလည်ရွာ၊ ဆပ်ပြာကျင်း ကျေးရွာအုပ်စု ၁၀ အုပ်စုမှ တောင်သူ ၇၅၇ ဦး၏ လယ်ယာမြေစုစုပေါင်း ၉၁၄ ဧကအတွက် နစ်နာကြေးငွေ စုစုပေါင်း ငွေကျပ်၉၅၅၃၉၂၀၀၀ ကို ပေးအပ်ခဲ့သည်။ **ချမ်းသာ(မိတ္ထီလာ)**

# ပန်းတနော်မြို့နယ်တွင် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်

**ပန်းတနော် ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ဒေသခံပြည်သူများ ရေနစ်မြုပ်ပါက ပျက်စီးဆုံးရှုံးမှုမရှိစေရန်၊ လူနှင့်တိရစ္ဆာန်များ အန္တရာယ်မရှိစေရန်၊ ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်၊ ရေဘေးသင့်ပြည်သူများအား အစားအသောက်၊ အဝတ်အထည်နှင့် လူသုံးပစ္စည်းများ ထောက်ပံ့နိုင်ရန်ရည်ရွယ်၍ ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဩဂုတ် ၃ ရက် နံနက် ၉ နာရီက ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကိုတင့်က ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် မြို့နယ်အဆင့်ရေဘေးကယ်ဆယ်ရေးအဖွဲ့ဖွဲ့စည်းကာ ပန်းတနော်မြို့နယ်အတွင်းရှိ မြစ်ကမ်းဘေးကျေးရွာ ၁၁ ရွာ၊ အိမ်ခြေ ၂၀၉ လုံးတို့အား ရေလွတ်ရာသို့ ရွှေ့ပြောင်းပေးနေကြောင်း၊ ရေနစ်မြုပ်ပါကလည်း ကူညီကယ်ဆယ်ရေးအတွက် အသက်ကယ်ဝတ်စုံများ၊ အသက်ကယ်လှေများ စုဆောင်းထားရှိကြောင်းတို့ကို ပြောကြားခဲ့သည်။

ယင်းအပြင် ရိက္ခာအတွက် ဆန်အိတ် ၂၀၀ အဆင်သင့်ရှိပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ကပံ့ပိုးသော လူဦးရေ ၁၀၀ စာ ရေဘေးကယ်ဆယ်ရေးပစ္စည်းခုနှစ်မျိုးစီလည်း ရောက်ရှိနေပြီဖြစ်ကြောင်း၊ နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများကလည်း ကူညီကယ်ဆယ်ရေးအတွက် ကျေးရွာများရွှေ့ပြောင်းနိုင်ရေးဆောင်ရွက်နေကြောင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးဝါးများလည်းအရန်သင့်ပြင်ဆင်ထားကြောင်း၊ အရေးပေါ်ဆောင်ရွက်ရမည့်အခြေအနေများအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက အရန်သင့်ရှိနေပြီဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ ပန်းတနော်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမန်းသက်တင်၊ ဦးငြိမ်းမြိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးရေးနှင့်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်ကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့များ တက်ရောက်ခဲ့သည်။ **(၁၆၆)**

# တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသည့် ကျောင်းသားများအား ဂုဏ်ပြု

**ရန်ကုန် ဩဂုတ် ၄**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်မှ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ကျောင်းအလိုက် ဂုဏ်ထူးရဘာသာရပ်အများဆုံးရရှိအောင် သင်ကြားပို့ချခဲ့သည့် ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂ ရက် မွန်းလွဲ ၁ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းဒေသကြီး သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးကျော်စိုးက မြို့နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဂုဏ်ပြုဆုချီးမြှင့်ရေးလုပ်ငန်းအဖွဲ့ဥက္ကဌ မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်းက ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး (အငြိမ်းစား)သီရိပျံချီ ဦးအောင်ကြည်က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ပြည်ထောင်စုဝန်ကြီး(အငြိမ်းစား) သီရိပျံချီ ဦးအောင်ကြည်နှင့် တာဝန်ရှိသူများက မင်္ဂလာတောင်ညွန့်မြို့နယ်မှ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် အကောင်းဆုံးဆုရ ကျောင်းအုပ်ကြီးများ၊ ကျောင်းအလိုက် ဂုဏ်ထူးအများဆုံးရရှိအောင် သင်ကြားပို့ချသည့် ဆရာ၊ ဆရာမများ၊ ဘက်စုံပညာထူးချွန်လူငယ်နှင့် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ကလေးခရိုင်သို့ ကူညီကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ထပ်မံပေးပို့

**မုံရွာ ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်သာမြစ်နှင့် နေရဥ္စာမြစ်ရေမြင့်တက်လာပြီး မြို့ပေါ်ရပ်ကွက်များ၊ ဌာနဆိုင်ရာရုံး ၁၆ ရုံး၊ ဘုန်းတော်ကြီးကျောင်းသုံးကျောင်းနှင့် ကျေးရွာအများစုတွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခြင်း၊ တံတားငယ်အချို့ ရေစီးဖြင့်မျောပါပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရနှင့် စေတနာရှင် အလှူရှင်များမှ ကလေးဒေသသို့ အရေးပေါ်ကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများ၊ ဆန်နှင့် အသင့်စားစားသောက်ကုန်များ၊ အဝတ်အထည်များ၊ ဆေးဝါးပစ္စည်းများနှင့် သန့်ရှင်းသော သောက်သုံးရေရရှိစေရန်အတွက် ရေသန့်ဘူးနှင့် အခြားပစ္စည်းများကို ဩဂုတ်၁ ရက်တွင် တပ်မတော်ရဟတ်ယာဉ်များ၊ လေယာဉ်များဖြင့် ပေးပို့ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ကလေးခရိုင် ရေဘေးသင့်ဒေသများအတွက် တက်လမ်းကုမ္ပဏီမှ ၄၅ ပေ အရှည်ရှိ မော်တော်ဘုတ်နှစ်စင်း၊ အသက်ကယ်အင်္ကျီအထည် ၁၀၀ နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့ မုံရွာ ကြက်၊ ငုံးမွေးမြူရေးဇုန်လုပ်ငန်းရှင်များက အလှူငွေကျပ် ၁၀ သိန်းကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပေါင်မြို့နယ် ဇင်းကျိုက်ကျောက်သဘော်ရေတံခွန်အပန်းဖြေစခန်း စည်ကား



**ဇင်းကျိုက် ဩဂုတ် ၄**

မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့ ကျောက်သဘော်ရေတံခွန် အပန်းဖြေစခန်း၌ ဇူလိုင် ၃၁ ရက် (ဒုတိယဝါဆိုလပြည့်နေ့)နှင့် ဩဂုတ် ၁ ရက် (ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့)တို့တွင် အဆိုပါ ရေတံခွန် အပန်းဖြေစခန်းသို့ လာရောက်လည်ပတ် အပန်းဖြေကြသူများ၊ ဝါဆိုပန်းခူးသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

မွန်ပြည်နယ်တွင် ယခင်က မွန်တိုင်းရင်းသားတို့၏ ရိုးရာဓလေ့အရ ဘုရားကျောင်းကန်သို့သွားရောက်၍ ဝါဆိုပန်းကပ်လှူပူဇော်ရန် ဝါဆိုပန်းခူးထွက်ကြရာ မွန်ပြည်နယ် မော်လမြိုင်မြို့ပတ်ဝန်းကျင် တောင်ဝိုင်း မုဒုံမြို့ ဂျုံးဂျုံးကျရေတံခွန်စခန်းများသို့သာ ဝါဆိုပန်းခူးရန်နှင့် အပန်းဖြေရန် လည်ပတ်ကြသူများခဲ့သော်လည်း ယခုအခါ ပေါင်မြို့နယ် ဇင်းကျိုက်မြို့ ကျောက်သဘော်ရေတံခွန်စခန်းကို မြို့နယ်စည်ပင် သာယာရေးကော်မတီမှ ဦးဆောင်၍ သာယာလှပပြီး အပန်းဖြေစခန်းအင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုကြောင့် နေ့စဉ်လိုလို လာရောက်အပန်းဖြေ လည်ပတ်သူများရှိနေကြောင်း တွေ့ရသည်။

အထူးသဖြင့် အစိုးရရုံးပိတ်ရက်များနှင့် နေ့ကြီးရက်ကြီးများတွင် ရပ်ဝေးအနယ်နယ်အရပ်ရပ်မှ မိသားစုလိုက် လာရောက်လည်ပတ်အပန်းဖြေသူများ၊ အဖွဲ့အစည်းများ၊ မိတ်ဆွေအပေါင်းအသင်းအစုအဖွဲ့ဖြင့် လာရောက်အပန်းဖြေ လည်ပတ်သူများ ယခုနှစ်တွင် ပိုမိုများပြားလာကြောင်း တွေ့ရှိရသည်။

"ဇင်းကျိုက်ရေတံခွန်ကို ကျွန်မတို့ မိသားစု မကြာမကြာရောက်ပါတယ်။ မော်လမြိုင်နဲ့လည်းနီးတော့ သွားလာရတာက လွယ်ကူတယ်လေ။ စားသောက်စရာတွေ ချိုင့်နဲ့ထည့်ပြီး ယူလာကြတယ်။ ရေတံခွန်မှာ ရေချိုးကြ၊ စားကြသောက်ကြနဲ့ ပတ်ဝန်းကျင်ရေမြေသဘာဝက အရမ်းသာယာတော့ စိတ်ချမ်းသာပြီး ပျော်စရာကောင်းပါတယ်" ဟု မော်လမြိုင်မြို့မှ မိသားစုလိုက် လာရောက်အပန်းဖြေလည်ပတ်သူတစ်ဦးက ပြောသည်။

**နေခြည်(ဇင်းကျိုက်)**

# မိတ္ထီလာမြို့၌ (One Stop Shops) စုပေါင်းရုံးများ စတင်ဖွင့်လှစ် ဆောင်ရွက်

**မိတ္ထီလာ ဩဂုတ် ၄**

မိတ္ထီလာမြို့၌ One Stop Shops (OSS) စုပေါင်းရုံးများ ဖွင့်လှစ်၍ စားသောက်ဆိုင်များ ဘေးအန္တရာယ်၊ ပုဂ္ဂလိကအိမ်ဆိုင်လုပ်ငန်းလိုင်စင်များ၊ ယစ်မျိုးလိုင်စင်ချထားခြင်းနှင့် အခွန်လေးမျိုး ကောက်ခံခြင်း၊ ဘီလီယက်ခုံလိုင်စင်ပြုလုပ်ခြင်းနှင့် မြေစာရင်းပုံစံ (၁၀၅) ရေကူးခွင့်ကိစ္စများ၊ မြေငှားဂရန်လျှောက်ထားခြင်းကိစ္စများ၊ ပျော်ပွဲရွှင်ပွဲအတွက် ပွဲမိန့်များလျှောက်ထားခြင်းကိစ္စများ၊ နိုင်ငံသားစိစစ်ရေးကတ်များထုတ်ပေးခြင်း၊ အိမ်ထောင်စုလူဦးရေ ပြောင်း၊ ဝင်၊ ထွက်၊ ဖွား၊ သေစာရင်းများပြုလုပ်ရန်နှင့် သတင်းပေးတိုင်တန်းချက်များအား လက်ခံအရေးယူဆောင်ရွက်ပေးခြင်းကိစ္စများအတွက် တစ်နေရာတည်းဆောင်ရွက်နိုင်ရန်အတွက် ဩဂုတ် ၃ ရက်မှစတင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအောက်ထပ် စုပေါင်းရုံးတွင် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ One Stop Shops (OSS) စုပေါင်းရုံးများ ဖွင့်လှစ်ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဥက္ကဋ္ဌ ဦးခင်မောင်လင်းနှင့် တာဝန်ရှိများက ကြည့်ရှုခဲ့သည်။ ၎င်းစုပေါင်းရုံးများတွင် မြို့နယ်အထွေအထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြန်မာ့စီးပွားရေးဘဏ်၊ မြို့နယ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ လမ်းဦးစီးဌာန၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်သဘင်အစည်းအရုံးတို့မှ သက်ဆိုင်ရာလုပ်ငန်းများကို ဒေသခံပြည်သူလူထု အဆင်ပြေလွယ်ကူစေရန်အတွက် စုပေါင်းဖွင့်လှစ်ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ယခုလို တစ်နေရာတည်းတွင် လုပ်ငန်းလိုင်စင်များ ဆောင်ရွက်နိုင်သလို၊ လုပ်ငန်းလိုင်စင်ဆောင်ရွက်သူ ဒေသခံပြည်သူများမှ ယူဆောင်လာရမည့် အချက်အလက်များကိုလည်း ဗီနိုင်းများဖြင့် ကြေညာထားရှိသည့်အတွက် မိမိတို့လုပ်ငန်းလိုင်စင်များ၊ မြေငှားဂရန်လျှောက်ထားခြင်းကိစ္စများ လုပ်ဆောင်ရာတွင် အချိန်ကုန်သက်သာပြီး အဆင်ပြေတော့မည်ဖြစ်ကြောင်း လုပ်ငန်းလိုင်စင်ပြုလုပ်သူတစ်ဦးကပြောသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မုံရွာမြို့နယ် တောင်ပုံတာရိုး တာပေါင်ကျိုးပေါက်သဖြင့် ပေါက်အင်းအတွင်း ရေများဝင်ရောက်လျက်ရှိ

**မုံရွာ ဩဂုတ် ၄**

ချင်းတွင်းမြစ်ရေသည် ယခုနှစ်မိုးရာသီတွင် ၁၃ နှစ်တာကာလအတွင်း အမြင့်ဆုံးရေအမှတ်အဖြစ် ဩဂုတ် ၂ ရက် ညနေ ၅ နာရီက မုံရွာမြို့တွင် စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၀၀ အထက်ကျော်လွန်ပြီး ၁၁၃၅ စင်တီမီတာသို့ ရောက်ရှိလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ မုံရွာမြို့နယ် ချင်းတွင်းမြစ်ရေကာကွယ်ရေးတာ (တောင်ပိုင်း) ရှိ တောင်ပုံ(၅)ပေါက်တွဲ ရေတံခါးအနီးရှိတာတွင် ဩဂုတ် ၂ ရက် နံနက်ပိုင်းက ထူးပေါက်စတင်ဖြစ်ပေါ်လာခဲ့ပြီး နံနက် ၁၁ ခွဲခန့်တွင် ဆည်တာပေါင်မှာ အလျားပေ ၃၀၊ အကျယ်ပေ ၂၀နှင့် အမြင့် ၁၅ ပေခန့် ကျိုးပေါက်ခဲ့ကာ ရေတံခါး၏ Retaining Wall အရှည်ပေ ၅၀ ခန့် ကျိုးပေါက်ခဲ့သည်။

ထိုရေများမှာ တောင်ပုံချောင်းမှတစ်ဆင့် ချောင်းဦးမြို့နယ် ပေါက်အင်းသို့ ရေများဝင်ရောက်လျက်ရှိသည်။ ယင်းဆည်တာရိုး ရေတိုက်စားမှုအား ဒေသခံပြည်သူများနှင့်ပူးပေါင်းပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦး၊ တိုင်းဒေသကြီး ဆည်မြောင်းဦးစီးမှူး၊ တိုင်းဒေသကြီး ဆက်သွယ်ရေးမန်နေဂျာ၊ စစ်ကိုင်းတိုင်းဒေသကြီး ဒုတိယရဲတပ်ဖွဲ့မှူး ဦးစီးအင်အား ၄၀၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များမှ သဲအိတ်များ ထပ်မံချထားခြင်း၊ မျှောတိုင်များရိုက်ခြင်း၊ သစ်ပင်သစ်ကိုင်းများ ကာရံ၍ ဆည်တာပေါင်ထပ်မံကျိုးကျမှု မရှိစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည်။

တာပေါင်ကျိုးကျမှုကြောင့် ထနောင်းတောကျေးရွာအောက်ရှိ ပုရစ်ကုန်း၊ တောင်ပုံကျေးရွာရှိ ဒေသခံပြည်သူများ ရေဘေးအန္တရာယ်မှ ကင်းလွတ်စေရေးနှင့် လူနှင့် ကျွဲနွားတိရစ္ဆာန်များ ရွှေ့ပြောင်းရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဩဂုတ် ၂ ရက် ညနေ ၃ နာရီတွင် ပေါက်အင်းအတွင်း ရေဝင်ရောက်မှုမှာ ၂၁၉ ပေဖြစ်ပြီး ပေါက်အင်း၏ ပုံမှန်ရေသိုလှောင်နိုင်သည့် ရေအမှတ်ပေ ၂၂၀၊ အကျယ် ဧက ၂၁၀၀ ရှိပြီး ၂၂၄ ပေအထိ ရေများသိုလှောင်နိုင်မည်ဖြစ်သော်လည်း ၂၂၄ ပေအထိ သိုလှောင်ပါက ချောင်းဦးမြို့နယ် တောကျောင်းကြီးအုပ်စု၊ တောကျောင်းကြီးကျေးရွာ၊ ပေါက်အင်းကျေးရွာ၊ ရွာထင်ကျေးရွာ၊ မကျီးခွကျေးရွာအုပ်စု မကျီးခွကျေးရွာ၊ မင်းခေါင်ကျေးရွာ၊ မင်းတည်ကျေးရွာနှင့် မြောင်မြို့နယ် မကျီးဘုတ်ကျေးရွာအုပ်စုတို့ ရေဝင်ရောက်နိုင်သည့်အပြင် ချောင်းဦး-ပခုက္ကူလမ်းမအပေါ်သို့ ရေများဖြတ်ကျော်စီးဆင်းနိုင်ကြောင်းနှင့် ချောင်းဦးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကြိုတင်သတိပေးထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာများအတွင်းသို့ ရေများဝင်ရောက်မှုမရှိစေရေးနှင့် အန္တရာယ်မဖြစ်စေရေးအတွက် တိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်နှင့်အဖွဲ့ဝင်များက တာပေါင်ထပ်မံမကျိုးပေါက်စေရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရေစကြိုမြို့တွင် နှစ် ၇၀ကျော် ကာလအတွင်းအကြီးမားဆုံးရေကြီးနေ

**ရေစကြို ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့သည် ချင်းတွင်းမြစ်ကမ်းနဖူးတွင်တည်ရှိပြီး နှစ် ၇၀ကျော်ကာလအတွင်း မကြုံဖူးသည့်ကြီးမားသောရေကြီးမှုဖြစ်ပေါ်နေကြောင်းသိရသည်။

"ကျွန်မ အသက် (၇၁)နှစ်ရှိပါပြီ။ သက်တမ်းတစ်လျှောက်ရေကြီးမှုတွေကြုံတွေ့ရဖူးပါတယ်။ အရင်တုန်းက သုံးနှစ်တစ်ကြိမ်၊ လေးနှစ်တစ်ကြိမ်ဆိုသလိုရေကြီးပါတယ်။ မှတ်မှတ်ရရ ၂၀၀၂ ခုနှစ်က ကြီးကြီးမားမား ရေကြီးဖူးပါတယ်။ဒါပေမယ့် အခုရေလောက်မများဘူး။ ဒီနှစ်တက်တဲ့မြစ်ရေကတော့ မကြုံဖူးအောင်များ နေတယ်"ဟု ရေစကြိုမြို့အမှတ် (၄)ဈေးဟောင်းရပ်ကွက်နေ ဒေါ်ထွန်းကြည်ကပြောသည်။

ရေစကြိုမြို့ကိုရပ်ကွက်ကြီး ရှစ်ခုဖြင့် ဖွဲ့စည်းထားရှိပြီး ယခုအခါ အမှတ် (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈) ရပ်ကွက်များ၏ အနိမ့်ပိုင်းသို့ မြစ်ရေများဝင်ရောက်လျက်ရှိပြီး မြို့မဈေးအမှတ် (၂)အတွင်းပါ ရေများဝင်ရောက်လျက်ရှိနေကာ စက်လှေများဈေးအထိရောက်ရှိနေသည်။

ယခုအခါ ရေစကြိုမြို့တွင် ကယ်ဆယ်ရေးစခန်းခုနစ်ခုတွင်းအိမ်ထောင်စု ၆၀၂စု၊ လူဦးရေ ၂၄၅၅ဦးတို့အား ကူညီစောင့်ရှောက်ထားလျက် ဩဂုတ် ၂ ရက်က ပဲဆန်ကြော်လုပ်ငန်းရှင်ခုနစ်ဦးနှင့် ကံပွင့်ကုမ္ပဏီတို့က ဆန်နှင့် သောက်ရေသန့်များဝေငှလှူဒါန်းကြောင်းသိရှိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ချင်းတွင်းမြစ်ရေကြီးမှုကြောင့် ရေစကြိုမြို့နယ်တွင် သဘာဝရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်

**ရေစကြို ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်းရှိ ချင်းတွင်းမြစ်ရေသည် ရေစကြိုမြို့၌ ဩဂုတ် ၂ ရက် နံနက် ၇ နာရီတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေ၏ စိုးရိမ်ရေအမှတ်ကျော်လွန်၍ ၂၉ ဒသမ ၈ ပေသို့ ရောက်ရှိရာ မြစ်ကမ်းဘေးရှိ မြို့ပေါ် (၁၊ ၃၊ ၄၊ ၆၊ ၈) ရပ်ကွက် ကမ်းနားအနိမ့်ပိုင်းနှင့် မြစ်ရေဝင်ရောက်နိုင်သော နေအိမ်များ၊ ပြည်သူများ၊ တိရစ္ဆာန်များ သဘာဝရေဘေးကင်းလွတ်ရန် ဘုန်းတော်ကြီးကျောင်းများဖြစ်သည့် ဂူကြြင်း၊ ကပ်ကျော်နှင့် မင်းအိုကျောင်းတိုက်များတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းဦးစီးသော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအဖွဲ့က ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိရာ ဩဂုတ် ၂ ရက်အထိ အိမ်ထောင်စု ၆၀၂ စု၊ လူဦးရေ ၂၄၅၅ ဦးတို့အား ရွှေ့ပြောင်းနေရာချထားပြီးဖြစ်သည်။

အဆိုပါ ကယ်ဆယ်ရေးစခန်းများသို့ နံနက်ပိုင်းက အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးအောင်လင်းထွန်း၊ ရေစကြိုတပ်နယ်မှူး၊ ပခုက္ကူခရိုင်၊ အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ ရေစကြိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းနှင့် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု မြို့မိမြို့ဖများသည် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းများသို့ရောက်ရှိ၍ လိုက်လံကြည့်ရှုခဲ့သည်။

အဆိုပါအဖွဲ့သည် ပြည်သူများ၏ လိုအပ်ချက်များဖြစ်သော စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ သောက်သုံးရေလုံလောက်စွာရရှိရေး၊ အမိုးအကာများဖြင့် လုံခြုံစွာနေထိုင်ရေး၊ ရေဘေးဆက်လက်မဖြစ်ပွားရေးအတွက် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းကာ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကယ်ဆယ်ရေးစခန်းများတွင် ဒေသခံရေစကြိုတပ်နယ်မှူးဦးဆောင်၍ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများက ပြည်သူများအား အနီးကပ်ကူညီစောင့်ရှောက်ပေးကြရန် ပြောကြားခဲ့သည်။**အောင်ကျော်မြင့်**

# မြိုင်မြို့ စည်ပင်သာယာဈေးအတွင်း ရောင်းချနေသော ဆားများတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှု လက်တွေ့စစ်ဆေး

**မြိုင် ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့ စည်ပင်သာယာဈေးအတွင်း ရောင်းချနေသော ဆားများတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှု လက်တွေ့စစ်ဆေးပညာပေးခြင်းကို ဩဂုတ်လဆန်းက ဆောင်ရွက်ခဲ့သည်။

အိုင်အိုဒင်းဓာတ်ပါဝင်မှုစစ်ဆေးရာသို့ မြို့နယ်အမျိုးသမီးရေးအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်စုထွေးမာနှင့်အဖွဲ့ဝင်များ၊ ကျန်းမာရေးတာဝန်ခံ ဒေါ်အေးသူဇာဟန်၊ ကျန်းမာရေးဝန်ထမ်းများ၊ ဈေးတာဝန်ခံ ဦးဘိုဝင်းတို့က ဆိုင်ခန်းပေါင်း ၃၀ တို့အား စစ်ဆေးပညာပေးခဲ့သည်။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကျန်းမာရေးဌာနမှ ဆားရောင်းချသူဈေးသည်များအား ဆားများပြန်လည်ထုပ်ပိုးရာတွင် အိုင်အိုဒင်းဓာတ်ပြည့်ဝစေရန် အထုပ်များကို မီး (သို့) သားရေကွင်းများကို အသုံးပြုကြပါဟု တာဝန်ခံဆရာမက ပြောကြားခဲ့ကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**

# သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

# စာအုပ်စာပေ လူ့မိတ်ဆွေ



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့ပေါ်ရပ်ကွက်များတွင် ရေကြီးရေလျှံမှုများကြောင့် ရေနုတ်မြောင်းများပိတ်ဆို့နေခြင်းကို ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက သန့်ရှင်းရေးပြုလုပ်၍ မြေကော်စက်ကြီးများဖြင့် အမြန်တူးဖော်ဆောင်ရွက်နေကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ - သန်းဌေး(မင်းဘူး)

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း အမှတ်စဉ် (၁/၂၀၁၅) ဖွင့်

**ရေး ဩဂုတ် ၄**

ရေးမြို့နယ် လမိုင်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၃ ရက် နံနက် ၉ နာရီက အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်မှ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်သင်တန်းသား ၅၀ တက်ရောက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်က သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် အခြေခံလက်နက်မဲ့စစ်ရေးပြ၊ အခြေခံမီးသတ်ပညာရပ်များနှင့် အခြေခံရှာဖွေကယ်ဆယ်ရေးပညာရပ်များကို သင်တန်းမှူး မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးသန်းထိုက်က ဆောင်ရွက်ပြီး သန္ဓေတပ်ဖွဲ့ဝင်များက ဘာသာရပ်များအလိုက် စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကာ သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမည်ဖြစ်ကြောင်း သိရသည်။

**ထွဋ်ထွဋ်(ရေး)**

# အခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်

**ရေဦး ဩဂုတ် ၄**

ရေဦးမြို့နယ် နေပူကုန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၈ နာရီက ရေဦးမြို့နယ် နေပူကုန်းကျေးရွာ၌ ကျင်းပခဲ့သည်။

အဆိုပါဖွင့်လှစ်ပွဲတွင် ဒုမြို့နယ်ပညာရေးမှူးဦးစိန်ဝင်း၊ ကျောင်းအုပ်ဆရာကြီး ဦးရွှေအောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ဝင်းလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

# MPT နှင့် Line တို့ ပူးပေါင်းပြီး မိုဘိုင်းသုံးစွဲသူများကို ဆွဲဆောင်မှုရှိသည့် ဆိုရှယ်အပလီကေးရှင်းမိတ်ဆက်




**ရန်ကုန် သြဂုတ် ၄**

စကားလုံးပေါင်း ၁၀၀၀ ကျော်ကို ကိုယ်စားပြုသော Line mobile application ၏ ကာတွန်းအဖွဲ့နှင့် ပညာရှင်များရေးဆွဲထားသည့် နာမည်ကျော် ဇာတ်ကောင်စတေကာလေးများဖြင့် မိုဘိုင်းဖုန်းချက်ဘောက်တွင် စက်တင်ဘာလကုန်အထိ အခမဲ့ဆက်သွယ်ပြောနိုင်ပြီဖြစ်ကြောင်း MPT နှင့် Line တို့ပူးတွဲကျင်းပသည့် သတင်းစာရှင်းလင်းပွဲမှသိရသည်။

"Line ၏ ဇာတ်ကောင်လေးများမှာ သုံးစွဲသူတွေကို ပျော်ရွှင်ကြည်နူးမှုပေးနိုင်ပြီး ပြောချင်တဲ့ စိတ်ခံစားမှုတွေကို စကားလုံးတွေအစား ဇာတ်ကောင်ပုံလေးတွေနဲ့ Voice Call၊ Video Call နဲ့ Text တွေနဲ့သုံးခြင်းဖြင့် လွယ်ကူမြန်ဆန်ပြီး ပျော်စရာကောင်းပါတယ်"ဟု Line Myanmar ၏ အထွေထွေမန်နေဂျာ Mr. Darin Hwang ကပြောသည်။ သြဂုတ်လနှင့် စက်တင်ဘာလတို့တွင် Line စတေကာများကို တစ်လလျှင် 50 MB အထိ PC မှအပ ဗားရှင်း 4.0 အထက် တက်စခရင်ဖုန်းများတွင် အသုံးပြုနိုင်မည်ဖြစ်သည်။

၂၀၁၆ မတ်လတွင် မြန်မာနိုင်ငံ လူဦးရေ၏ ၉၀ ရာခိုင်နှုန်း၊ ပထဝီမြေပြင်၏ ၇၀ ရာခိုင်နှုန်းအထိ မိုဘိုင်းနက်ဝက်စတေရှင်လွှမ်းခြုံနိုင်ရန် စတေရှင်များ တည်ဆောက်သွားမည်ဟု MPT-KDDI Summit Global Myanmar Co., Ltd Joint Operations ၏ Marketing Manager Mr.Takashi Shigeno က ပြောသည်။ ၂၀၁၂ ခုနှစ်ကတည်းက Line နှင့် KDDI တို့သည် ဂျပန်နိုင်ငံတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကာ နိုင်ငံပေါင်း ၆၅ နိုင်ငံတွင် အသုံးပြုနေပြီး မြန်မာနိုင်ငံမှာလည်း သုံးစွဲသူများကို ပျော်ရွှင်မှုပေးနိုင်ကြောင်း Mr. Takashi က ပြောသည်။

Line ဟာ ဆွဲဆောင်မှုအရှိဆုံး အပလီကေးရှင်းတစ်ခုဖြစ်မယ်လို့ ယုံကြည်ကြောင်း Market Strategy Manager က ပြောသည်။ Shopping Center များ၊ တက္ကသိုလ်များနှင့် ကျောင်းများတွင်လည်း Line အရောင်းမြှင့်တင်ပွဲများကို ကျင်းပပေးလျက်ရှိသည်။

လတ်တလော ပြည်သူများမှာ Viber၊ Bee Talk၊ WeChat နှင့်တခြား မိုဘိုင်းအပလီကေးရှင်းများကို သုံးစွဲလျက်ရှိသည်။

**(ဖိုးသန့်)**



# အရေးပေါ်သုံးကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ရဟတ်ယာဉ်များဖြင့် ကလေးခရိုင်အတွင်းရှိဒေသများသို့ ပို့ဆောင်ပေးလျက်ရှိ

**မုံရွာ သြဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်သာမြစ်နှင့် နေရဥ္စရာမြစ်ရေ မြင့်တက်လာပြီး ဇူလိုင် ၃၁ရက် ညနေအထိ မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်နှင့် ကျေးရွာ ၂၅ရွာသို့ ရေများ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ကလေးခရိုင်အတွင်း ရေဘေးသင့်ဒေသများသို့ အရေးပေါ် ကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် မော်တော်ဘုတ်များ၊ အသက်ကယ်အင်္ကျီများ၊ စကားပြောစက်များနှင့် အသင့်စားခေါက်ဆွဲခြောက်ထုပ်၊ ငါးသေတ္တာဘူး၊ ရေသန့်ဘူးများ၊ အဝတ်အထည်မျိုးစုံ၊ အခြားအသုံးအဆောင်ပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများကို ရဟတ်ယာဉ်များဖြင့် ယာကြီး-ကလေးဝ လမ်းပေါ်ရှိ ချမ်းအေးရွာအရောက် အမြန်ပို့ဆောင်ပေးလျက်ရှိပြီး တာဝန်ရှိသူများမှကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■

# စာတော်သံပရဟိတကွန်ရက်က မြို့နယ်များနှင့် ကျေးလက်ဒေသများတွင် စာပေဟောပြောပွဲများ အခမဲ့ကျင်းပပေးမည်

**ရန်ကုန် သြဂုတ် ၄**

နိုင်ငံသားများ အသိဉာဏ်ပိုမိုပွင့်လင်းလာပြီး စာပေချစ်စိတ် ပိုမိုတိုးပွားလာစေရန်နှင့် ဒေသခံပြည်သူများ ညီညွတ်မှု တိုးပွားလာကာ ရပ်ရွာအကျိုး၊ နိုင်ငံ့အကျိုးကို အားတက်သရော ပိုမိုဆောင်ရွက်လာနိုင်ရန် ရည်ရွယ်၍ စာတော်သံပရဟိတကွန်ရက်(Proactive Literature Social Network)မှ မြို့နယ်များနှင့် ကျေးလက်ဒေသများတွင် စာပေဟောပြောပွဲများ အခမဲ့ကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ကွန်ရက်က စာကြည့်တိုက်တွေ ရှင်သန်နေဖို့၊ ကျေးလက်ဒေသတွေမှာ စာဖတ်ရှိန်မြှင့်တင်ပေးဖို့ စိတ်ဓာတ်အာဟာရပါ။ စာပေချစ်မြတ်နိုးသူတွေ ပိုမိုတိုးပွားလာပြီး အသိပညာအတတ်ပညာရပ်တွေနဲ့အတူ ရသစာပေဖွံ့ဖြိုးရေးကို အဓိကထားဆောင်ရွက်တဲ့ ကွန်ရက်ပါ။ ဘယ်အဖွဲ့အစည်းလက်အောက်ခံမှ မဟုတ်ပါဘူး။ စာပေချစ်စိတ်နဲ့ စာပေဟောပြောပွဲတွေကို မြို့နယ်တွေနဲ့ ကျေးလက်ဒေသတွေမှာ အခမဲ့ စီစဉ်ကျင်းပပေးတာဖြစ်ပါတယ်" ဟု အဖွဲ့ဝင် ကိုသာဇော်က ပြောသည်။

မြို့နယ်များနှင့် ကျေးလက်ဒေသများတွင် စာပေဟောပြောပွဲများကျင်းပလိုပါက စာတော်သံပရဟိတကွန်ရက်ကို ကြိုတင်ဆက်သွယ်ရမည်ဖြစ်ပြီး စာတော်သံမှ ဟောပြောပေးမည့် ဆရာ ဆရာမများဖိတ်ကြားပေးခြင်းနှင့် အထွေထွေကုန်ကျစရိတ်များကို ကူညီကျခံပေးသွားမည့်အပြင် ဟောပြောပွဲကျင်းပရန်အတွက် လိုအပ်ပါက အခမ်းအနားပြင်ဆင်စရိတ်၊ အသံချဲ့စက်ငှားရမ်းခများကိုပါ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သော်လည်း စာပေဟောပြောပွဲ ပြုလုပ်လိုသည့်ဒေသ၏ ခွင့်ပြုချက်ရရှိပြီး ရပ်ရွာပြည်သူလူထုက ညီညွတ်မှသာ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ရက်ကို ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းက ကဗျာဆရာများ၊ စာရေးဆရာများနှင့် စာပေချစ်မြတ်နိုးသူများဖြင့် ပါဝင်ဖွဲ့စည်းထားပြီး စာတော်သံပရဟိတကွန်ရက်သို့ ဆက်သွယ်လိုသူများ၊ ပရဟိတစိတ်ပါဝင်စားသူများ အနေဖြင့် ကိုသာဇော် ဖုန်း-၀၉ ၂၀၁၁၉၆၈၊ကိုလင်း(အောင်စည်သံ)ဖုန်း-၀၉ ၂၀၁၃၀၂၉၊ ကိုဖိုးသား(မင်းကွန်း) ဖုန်း-၀၉ ၂၀၃၃၄၉၁၊ ကိုမင်းနဒီခ ဖုန်း-၀၉ ၇၉၇၅၁၉၀၉၉၊ ကိုမင်းမင်းဦး ဖုန်း-၆၅ ၉၂၃၃၆၅၂၁ တို့သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(သီသီမင်း)**

# ရေဘေးသင့်ပြည်သူများအားရေစကြိုတပ်နယ်မှ နံနက်စာထမင်းကျွေး၊ ပဲကုလားဟင်းများဝေငှ

**ရေစကြို သြဂုတ် ၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ပေါ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်း ခုနစ်ခုမှ ရေဘေးသင့်ပြည်သူများအား သြဂုတ်၃ရက် နံနက်တွင် ခ. လ. ရ (၂၅၆)(၂၅၇)(၂၅၈)တပ်ရင်းများမှ ပဲကုလားဟင်းများ ဝေငှပေးကြပြီး အမှတ် (၁)ရပ်ကွက် တောထဲလေးမျက်နှာ ဘုရားကယ်ဆယ်ရေးစခန်းမှ ရေဘေး ပြည်သူ ၈၉၁ဦးတို့အား ပဲနီပြားသုပ်၊ ပုစွန်ပွငါးပိကြော်၊ ချည်ရည်ဟင်းဖြင့် ထမင်းများ ကျွေးမွေးလှူဒါန်းရာ ရေစကြိုတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ရဲဝင်းထွန်းနှင့် တပ်ရင်းမှူးများ ကိုယ်တိုင်ကျွေးမွေးလှူဒါန်းခဲ့ကြ သည်။

အဆိုပါနံနက်စာ ကျွေးမွေးလှူဒါန်းရာတွင် ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ရပ်ကွက်လူငယ်များက ထမင်း စားပွဲဝိုင်းများဖြင့် စနစ်တကျ ကူညီဝိုင်းဝန်းဆောင်ရွက်ကျွေးမွေးပေး ကြကြောင်းသိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# မြင်းမူမြို့နယ်တွင် ရေဘေးသင့်အိမ်ထောင်စုများအား စားသောက်ဖွယ်ရာများထောက်ပံ့

**မြင်းမူ သြဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ မူးမြစ်ရေဝင်ရောက်လျက်ရှိသည့် ကျေးရွာများမှ ရေဘေးသင့်အိမ်ထောင်စုများထံသို့ ဇူလိုင် ၃၁ ရက်က စက်လှေများဖြင့် သွားရောက်ပြီး စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်ဘူးများ ထောက်ပံ့ပေးခဲ့သည်။

အဆိုပါ ရေဘေးသင့်ကျေးရွာများဖြစ်သော သပြေသာ၊ ပုံညာ၊ ညောင်မြစ်၊ မေဂျာနှင့် မဝုရကျေးရွာများမှ အိမ်ထောင်စု ၈၂၆ စု အိမ်ထောင်စုဝင်ပေါင်း ၃၅၄၅ ဦးတို့အတွက် စားသောက်ဖွယ်ရာများ ထမင်းထုပ်များ၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်များနှင့် သောက်ရေသန့်ဘူးများကို ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ ထောက်ပံ့ပေးမှုကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီး ဦးသန်းထိုက်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသောင်းမြင့်၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေး အသင်းအဖွဲ့များ စုပေါင်း၍ စက်လှေများဖြင့် သွားရောက်ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မြင်းမူ (ပြန်/ဆက်)**



**မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်လူသစ်
ဘဝသစ်**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ၅/၂၀၁၅

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အမှတ်(၉) အထည်စက်ရုံ(ကျောက်ဆည်)တွင် စက်နှင့်စက်ပစ္စည်း(အဟောင်း)(၇၄)လုံးအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၅-၈-၂၀၁၅ရက်

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ
(က) နေပြည်တော် - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ (စီမံရေးဌာန)၊ ရုံးအမှတ်(၃၇)
(ခ) ရန်ကုန် - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း(ရုံးခွဲ)၊ အမှတ်(၁)သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊

၄။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် - ၂၁-၈-၂၀၁၅ရက်
အချိန်နှင့်နေရာ - ၁၆နာရီ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၅။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။
(က) အထွေထွေမန်နေဂျာ(စီမံရေး)၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ နေပြည်တော်
ဖုန်းနံပါတ်-၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၅၆
(ခ) လုပ်ငန်းရုံးခွဲ(ရန်ကုန်)
ဖုန်းနံပါတ်-၀၁-၅၅၄၁၇၇၊ ၀၁-၅၅၈၃၃၆

## ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)
## ပဥ္စမအကြိမ်ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ဖိတ်ကြားလွှာ

ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)မှ ကြီးမှူး၍ ပဥ္စမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)၏ အသင်းဝင်များ၊ ဆင်ဖြူကျွန်းဒေသသား အသင်းမဝင်ရသေးသူများအားလုံးမပျက်မကွက် ကြွရောက်ကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၉-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)
(၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်)
ကျင်းပမည့်အချိန် - နံနက် (၉:၀၀)နာရီ
ကျင်းပမည့်နေရာ - ကုန်သွယ်လယ်ယာမွှောရုံ၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်။

**မှတ်ချက် - နံနက်စာဖြင့် ကျွေးမွေးဧည့်ခံပါမည်။**

ဆင်ဖြူကျွန်းဒေသဖွား ပင့်သံဃာ(၅)ပါးကို ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်ကြပါမည်။

ဆက်သွယ်မေးမြန်းလိုပါက - ဦးမောင်မောင်ကြီး ၀၉-၇၃၂၃၉၇၆၀၊ ဦးမောင်မောင်လင်း ၀၉-၅၀၀၂၅၀၂၊ ဦးခင်ထွန်း ၀၉-၅၁၇၀၃၂၉၊ ဦးမြင့်ဦး ၀၉-၄၂၀၁၅၆၅၀၅၊ ဒေါက်တာ သက်နိုင်ဦး ၀၉-၇၃၀၅၉၁၀၈တို့ထံ ဆက်သွယ်နိုင်ပါသည်။

**အမှုဆောင်အဖွဲ့၊ ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)**

## ဖိတ်ကြားခြင်း

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံခရိုင်၊ ကုသိနာရုံမြို့၊ ကုသိနာရုံမြန်မာ့ကျောင်းဆရာတော်ကြီး၏ သက်တော်(၈၀)ပြည့် ပတ္တမြားရတုအကြို ဝိဇာတမွေးနေ့ ကျင်းပပြုလုပ်ပွဲအတွက် မြန်မာနိုင်ငံရှိ ဆရာတော်၏ တပည့်များဒါယကာ၊ ဒါယိကာမများတို့၏ လှူဒါန်းမှုအစုစုတို့အတွက် ကုသိနာရုံ ဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရမှ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သွားမည်ဖြစ်ပါ၍ အလှူရှင် တပည့်များ ဒါယကာ၊ ဒါယိကာမများ၊ လှူဒါန်းလိုသော ဒါယကာ၊ ဒါယိကာမများတို့အား လေးစားစွာဖြင့် အသိပေး ဖိတ်ကြားအပ်ပါသည်။

**အခမ်းအနားအစီအစဉ်**

ကျင်းပမည့်ရက် -၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ရက် ၉-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် -မွန်းလွဲ(၂)နာရီတိတိ
ကျင်းပမည့်နေရာ -ရခိုင်ပြည်နယ်မွှောရုံ၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

**ဆက်သွယ်ရန်- ဦးမောင်မောင်မြင့်(၀၉-၅၁၆၄၆၆၄)**
**ဦးသန်းနိုင်-၀၉-၅၀၀၀၆၇၃**
**ဒေါ်သန်းတင်(၀၉-၅၁၇၇၃၀၂)**
**ဦးစောသိန်း(၀၉-၅၀၀၁၃၀၁)**
**ဦးဝင်းမောင်(၀၉-၇၃၀၀၁၄၄၇)**

မိုး
ဒီဇယ်၊မော်တော်ဆိုင်
စက်ပြင်သင်တန်း
(နေ့ထိုင်မှုအခမဲ့)
ဖုန်း- ၅၀၀၈၄၇ ၊ ၅၅၆၉၂၈
၀၉ ၅၀၅၂၁၁၅

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ရေးစဉ်မျိုးစုံအတွက်(၄၅၊၃၃၊၂၄၊၁၈၊၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လစျေးကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ယာဉ်မောင်းအလိုရှိသည်
-နေ၊ စား၊ ငြိမ်း
-နယ်မှလာသူဦးစားပေးမည်
ဖုန်း-၀၉-၇၈၁၀၀၇၆၃၃

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်ကိုကိုသက်မွန်၏ P.P No.M-707136မှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ Ph:09-792286381

NELC
“ Don’t worry, just speak! ”
Nelson English Language Centre
www.nelc-centres.com nelchocentre1@gmail.com
nelcyankin
Myaynigone 01 523680 Sanchaung 01 501947
Yankin 01 8550727~8 BoAungKyaw 01 256516~7




technoland
the electronic expert
ONLINE SHOPPING
https://www.facebook.com/Technoland
Customer Hotline
09-970035101~10

အစိုးရတရားဝင် ကိုရီးယားအလုပ်ဝင် Professional
ကျွမ်းကျင်သင်တန်းကျောင်း Better Tomorrow
EPS-TOPIK
(ကိုရီးယားဘာသာစကားအရည်အချင်းစစ်စာမေးပွဲ)
ပညာအရည်အချင်းမလိုဘဲ သင်လည်းကိုရီးယားမှာ ပိုက်ဆံရှာဖို့ သွားကြစို့
* လစာ (၁၅)သိန်းဝန်းကျင်ရရှိသော အာမခံချက်
* မြန်မာစကား ကျွမ်းကျင်စွာ ပြောနိုင်သော ကိုရီးယားလူမျိုး ဆရာ Kim ကိုယ်တိုင်ရဲ့ သင်ကြားပို့ချချက်များ
* ကိုရီးယားဘာသာစကားကို လုံးဝမတတ်သူများအတွက် အခြေခံမှစ၍ စာမေးပွဲအောင်မြင်သည်အထိတာဝန်ယူသင်ကြားပေးနေပါသည်။
* တန်းခွဲသစ်များ ၁၂-၈-၂၀၁၅ ရက်နောက်ဆုံးထား၍ လက်ခံပေးနေပါသည်။
တွေဝေမနေဘဲ အရင်ဆုံးဖုန်းဆက်ပြီး
တိုင်ပင်ဆွေးနွေးကြည့်ပါ။
လိပ်စာ - အမှတ်(B/30)၊ ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း။
ဖုန်း - ၀၁-၅၁၂၈၀၄၊ ၀၉-၃၀၀၉၃၅၉၂၊ ၀၉-၇၉၅၈၃၂၀၀
ပုဂ္ဂန်တောင်ဖုန်း - ၀၁-၃၉၇၅၀၂၊ ၀၉-၅၁၅၀၅၈၂၊ ၀၁-၂၉၉၁၃၃

ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်
နေရာတိုင်းဆောင်ထား
အရောက်ပို့
တပ်ဆင်
ရှင်းပြ
ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၁၀၀၀၈၉၀
-၀၉-၇၃၁၀၀၀၈၉၀
မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၁၅၄၆၇၀
၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၅၇၀၄၉၃၅၆
ပေါက်တော၀၊ အင်းစိန်
ဖုန်း -၀၁-၆၄၇၇၅၈
-၀၉-၇၃၁၂၆၀၅၇
-၀၉-၃၁၇၃၀၆၅၄
နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၀
-၀၉-၃၀၀၃၆၂၆၀
မန္တလေး
ဖုန်း -၀၉-၄၂၀၀၈၈၄၂၂
-၀၉-၆၅၀၀၄၁၃




Since 2004
M.E.E.G
Masterpiece Engineering and Education Group
Structure, Design, Construction & Training
ဆရာဦးလင်းထိုက် (BE.Civil) နှင့်ဆရာမဒေါ်ယုယုခင် (BE.Civil) တို့ကိုယ်တိုင်ဦးဆောင်သင်ကြားပေးလျက်ရှိသော အင်ဂျင်နီယာလုပ်ငန်းခွင်သုံးအဆင့်မြင့်ကွန်ပျူတာသင်တန်းများ
AutoCAD / 3dsMAX / SketchUp
Revit / Etabs / Safe / Estimate
MicroStation / SolidWorks
No.18, 2nd Floor, U Tun Lin Chan St, Kamayut Ts, Yangon.
meegeng@gmail.com meegengineering.com.mm
PH: 01512476, 0949294085, 0973145196 , 095140116

သစ် ပင် စိုက် ပါ ဒို့ ကမ္ဘာ သာ ယာ လှ ပ စိမ်း မြ မြ

Hot Line No-0930500100

# စေတနာရှင်ပြည်သူများက လှူဒါန်းသော မီးသတ်ယာဉ်ခြောက်စီး လားရှိုးမြို့နယ်သို့ လွှဲပြောင်းပေးအပ်

စာမျက်နှာ - ၃



ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ဆေးရိုးတန်းရပ်ကွက် ရေဝင်ရောက်နေမှုကို ဩဂုတ် ၄ ရက်က တွေ့ရစဉ်။

## ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ဟင်္သာတမြို့တွင် စိုးရိမ်ရေမှတ်ကျော်လွန်နေ

သတင်း - ကိုမိုး၊ ဓာတ်ပုံ - ဇေယျာဝင်း

**ဟင်္သာတ ဩဂုတ် ၄**

ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် စိုးရိမ်ရေမှတ်ကျော်လွန်နေသည့် ဟင်္သာတမြို့တွင် သက်ဆိုင်ရာမှ ဘေးလွတ်ရာကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ရန် သတိပေးထားသော်လည်း အချို့ပြည်သူများမှာ ပြောင်းရွှေ့ခြင်းမရှိဘဲ လက်ရှိအိမ်များတွင် ဆင့်ထိုးကာနေထိုင်လျက်ရှိကြောင်း သိရသည်။

မိုးရွာသွန်းမှုများအပြင် ဧရာဝတီမြစ်ရေနှင့် ငဝန်မြစ်ရေမြင့်တက်မှုကြောင့် ဟင်္သာတမြို့မှာ စိုးရိမ်ရေမှတ်ဖြစ်သည့် ၄၄ ပေအထက်ကို ကျော်လွန်နေခြင်းဖြစ်သည်။

"ဟင်္သာတမြို့ရဲ့စိုးရိမ်ရေမှတ်ကို ကျော်လွန်နေပြီ။ မနေ့က ၄၇ ဒသမ ၇၅ ပေ၊ ဒီနေ့ ၄၇ ဒသမ ၈၀ ပေကိုရောက်နေတယ်။ အရင်နေ့တွေတုန်းက ရေတက်တာမြန်ပေမယ့် ဒီနေ့တော့ အဲဒီလောက်မတက်တော့ဘူး။ စိုးရိမ်ရေမှတ်ကိုကျော်နေလို့ သက်ဆိုင်ရာက ပြောင်းရွှေ့ဖို့သတိပေးပေမယ့် အချို့လူတွေက သူတို့အိမ်ထဲမှာပဲ

**စာမျက်နှာ ၁၃ ကော်လံ ၅ သို့**

### အိန္ဒိယ၊ ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်

စာမျက်နှာ - ၄

### ငြိမ်းချမ်းရေးကိစ္စရပ်များ ခိုင်ခိုင်မာမာနှင့် ရှေ့ဆက်တိုး လုပ်ဆောင်နိုင်မည်ဟု ယုံကြည်

စာမျက်နှာ - ၆

### ဆန်အိတ်ရေ နေ့စဉ် သောင်းချီဝင်ရောက်သော်လည်း ဆန်ဈေးနှုန်းမြင့်တက်

စာမျက်နှာ - ၁၀




## သဖန်းဆိပ်ရေလှောင်တမံ ရေသိုလှောင်မှုပမာဏနှင့် ရေအမှတ်ကျဆင်း

**နေပြည်တော် ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ရာ သဖန်းဆိပ်ရေလှောင်တမံမှာ သတ်မှတ်ရေလှောင်ပမာဏ ကျော်လွန်သဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်ခြင်း၊ ရေကျော်ခြင်းများ ဖြစ်ပေါ်ခဲ့သည့်အပြင် ပတ်ဝန်းကျင်ဒေသများတွင်လည်း ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည်။

အဆိုပါအခြေအနေကို ဇူလိုင် ၂၂ ရက် ကောင်းကင်ဓာတ်ပုံမှတ်တမ်းများအရလည်းကောင်း၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့၏ မှတ်တမ်းများအရလည်းကောင်း နှိုင်းယှဉ်သိရှိရပြီး ယခုအခါ သဖန်းဆိပ်ရေလှောင်တမံမှ ရေသိုလှောင်မှုပမာဏနှင့် ရေအမှတ်ကျဆင်းမှုအခြေအနေကို ဇယားဂရပ်တို့ဖြင့် ဖော်ပြထားရှိသည်။***(ကောင်းကင်ဓာတ်ပုံများကို စာမျက်နှာ ၄ တွင်ဖော်ပြထားပါသည်။)***

(သတင်းစဉ်)

## ဟင်္သာတမြို့တွင် ဇူလိုင် ၃၁ ရက်မှစ၍ စိုးရိမ်ရေအမှတ်ကျော်လွန်ပြီး နေ့စဉ်မြင့်တက်လျက်ရှိ




**သတင်း စာမျက်နှာ ➤ ၈**




themirror.npt@gmail.com
www.facebook.com/themirrordaily